မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၂)
အမှတ် (၁၅၀)

Established in 1914

Myanma Alinn Daily

၁၃၇၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂ ရက်

၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီ ၂၇ ရက်၊ ဗုဒ္ဓဟူးနေ့။

ဒို့တာဝန်အရေး(၃)ပါး

- ❒ ပြည်ထောင်စု မပြိုကွဲရေး။
- ❒ တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး။
- ❒ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နော်ဝေနိုင်ငံ အော်စလိုမြို့သို့ ရောက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၂၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နော်ဝေ၊ ဖင်လန်၊ ဩစတြီးယား၊ ဘယ်လ်ဂျီယံနှင့် အီတလီနိုင်ငံတို့သို့ ချစ်ကြည်ရေးခရီးသွားရောက်ရန်အတွက် ဖေဖော်ဝါရီ ၂၅ ရက်နံနက်ပိုင်းတွင် နေပြည်တော်မှ အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်း အထူးလေယာဉ်ဖြင့် ထွက်ခွာခဲ့ပြီး ရန်ကုန်မြို့မှတစ်ဆင့် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ သုဝဏ္ဏဘူမိ အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ညပိုင်းတွင်ရောက်ရှိသည်။

နိုင်ငံတော်သမ္မတအား ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ သံအမတ်ကြီး Mr.Isorn Pocmontri နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးတင်ဝင်း၊ စစ်သံမှူး ဗိုလ်မှူးကြီးဝင်းမောင်နှင့် သံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ထိုင်းလေကြောင်းခရီးစဉ်ဖြင့် ဆက်လက် ထွက်ခွာခဲ့ရာ ဖေဖော်ဝါရီ ၂၆ ရက် ဒေသစံတော်ချိန် နံနက် ၆ နာရီ ၁၀ မိနစ်တွင် နော်ဝေနိုင်ငံ အော်စလိုမြို့သို့ ရောက်ရှိသည်။

နိုင်ငံတော်သမ္မတအား နော်ဝေနိုင်ငံသံတမန်ဌာနအကြီးအကဲ Ms.Merete Brattested၊ မြန်မာနိုင်ငံဆိုင်ရာ နော်ဝေနိုင်ငံသံအမတ်ကြီး Mr. Katja Nordgaard ၊ နော်ဝေနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သည့် သံအမတ်ကြီး ဦးကျော်မျိုးထွဋ်နှင့် သံရုံးဝန်ထမ်းများကအော်စလိုအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ခေတ္တတည်းခိုမည့် အော်စလိုမြို့ရှိ Hotel Continental သို့ မော်တော်ယာဉ်ဖြင့် ရောက်ရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နော်ဝေနိုင်ငံ သံတမန်ဌာနအကြီးအကဲ **Ms. Merete Brattested** နှင့် အော်စလိုအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်သူအများအနီးကပ်လေ့လာကြည့်ရှုနိုင်ရန် ပြည်သူ့ဥယျာဉ်အတွင်း၌ လေယာဉ်တစ်စင်းထားရှိမည်

➤ အမေး၊အရေး
တင်ဝင်းလေး(ကြည့်မြင်တိုင်)
➤ ဓာတ်ပုံ
အောင်သန်း(မင်္ဂလာတောင်ညွန့်)

ပို့ဆောင်ရေးဝန်ကြီးဌာနမြန်မာ့လေကြောင်းနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ပြည်သူအများနှင့် ကျောင်းသား ကျောင်းသူလူငယ်များအနီးကပ် လေ့လာနိုင်ရန်အတွက် စက်အစိတ်အပိုင်းများ အပါအဝင်ပြီးပြည့်စုံသော ပကတိလေယာဉ်တစ်စင်းကို ရန်ကုန်မြို့ ပြည်သူ့ဥယျာဉ်အတွင်း နက္ခတ်တာရာပြခန်းအနီး၌ ပြသထားမည်ဖြစ်ကြောင်း သိရသည်။

အများပြည်သူတို့ အနီးကပ်လေ့လာနိုင်ရန်ပြသထားသည့် **F-27** ဖော်ကာလေယာဉ်ကို ဤသို့တွေ့ခဲ့ရသည်။

မြန်မာ့အလင်းသတင်းအဖွဲ့သည် လေယာဉ်ကြီးထားရှိရာ ပြည်သူ့ဥယျာဉ်အတွင်းသို့သွားရောက်သတင်းရယူရာတွင် လေယာဉ်ကြီးကို အဝေးမှပင်မြင်နိုင်ပါသည်ဆိုသည့် စကားနှယ် ပျံတော့မည့်ငှက်ကြီးအသွင်သဏ္ဌာန်ကို တွေ့မြင်လိုက်ရသည်။ လေယာဉ်ကြီးအား တာဝန်ရှိသူတို့က အနီးကပ်ကြီးကြပ်၍ ပြင်ဆင်နေကြသည်ကိုတွေ့ရသည်။

လေယာဉ်ကြီးပြင်ဆင်မှုတွင် အနီးကပ်ဆောင်ရွက်ပေးနေသော မြန်မာ့လေကြောင်းမှ လေယာဉ်တပ်ဆင်ရေးတာဝန်ခံ အင်ဂျင်နီယာမှူး ဦးမြင့်မောင်ထံ သိလိုသမျှကိုမေးမြန်းခဲ့ပါသည်။

မေး။ ။ဆရာဦးမြင့်မောင်ခင်ဗျာ။ အခုလိုစီစဉ်ရတဲ့ ရည်ရွယ်ချက်လေးကို သိပါရစေ။

ဖြေ။ ။ဟုတ်ကဲ့၊ ရည်ရွယ်ချက်ကတော့ လေယာဉ်တစ်စင်းကို များသောအားဖြင့် ခရီးသည်လည်းလိုရာခရီးသွားဖို့တက်သွားမယ်၊ လိုက်ပို့တဲ့သူကလည်း အဝေးကပဲ လက်ပြနှုတ်ဆက်ကြမယ်။ ဒါပေမယ့် လေယာဉ်တစ်စင်းအပေါ် အနီးကပ်လေ့လာခွင့်၊ မြင်တွေ့ခွင့်မရရှိခဲ့ကြပါဘူး။ အဲဒါကြောင့် ပို့ဆောင်ရေးဝန်ကြီးဌာနအနေနဲ့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီကို လျှုဒါန်းပြီး အများပြည်သူနဲ့ ကျောင်းသားလူငယ်တွေ အနီးကပ်လေ့လာနိုင်ရန်အတွက် ဖြစ်ပါတယ်။

စာမျက်နှာ ၈ ကော်လံ ၁ ✳

သ တ င်း အ ညွှ န်း

စာကျက်အားကောင်းရန်နှင့် မှတ်ဉာဏ်အားကောင်းရန်ကား ကျန်းမာရေးအာဟာရပြည့်ဝနေဖို့လိုအပ်

ခေါင်းကြီး	စာမျက်နှာ-၂

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့်အနာဂတ်မျှော်မှန်းချက်

ဆောင်းပါး	စာမျက်နှာ-၅

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေကြမ်း

စာမျက်နှာ-၆၊ ၇

အမေရိကန်ဘဏ္ဍာရေးဌာနက မြန်မာနိုင်ငံ၏ ဘဏ်(၄)ခုနှင့် ငွေကြေးလွှဲပြောင်းပေးပို့မှု ဆောင်ရွက်ခွင့်ပြုသည့် အထွေထွေလိုင်စင်တစ်ရပ်ကို ထုတ်ပေးခဲ့

စာမျက်နှာ-၈

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

စာမေးပွဲနှင့် ကျန်းမာရေး

မကြာမီ တက္ကသိုလ်ဝင်တန်းစာမေးပွဲများ ကျင်းပပေတော့မည်။ ကျောင်းသား ကျောင်းသူများစာမေးပွဲဖြေဆိုရန် ပြင်ဆင်နေကြပြီ။ အချို့က ဘာသာရပ်အလိုက် အချိန်ဇယားများရေးဆွဲလျက် ကျက်မှတ်လာခဲ့ကြသည်။ အချို့က ဘာသာရပ်အလိုက် အရေးကြီးသောအခန်းများကို သတ်မှတ်၍ ကျက်မှတ်လာခဲ့ကြသည်။ အချို့ကမူ ဘာသာရပ်အလိုက် အခန်းတိုင်းကိုမှျ၍ ကျက်မှတ်လာခဲ့ကြသည်။

မည်သို့ပင် ကျက်မှတ်လာခဲ့သည်ဖြစ်စေ စာမေးပွဲခန်းထဲရောက်လျှင် အဆိုပါ မိမိကျက်မှတ်ခဲ့သော ကျောင်းစာများ ပြန်လည်အမှတ်ရပြီး ရေးချနိုင်ဖို့ပင်ဖြစ်သည်။

ဆယ်တန်းကျောင်းသား ကျောင်းသူများ၏ အရွယ်သည် တကယ်တော့ တက်သစ်စလူငယ် ဆယ်ကျော်သက်များဖြစ်၍ စာကျက်အားကောင်းလှသည်။ မှတ်ဉာဏ်အားကောင်းလှသည်။ အလားတူ စိတ်အာရုံများတတ်သောအရွယ်ဖြစ်သည်။ သူငယ်ချင်းအပေါင်းအသင်းများနှင့်အလည်အပတ်များခြင်း၊ ပွဲလမ်းသဘင်များကို နှစ်သက်ကြခြင်းသည် သဘာဝပင်ဖြစ်သည်။ သို့သော် ထိုအချိန်တွင် ၎င်းတို့အားလုံးကို လျှော့ခြင်း သို့မဟုတ် စွန့်ပယ်ခြင်းများပြုကာ ကျောင်းစာကိုသာ အာရုံပြုကျက်မှတ်လေ့ရှိကြသည်။ ဆိုရလျှင် ကျောင်းစာမှတစ်ပါး အားလုံးကို မေ့ထားခြင်းပင်ဖြစ်သည်။

တကယ်တော့ ယခုကာလတွင် ကျောင်းစာကျက်မှတ်ခြင်းနှင့်အတူ မမေ့အပ်သောအရာမှာ ကျန်းမာရေးပင်ဖြစ်သည်။ တက်သစ်စလူငယ်များဖြစ်၍ မည်မျှပင် စာကျက်အားကောင်းသည်၊ မှတ်ဉာဏ်အားကောင်းသည်ဆိုကြစေ၊ ကျန်းမာရေးမကောင်းလျှင် ကျက်မှတ်ထားသမျှသည် အလဟဿဖြစ်မည်သာပင်။ စာကျက်အားကောင်းရန်နှင့် မှတ်ဉာဏ်အားကောင်းရန်ကားကျန်းမာရေးအာဟာရပြည့်ဝနေဖို့လိုအပ်ပေသည်။

ကျန်းမာရေးအာဟာရမပြည့်ဝလျှင် ခေါင်းမူး၊ ခေါင်းကိုက်ခြင်းစသော အခြေခံရောဂါမှ အစပြု၍ အားအင်ကုန်ခန်းဖျားနာခြင်းသို့ပင်ဖြစ်ကာ စာမေးပွဲနှင့်လွဲချော်သွားတတ်သည်။

စာမေးပွဲနီးသဖြင့် အချို့မှာ အိပ်ချိန်ကိုလျှော့ကာ ကျောင်းစာများပေါ်၌သာ အဓိကထား အာရုံပြုတတ်ကြသည်။ အချို့က အစားအသောက်များပေါ်ပင်အာရုံမထားတော့ဘဲ ကျောင်းစာမှ ကျောင်းစာသာ ဖြစ်နေတတ်ကြတော့သည်။ ပိုဆိုးသည်မှာ စာမေးပွဲနီးမှ ဟိုလူပြော သည်လူပြောနှင့် ထွက်ပေါ်လာသော ခန့်မှန်းမေးခွန်းများကြောင့် အာရုံများသောဖြစ်ရပ်များနှင့်လည်း ကြုံတွေ့ရခြင်းဖြစ်သည်။

အမှန်ဆိုရလျှင် စာမေးပွဲနီးလာလျှင် မိမိကျက်မှတ်ထားသော ကျောင်းစာများအပေါ်တွင်သာ အလေးထားကာ စိတ်တည်တည်ငြိမ်ငြိမ်ဖြင့် ပြန်လှန်လေ့ကျင့်ခန်းများ ပြုလုပ်နေသင့်သည်။ စာကျက်အားကောင်းရန်၊ မှတ်ဉာဏ်အားကောင်းရန်သာ ဂရုပြုနေသင့်သည်။ ထိုသို့ စာကျက်အား၊ မှတ်ဉာဏ်အား ကောင်းရန်ကား ကျန်းမာရေးအာဟာရ ပြည့်ဝနေဖို့လိုအပ်သည်။ အစားအစာကို အချိန်မှန်စားရန်၊ အချိန်မှန်အိပ်စက်ရန် လိုအပ်မည်ဖြစ်သည်။

အချုပ်ဆိုရသော် ကျောင်းသား ကျောင်းသူများအနေဖြင့် စာမေးပွဲနီးလာလျှင် ကျောင်းစာမှအပ အခြားပွဲလမ်းသဘင်၊ အပျော်အပါးအသွားအလာများကို လျှော့ခြင်း၊ မေ့ဖျောက်ခြင်းပြုထားရန် ဖြစ်သော်လည်း ကျန်းမာရေးအတွက် အစားအသောက် အအိပ်အနေကိုတော့ မေ့လျော့ခြင်း၊ ပစ်ပယ်ခြင်းမပြုဘဲ စာကျက်အားနှင့် မှတ်ဉာဏ်အားကောင်းရန်၊ တစ်နည်းအားဖြင့် ကျက်မှတ်ထားသမျှ ကျောင်းစာများ စာမေးပွဲခန်းထဲတွင် အလွယ်တကူ အမှတ်ရပြီး ရေးသားဖြေဆိုနိုင်ရန် ကျန်းမာရေးကိုတော့ အလေးထား ဂရုပြုသင့်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။

ပြည်တွင်းသတင်း

အမျိုးသားပြတိုက်(ရန်ကုန်)ပြခန်းများ အဆင့်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေး

ရန်ကုန် ဖေဖော်ဝါရီ ၂၆

ပြတိုက်ဆိုသည်မှာ ယဉ်ကျေးမှုအရ၊ သမိုင်းကြောင်းအရ၊ အနုပညာလက်ရာမြောက်မှုအရ တန်ဖိုးရှိသော ဒြပ်ရှိနှင့်ဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်လေ့လာသုတေသနပြု၍ အများပြည်သူအား စိတ်ချမ်းမြေ့စွာ လေ့လာသင်ယူနိုင်စေရန်နှင့် ပညာပေးရန်အတွက် ခင်းကျင်းပြသခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန်ရည်ရွယ်ပြီး ဖွင့်လှစ်ထားရှိသော အဆောက်အအုံကို ဆိုလိုသည်ဟု အပြည်ပြည်ဆိုင်ရာပြတိုက်များကောင်စီက အဓိပ္ပာယ်ဖွင့်ဆိုထားပါကြောင်း၊ ထို့ကြောင့် ယနေ့အချိန်အခါတွင် ပြတိုက်များသည် ပညာပေးရေးသက်သက်သာ မဟုတ်ဘဲ ပြည်သူများစိတ်ရောကိုယ်ပါ အပန်းပြေစေသည့်နေရာတစ်ခုအဖြစ် ဖန်တီးပေးရန်၊ ပညာပေးရေးအစီအစဉ်များကိုလည်း တီထွင်ကြံဆပြီး ဆောင်ရွက်ပေးရမည် ဖြစ်ကြောင်း၊ အမျိုးသားပြတိုက်ကို အဆင့်မြှင့်တင်ပြောင်းလဲခင်းကျင်းမှု ဆောင်ရွက်ရာတွင် နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲမှုဖြစ်စဉ်များနှင့် မိမိတို့ဝန်ကြီးဌာန၏ မူဝါဒ၊ ရည်မှန်းချက်တာဝန်များကို အခြေခံပြီး ဘာသာရပ်ပညာရှင်ဗဟိုပြုစနစ်ကို ရှေးရှုဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြတိုက်ခင်းကျင်းမှု ပြုပြင်ပြောင်းလဲရေးလုပ်ရာတွင် လာရောက်လေ့လာသူများအား အသိပညာပေးနိုင်သည့် ခင်းကျင်းပြသမှုမျိုးဖြစ်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ ပြည်သူများ အခြေပြုသည့် ပြတိုက်မျိုးဖြစ်ရန်လည်း ဦးတည်သည့်အတွက် ပြည်သူများထံမှ အကြံဉာဏ်၊ အပြုသဘောဆောင်သော ထောက်ပြချက်၊ ပြည်သူများ သိနိုင်သည့် ခင်းကျင်းပြသရေးနှင့် ပြည်သူများ အပန်းဖြေနိုင်သည့် လိုအပ်ချက်များကိုပါ ဖြည့်ဆည်းပေးနိုင်သော ဆွေးနွေးအကြံပြုချက်များ ရရန်ရည်ရွယ်ပြီး အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခြင်းဖြစ်ကြောင်းဖြင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူက ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၉ နာရီတွင် အမျိုးသားပြတိုက်(ရန်ကုန်)၌ ကျင်းပသည့် အမျိုးသားပြတိုက်(ရန်ကုန်)ပြခန်းများ အဆင့်မြှင့်တင်ရေး ပြန်လည်ခင်းကျင်းရေး အလုပ်ရုံဆွေးနွေးပွဲတွင် ပြောကြားသွားသည်။

အလုပ်ရုံဆွေးနွေးပွဲ ပထမနေ့တွင် ဦးကျော်ဝင်း (ညွှန်ကြားရေးမှူးချုပ်-ငြိမ်း)က ပိုပြီး ပီပီပြင်ပြင်ပြပေးပါ၊ ဒေါ်နုမြဇံ(ကျွမ်းကျင်သူ)က ပြတိုက်ပစ္စည်းစုဆောင်းရေး မူဝါဒများနှင့် ခင်းကျင်းပြသမှု နည်းစနစ်များ၊ ဦးရဲမြတ်အောင် ညွှန်ကြားရေးမှူး အမျိုးသားပြတိုက်(နေပြည်တော်)က ပြတိုက်များနှင့် ပညာပေးရေးလုပ်ငန်း၊ ဦးကျော်ရှင်နောင် (ဦးစီးအရာရှိ)က ပြတိုက်ပစ္စည်းများ ထိန်းသိမ်းရေး၊ Dr. Naoko Sonoda, Professor, National Museum of Ethnology, Japan က ပြတိုက်ထိန်းသိမ်းစောင့်ရှောက်ခြင်းခေါင်းစဉ်များဖြင့် စာတမ်းများကို ဆွေးနွေးတင်ပြကြပြီး စာတမ်းများအပေါ် သုံးသပ်ဆွေးနွေးခြင်းများ၊ အုပ်စုလိုက်ဆွေးနွေးခြင်းများ ပြုလုပ်ကြသည်။ အလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့ကို ဖေဖော်ဝါရီ ၂၆ ရက်တွင် ဆက်လက်ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါ်စန်းစန်းနွယ်၊ သမိုင်းပညာရှင်များ၊ ကျွမ်းကျင်သူပညာရှင်များ၊ ယဉ်ကျေးမှုဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ညွှန်ကြားရေးမှူးများ၊ စာတမ်းရှင်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။

(သတင်းစဉ်)

မိတ္ထီလာဘူတာရုံအရှေ့ဘက်ပတ်လမ်း ကာလရှည်ကြာပေါက်ပြဲပျက်စီးနေမှု ပြုပြင်ပေးစေချင်

ထင်သာမြင်သာ ပြုပြင်စရာ

မိတ္ထီလာမြို့ ဈေးအရှေ့ပြင်ရပ်ရှိ ဘူတာရုံအရှေ့ဘက် ပတ်လမ်းတစ်လျှောက် ပေါက်ပြဲပျက်စီးနေသည်မှာ နှစ်ချီကြာမြင့်နေပြီဖြစ်သော်လည်း ပြုပြင်မှုမရှိခြင်းကြောင့် နေ့စဉ်ခရီးသွားလာဖြတ်သန်းမှု ပြုကြသည့် စက်ဘီး၊ ဆိုင်ကယ်၊ မြင်းလှည်း၊ မော်တော်ယာဉ်များသည် လမ်းအပေါက်အပြဲများကို ရှောင်ကွင်းမောင်းနှင်နေရသောကြောင့် ယာဉ်အန္တရာယ်စိုးရိမ်ရပြီး ခရီးသွားရာတွင် အဆင်မပြေမှုနှင့် ကြုံတွေ့နေရကြောင်း သိရသည်။

ဘူတာရုံပတ်လမ်းနှင့် မလှမ်းမကမ်းတွင်ရှိသော ရတနာမာရ်အောင်လမ်းမကြီးကို ပြုပြင်ပြီးစီးပြီးဖြစ်သော်လည်း အဆိုပါပတ်လမ်းကို ယနေ့တိုင် ပြုပြင်ခြင်းမရှိသေးကြောင်း။ ယင်းလမ်းသည် မိတ္ထီလာဈေးကြီးကို ညောင်ကိုင်း၊ ဥယျာဉ်၊ တောမ၊ ထမုန်ကန်၊ အုတ်ကျင်း၊ ညောင်မြင့်၊ ခင်လူး၊ မောက်လောက် စသော ကျေးရွာဒေသများမှ ဒေသခံများက စက်ဘီး၊ ဆိုင်ကယ်၊ မော်တော်ယာဉ်များနှင့် ဒေသထွက် ဟင်းသီးဟင်းရွက်များ၊ သစ်သီးဝလံများ သယ်ဆောင်ရောင်းချမှုကို နေ့စဉ်ပြုလုပ်နေကြကြောင်း။ ရထားစီးရန် ဘူတာရုံသို့လာသူများနှင့် ရတနာမာရ်၊ မြို့မဈေးအရှေ့ပြင်နယ်မြေတွင် နေထိုင်ကြသည့် ဒေသခံများကလည်း ဤလမ်းကို မဖြစ်မနေ ဖြတ်သန်းသွားလာ အသုံးပြုနေရကြောင်း ဈေးအရှေ့ပြင်ရပ်ကွက်၌ နေထိုင်သူတစ်ဦးက ပြောသည်။

မှတ်ချက်ပြု

အဆိုပါဘူတာရုံပတ်လမ်း အရှေ့ဘက် မီးရထားသံလမ်းအနီးတွင် ရန်ကုန်၊ မန္တလေး၊ မြင်းခြံ စသည့် ဒေသများမှ ကုန်တင်မော်တော်ယာဉ်များ ဝင်ရောက်မောင်းနှင် ကုန်တင်ကုန်ချပြုလုပ်မှုများနှင့် နေ့စဉ် ယင်းလမ်းမှ မိတ္ထီလာဈေးကြီးသွားရာ ဈေးပတ်လမ်းအလုပ်သမားဥပဒေရုံးရှေ့လမ်းအနီးတစ်ဝိုက်တွင် ကုန်တင်ကုန်ချပြုလုပ်သည့် ကုန်တင်ယာဉ်များ၏ ဝင်ရောက်မောင်းနှင်မှုများသည် အဆိုပါ လမ်းပျက်စီးမှု၏ အဓိကအကြောင်းရင်းဖြစ်ကြောင်း ဒေသခံအများစုက မှတ်ချက်ပြုသည်။

ယခုအခါ အနီးအနားတွင် နေထိုင်သူတချို့က လမ်းအပေါက်အပြဲများကို မိမိနိုင်သလောက် တစ်ပိုင်တစ်နိုင် မြေသားဖို့ခြင်း ထိုဘူတာရုံအရှေ့ဘက်ပတ်လမ်းပျက်စီးနေမှုကို ပြုပြင်ဆောင်ရွက်ခဲ့ကြသည်။ သို့တိုင်အောင်ဒေသခံအများစု၏ ဆန္ဒအမှန်မှာ သက်ဆိုင်ရာ တာဝန်ရှိသူများက ဘူတာရုံ အရှေ့ဘက်ပတ်လမ်းကို ပြုပြင်ထိန်းသိမ်းမှု ပြုစေချင်သည်မှာ ဧကန်ဖြစ်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။ **(ထီလာသား)**

အလိမ္မာ စာမှာရှိ

၂၀၁၃ခုနှစ်နှင့် ၂၀၁၄ခုနှစ်အတွင်း
ရွှေဈေး၊ ငွေဈေး၊ ရွာသွန်းပြီးကောက်ပွင့် လာဘ်ပွင့် စုတ်ခန်းပွင့်မည်
အခါကောင်းနေ့ရက်များနှင့် ယတြာအစီအရင်များ
(နွေ့သားအလိုက်)
၁၀၀၀/-ကျပ်

Nice Fare Travel
(Tokyo, Yokohama, Kyoto, Nagoya, Osaka) Hotel
(HongKong, Macau, Shenzhen) Hotel ****
(Jeju, Busan, Gyeongju, Seoul) Hotel ****
Nice Fare Travel Co.,Ltd.

ပြည်တွင်းသတင်း

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ သုဝဏ္ဏဘူမိ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိရာ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ သံအမတ်ကြီးနှင့်တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးနှင့် သံရုံးဝန်ထမ်းများက ကြိုဆိုကြစဉ်။ (သတင်း-ရှေ့) (သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် ဂျပန်သံအမတ်ကြီးဟောင်းအားလက်ခံတွေ့ဆုံ

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေရေးဆွဲပြဋ္ဌာန်းခဲ့မှုနှင့် မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်ပြောင်းလဲမှုအခြေအနေများ အမြင်ချင်းဖလှယ်

နေပြည်တော် ဖေဖော်ဝါရီ ၂၆

ပြည်ထောင်စု လွှတ်တော်နာယက အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီးဟောင်း Mr. Takashi TAJIMA အား ယနေ့ ညနေ ၄ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်ကြီး၌ လက်ခံတွေ့ဆုံသည်။

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီးဟောင်း Mr. Takashi TAJIMA အား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ထိုသို့ တွေ့ဆုံရာတွင် မြန်မာ-ဂျပန် နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှု တိုးတက်ခိုင်မာဖြစ်ထွန်းရေး၊ နှစ်နိုင်ငံပြည်သူများအကြား နားလည်စာနာထောက်ကူမှုများမှတစ်ဆင့် ကဏ္ဍစုံ အကျိုးတူပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်နိုင်ရေး၊ မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဂျပန်နိုင်ငံမှ နည်းပညာနှင့်အကူအညီများ ထိရောက်စွာ ပံ့ပိုးကူညီနိုင်ရေးတို့အပြင် မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေးကဏ္ဍများတွင် ပြုပြင်ပြောင်းလဲဆောင်ရွက်နေမှုများ၊ မြန်မာနိုင်ငံတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေရေးဆွဲပြဋ္ဌာန်းခဲ့မှုနှင့် လက်ရှိမြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်ပြောင်းလဲမှု အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ကြပြီး ဂျပန်နိုင်ငံမှ မြန်မာနိုင်ငံ၏ ကြွေးမြီများကို ဖျက်သိမ်းပေးသည့်အတွက် ဂျပန်နိုင်ငံအစိုးရနှင့် ပြည်သူများအား ကျေးဇူးတင်ရှိပါကြောင်းကိုလည်း လွှတ်တော်နာယကက ထည့်သွင်းပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော်နာယကနှင့်အတူ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ လွှတ်တော်ကော်မတီဥက္ကဋ္ဌများ ဖြစ်ကြသည့် ဒေါက်တာခင်ရွှေနှင့် ဦးဝင်းမောင်၊ လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ကချင်ပြည်နယ်ကျေးလက်ဖွံ့ဖြိုးရေး လုပ်ငန်းများဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၂၆

ကချင်ပြည်နယ်အတွင်း ကျေးလက် လမ်း၊ တံတား၊ ရေပေးရေးနှင့် ကျေးလက်စံပြအိမ်ရာ တည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် KZEN ကုမ္ပဏီနှင့် တော်ဝင်စိုးညွန့် ကုမ္ပဏီတို့က ဆောင်ရွက်လျက်ရှိသည်။

ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးလွင်အဖွဲ့ခေါင်းဆောင်အဖြစ် ပါဝင်သော ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ စစ်ဆေးရေးအဖွဲ့သည် ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းဗိုလ်လိုက်ပါလျက် ဖေဖော်ဝါရီ ၂၀ ရက်မှ ၂၃ ရက်နေ့အထိ ပစ္စည်းစုဆောင်းထားရှိမှုနှင့် ယာဉ်ယန္တရားများစုဖွဲ့ထားရှိမှု၊ ကျောက်ထုတ်လုပ်နေမှု၊ သစ်များ စုဆောင်းထားရှိမှုနှင့် လုပ်ငန်းဆောင်ရွက်မှုများကို စစ်ဆေးကာ လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ခွင့်ပြုဘဏ္ဍာရေးနှစ်အတွင်း အချိန်မီပြီးစီးရေး တွန်းအားပေး မှာကြားခဲ့သည်။ **မောင်မောင်သန်း(ကော့မှူး)**

ဘာသာရပ်ဆိုင်ရာ ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်က ကြီးမှူး၍ ဘာသာရပ်ဆိုင်ရာပညာရှင်များဟောပြောပွဲကို မတ် ၂ ရက် (စနေနေ့)မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Tower ပထမထပ်ခန်းမကြီး၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ဟောပြောပွဲတွင် အလွှာပေါင်းစုံမှ ကျွမ်းကျင်ပညာရှင်များက ဦးဆောင်၍ Peace Building and Myanmar Transition ခေါင်းစဉ်ဖြင့် ဖိုရမ်ပုံစံ ဆွေးနွေးကြမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သိရှိရသည်။ **(အောင်သူရ)**

မိုးလေဝသအခြေအနေ

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့် သာယာမည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့် သာယာမည်။

နိုင်ငံတကာသတင်း

ကုလသမဂ္ဂငြိမ်းချမ်းရေးတပ်ဖွဲ့ဝင်တွင် ဗီယက်နမ်တပ်ဖွဲ့ ပါဝင်လာမည်

ဟနွိုင်း ဖေဖော်ဝါရီ ၂၆

ဗီယက်နမ်စစ်သည်များသည် ၂၀၁၄ ခုနှစ် နှစ်ဆန်းပိုင်းတွင် ကုလသမဂ္ဂငြိမ်းချမ်းရေးတပ်ဖွဲ့တွင် ပါဝင်နိုင်လိမ့်မည်ဖြစ်ကြောင်း အစိုးရတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်ကို နိုင်ငံပိုင်မီဒီယာက ကိုးကားရေးသားသည်။

ဗီယက်နမ်ဒုတိယကာကွယ်ရေးဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ငုယင်ချီဗင့်က ဗီယက်နမ်နိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသော ကုလသမဂ္ဂငြိမ်းချမ်းရေးတပ်ဖွဲ့ ဒုတိယအတွင်းရေးမှူးချုပ်နှင့်တွေ့ဆုံပြီး အထက်ပါအတိုင်း ကြေညာချက်ထုတ်ပြန်ခဲ့သည်။

ကုလသမဂ္ဂငြိမ်းချမ်းရေးတပ်ဖွဲ့ ဒုတိယအတွင်းရေးမှူးချုပ် အက်မန်မူလက်သည် ဗီယက်နမ်နိုင်ငံသို့ ဖေဖော်ဝါရီ ၂၅ရက်မှ ၂၈ ရက်အထိ အလည်အပတ်ရောက်ရှိနေသည်။ **(ဆင်ဟွာ)**

နီပေါမိန်းကလေးတစ်ဦး ဧဝရက်တောင်တက်ခြင်းဖြင့် ဂင်းနက်စ် မှတ်တမ်းဝင်

ခတ္တမန္ဒူ ဖေဖော်ဝါရီ ၂၆

နီပေါမိန်းကလေးတစ်ဦးသည် ဧဝရက်တောင်သို့ တစ်ရာသီတည်းတွင် နှစ်ကြိမ်တက်ရောက်ခဲ့ခြင်းဖြင့် ကမ္ဘာ့မှတ်တမ်းစာအုပ်ဂင်းနက်စ်အဖွဲ့ကြီးက ဖေဖော်ဝါရီ ၂၅ ရက်က အသိအမှတ်ပြုခဲ့သည်။

အသက် ၂၉ နှစ်အရွယ်ရှိ နီပေါတောင်တက်မယ် ချူရင်ရှာပါထံသို့ နီပေါယဉ်ကျေးမှုနှင့် ခရီးသွားဝန်ကြီး ပိုစတာဘဟာဒူးဘိုဂါတီက ဂင်းနက်စ်အသိအမှတ်ပြုလက်မှတ်ကို လွှဲပြောင်းပေးအပ်ခဲ့သည်။ **(ဓာတ်ပုံ)**

မစ္စရှာပါသည် အဆိုပါဆုကို ဆွတ်ခူးနိုင်သည့် ပထမဆုံးအမျိုးသမီးဖြစ်လာသည်။ သူမသည် အမြင့် ၈၈၄၈ မီတာရှိ ဧဝရက်တောင်သို့ ၂၀၁၂ ခုနှစ် မေ ၁၂ ရက်နှင့် မေ ၁၉ ရက်တို့တွင် နှစ်ကြိမ်တိုင်တက်ရောက်ခဲ့သည်။

အဆိုပါတောင်သို့ လူပေါင်း ၄၀၀၀ နီးပါး တက်ရောက်ရာတွင် မိန်းကလေးအရေအတွက်သည် အလွန်နည်းပါးကြောင်း နီပေါတောင်တက်အသင်းဥက္ကဋ္ဌ ဇင်ဘာဇမ်က ပြောကြားသည်။ ဧဝရက်တောင်တက်ရောက်ရာတွင် ဧပြီလကုန်မှ မေလကုန်အထိအတွင်း အကောင်းဆုံးဖြစ်သည်။ **(ဆင်ဟွာ)**

အီဂျစ်နိုင်ငံတွင် အုတ်စက်ရုံပြိုကျ

ကိုင်ရို ဖေဖော်ဝါရီ ၂၆

အီဂျစ်နိုင်ငံ မြို့တော်ကိုင်ရိုတောင်ပိုင်းတွင် အုတ်ထုတ်လုပ်ရေးစက်ရုံတစ်ရုံပြိုကျမှုကြောင့် ငါးဦးသေဆုံးပြီး ခြောက်ဦးဒဏ်ရာရရှိခဲ့ကြောင်း ဖေဖော်ဝါရီ ၂၆ ရက်က ဆင်ဟွာသတင်းတွင် ဖော်ပြပါရှိသည်။

ဖြစ်ပွားခဲ့

အဆိုပါ စက်ရုံပြိုကျမှုသည် မြို့တော်ကိုင်ရိုတောင်ပိုင်း မင်နူဖီယားမြို့ အမ်ရတ်စ်ကျေးရွာ၌ ဖေဖော်ဝါရီ ၂၅ ရက်က ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း အစိုးရပိုင် မီနာသတင်းဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

ဖြစ်ပွားရာနေရာသို့ မြို့ပြ ကာကွယ်ရေးတပ်ဖွဲ့ဝင်များ အလျင်အမြန်သွားရောက်ပြီး ကယ်ဆယ်ရေးအဖွဲ့များက အသက်ရှင်ကျန်ရစ်သူများအတွက် ရှာဖွေရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်ဟုဆိုသည်။ ထိုအတောအတွင်း ဒဏ်ရာရသူခြောက်ဦးကို ရှိုဟာဒါဆေးရုံသို့ ပြောင်းရွှေ့ပို့ဆောင်ပေးခဲ့ကြောင်း တာဝန်ရှိသူများ၏ ပြောကြားချက်အရ သိရသည်။ **(ဆင်ဟွာ)**

ဆီးရီးယားသို့ ဆော်ဒီလက်နက်များပေးပို့

ရီယတ် ဖေဖော်ဝါရီ ၂၆

ဆော်ဒီအာရေဗျနိုင်ငံက ဆီးရီးယားရှိ အတိုက်အခံတပ်ဖွဲ့ဝင်များထံသို့ ခရိုအေးရှားနိုင်ငံမှ လက်နက်များကို ဂျော်ဒန်နယ်စပ်မှတစ်ဆင့် သင်္ဘောဖြင့် ပေးပို့ခဲ့ကြောင်း ဖေဖော်ဝါရီ ၂၆ ရက်က ပရက်စ်တီဗွီသတင်းတွင် ဖော်ပြသည်။

ပေးပို့နိုင်

လွန်ခဲ့သော ဒီဇင်ဘာလအတွင်းမှစတင်ကာ ဆော်ဒီအာရေဗျနိုင်ငံက ဆီးရီးယားရှိ အတိုက်အခံတပ်များကို လက်နက်များပေးပို့ခဲ့သည်။ ယခုအခါ ရိုင်ဖယ်နှင့် စက်သေနတ် ထောင်နှင့်ချီ၍ ဆီးရီးယားနိုင်ငံသို့ ပေးပို့နိုင်ခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။ **(ပရက်စ်တီဗွီ)**


ရုရှားသမ္မတ ဗလာဒီမာပူတင်

ရုရှား၌ ဆေးလိပ်သောက်ခြင်းတားမြစ်သည့် ဥပဒေသစ် သမ္မတဗလာဒီမာပူတင် လက်မှတ်ရေးထိုး

မော်စကို ဖေဖော်ဝါရီ ၂၆

ရုရှားသမ္မတဗလာဒီမာပူတင်သည် သတိပေးဥပဒေသစ်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ပြီးနောက် နိုင်ငံအတွင်းအများပြည်သူနှင့်ဆိုင်သောနေရာများတွင် ဆေးလိပ်သောက်ခြင်းကို တားမြစ်တော့မည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၂၆ ရက်က ဘီဘီစီသတင်းတွင် ဖော်ပြသည်။

အဆိုပါ ဥပဒေသစ်အရ စားသောက်ဆိုင်များ၊ ခရီးဝေးရထားများပေါ်နှင့် နေအိမ်အခန်းများအတွင်း ဆေးလိပ်သောက်ခြင်းသည် ဥပဒေနှင့် ဆန့်ကျင်မည်ဖြစ်သည်။

ရုရှားအစိုးရသည် ပြည်သူများ၏ကျန်းမာရေးကို မြှင့်တင်ရန် ကြိုးပမ်းမှု၏ အခြေခံအုတ်မြစ်တစ်ခုအနေဖြင့် ဆေးလိပ်သောက်ခြင်းကို လျှော့ချပေးခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။ ရုရှားနိုင်ငံသည် ကမ္ဘာပေါ်တွင် ဆေးလိပ်သောက်မှု အမြင့်ဆုံးနိုင်ငံများအနက် တစ်ခုအပါအဝင်ဖြစ်ပြီး ရုရှားနိုင်ငံသား ၁၀ ဦးတွင် လေဦးကျော်သည် ဆေးလိပ်သောက်သူများဖြစ်သည်ဟု ဆိုသည်။

ယင်းသတိပေး ဥပဒေသစ်ကို ဖေဖော်ဝါရီအစောပိုင်းတွင် ပါလီမန်က အတည်ပြုပေးခဲ့သည်။ ဆေးလိပ်ငွေ့ရှူရှိုက်ခြင်းနှင့် ဆေးရွက်ကြီးအသုံးပြုမှု၏ အကျိုးဆက်များမှ နိုင်ငံသားများ၏ ကျန်းမာရေးကာကွယ်မှုအပေါ် ယင်းဥပဒေသည် ဇွန်လ ၁ ရက်မှစတင်ပြီး အာဏာတည်စေမည်ဖြစ်သည်။

ဘူတာရုံများ၊ လေဆိပ်များ၊ မြေအောက်ဘူတာရုံများနှင့် သင်္ဘောဆိပ်ကမ်းများ၏ဝင်ပေါက်မှ ၁၅ မီတာအတွင်း ဆေးလိပ်သောက်ခြင်းကို တားမြစ်သွားမည်ဖြစ်ပြီး အလုပ်ရုံများ၊ တိုက်ခန်းဝင်ပေါက်များ၊ ကလေးကစားကွင်းများနှင့် အပန်းဖြေကမ်းခြေများတွင်လည်း တားမြစ်မည်ဖြစ်သည်။

နောက်တစ်နှစ်ကြာပြီးနောက် ခရီးဝေးရထားများနှင့် သင်္ဘောများ၊ ဟိုတယ်များ၊ ဈေးများနှင့်ရထားစကြံလမ်းများတွင် တားမြစ်သွားမည်ဖြစ်သည်။ **(ဘီဘီစီ)**

ကြံ့ချိုများမှောင်ခိုကူးသူဟုယူဆရသူ ဗီယက်နမ်နိုင်ငံသား မာပူတိုလေဆိပ်တွင် မိုဇမ်ဘစ်ရဲတပ်ဖွဲ့ဖမ်းမိ

မာပူတို ဖေဖော်ဝါရီ ၂၆

မိုဇမ်ဘစ်ရဲတပ်ဖွဲ့သည် အလေးချိန် ၁၇ ကီလိုဂရမ်ရှိ ကြံ့ချိုခြောက်ခုကို တရားမဝင်လက်ဝယ်ထားရှိမှုဖြင့် ဗီယက်နမ်နိုင်ငံသားတစ်ဦးကို မာပူတိုအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဖမ်းဆီးခဲ့ကြောင်း မိုဇမ်ဘစ်သတင်းဌာန(အေအိုင်အမ်) ထုတ်ပြန်ချက်အရ သိရသည်။ (အောက်ပုံ)

ဟိုချီအန်းအမည်ရှိ အဆိုပါ ဗီယက်နမ်နိုင်ငံသားကို နိုင်ငံတကာ လေကြောင်းခရီးစဉ်တစ်ခုပေါ်သို့ တက်ရောက်ချိန်တွင် ဖမ်းဆီးခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

ဖမ်းဆီးခဲ့

အကောက်ခွန်နှင့် စိုက်ပျိုးမွေးမြူရေးဝန်ကြီးဌာနအောက်ရှိ တိရစ္ဆာန်ကုသရေးဌာန၏ ဦးဆောင်မှုဖြင့် ရဲတပ်ဖွဲ့နှင့်ပူးပေါင်းပြီး ယင်းမှောင်ခိုကူးမှုကို ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

ဗီယက်နမ်နိုင်ငံသား ဟိုသည် အဆိုပါကြံ့ချိုများကို အဝတ်အစားများပါရှိသည့် လက်ဆွဲသေတ္တာတစ်ခုအတွင်း ထည့်ထားခြင်းဖြစ်ကြောင်း၊ အာဖရိကတောင်ပိုင်းနိုင်ငံဖြစ်သည့် မိုဇမ်ဘစ်တောင်ပိုင်းရှိ မျိုးသုဉ်းပျောက်ကွယ်ဖွယ်ရှိသည့် မှောင်ခိုအမဲလိုက်ခံရသော ကြံ့သတ္တဝါများမှ ရရှိခြင်းဖြစ်နိုင်ကြောင်း အေအိုင်အမ်၏ ထုတ်ပြန်ချက်အရ သိရသည်။

အမြတ်ရရှိမည်

၎င်းအနေဖြင့် ယင်းကြံ့ချိုများကို ဗီယက်နမ်နိုင်ငံသို့ ပြန်လည်ပို့ဆောင်နိုင်ခဲ့လျှင် တစ်ကီလိုလျှင် အမေရိကန်ဒေါ်လာ ၆၅၀၀၀ ကျော်ဖြင့် ရောင်းချပြီး ၁၇ ကီလိုဂရမ်အတွက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁ သန်းခန့် အသားတင်အမြတ်ရရှိလိမ့်မည်ဖြစ်သည်။

ပြီးခဲ့သည့်နှစ်ကလည်း မိုဇမ်ဘစ်ရဲတပ်ဖွဲ့သည် နိုင်ငံအတွင်းမှ ကြံ့ချိုများမှောင်ခိုထုတ်ရန် ကြိုးစားသည့် ဗီယက်နမ်နိုင်ငံသားသုံးဦးကို ပမ်ဘားမြို့မြောက်ပိုင်း လေဆိပ်တစ်ခု၌ ဖမ်းဆီးခဲ့သည်ဟု ဆိုသည်။ **(ဆင်ဟွာ)**

တင်မောင်လွင်-စုစည်းသည်

ဆောင်းပါး

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် အနာဂတ်မျှော်မှန်းချက်

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကို နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး မဏ္ဍိုင်(၃)ရပ် ဟန်ချက်ညီအောင် ဆောင်ရွက်မှုဖြင့် ရေရှည်တည်တံ့ခိုင်မြဲအောင် တည်ဆောက်လျက်ရှိကြသည်။ ကမ္ဘာ့နိုင်ငံအများစုတွင် နိုင်ငံရေးကို တည်ငြိမ်အောင် ဦးစွာဆောင်ရွက်ပြီးမှ စီးပွားရေးနှင့် လူမှုရေးကို တစ်ဆင့်ပြီးတစ်ဆင့် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လေ့ရှိကြသည်ကို လွန်ခဲ့သောဆယ်စုနှစ်များအတွင်း ကမ္ဘာ့နိုင်ငံအချို့၏ ဖြစ်စဉ်များကို လေ့လာလျှင် တွေ့ရှိရမည်ဖြစ်သည်။

ယနေ့ မြန်မာနိုင်ငံ၏ထူးခြားချက်မှာ နိုင်ငံရေးအရ စီးပွားရေးပိတ်ဆို့မှုခံခဲ့ရသည့်အတွက် စီးပွားရေးနှင့် လူမှုရေးမှာ ရှေ့သို့ မတက်နိုင်ဘဲဖြစ်ခဲ့ရာမှ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ခဲ့သည့်အတွက် အသွင်ကူးပြောင်းရေးကာလတစ်ခုမှာ အရှိန်အဟုန်ပြင်းစွာဖြင့် ရှေ့သို့ဦးတည် ပြောင်းလဲလျက်ရှိသည်။ ယင်းသို့ ပြုပြင်ပြောင်းလဲမှုများကို ပြည်တွင်းပြည်ပမှ ဆက်သွယ်လုပ်ဆောင်မှု၊ မီဒီယာမျိုးစုံတွင် ဖော်ပြမှုများမှတစ်ဆင့် ငြင်းဖွယ်မရှိအောင် သိသာထင်ရှားစွာ တွေ့မြင်ရမည်ဖြစ်သည်။

နိုင်ငံတကာအစိုးရများနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများက မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုများအပေါ် အသိအမှတ်ပြုမှုနှင့်အတူ စီးပွားရေးဆိုင်ရာ ဆက်သွယ်လုပ်ကိုင်နိုင်မည့် လမ်းစပေါ်ပေါက်နိုင်ရန် စီးပွားရေးပိတ်ဆို့မှုများကို တဖြည်းဖြည်းချင်း လျှော့ချဖော်ဆောင်ပေးခဲ့ကြသည်။ ယင်းအခြေအနေထိရောက်ရှိအောင် နိုင်ငံတော်နှင့်အတူ ပြည်တွင်းပြည်ပရှိ မိမိတို့နိုင်ငံသား စီးပွားရေး၊ လူမှုရေးစသည့် အဖွဲ့အစည်းများအပြင် ပုဂ္ဂလိက တစ်ဦးချင်းအနေနှင့် ပူးပေါင်း၍ဖြစ်စေ၊ သီးခြားဖြစ်စေ ပူးပေါင်းဆောင်ရွက်မှုများရှိခဲ့ကြသည်။ ထိုအချက်ကို သတိပြုမိသည်ဖြစ်စေ၊ မပြုမိသည်ဖြစ်စေ လက်ခံကြရပါမည်။ ထိုသို့ဆောင်ရွက်ရာတွင် ပြည်သူ့အကျိုးမျှော်မှန်း၍ ရေရှည်အကျိုးစီးပွား မျှော်မှန်းဆောင်ရွက်ခြင်းများရှိသကဲ့သို့ ရေတိုအကျိုးစီးပွားဖြစ်သည့် လက်ငင်းအကျိုးအမြတ်ရရှိနိုင်မည့် Quick Win စီမံချက်များကိုလည်း ဖော်ဆောင်ရန် လိုအပ်လာပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လူ့စွမ်းအားအရင်းအမြစ်၊ နည်းပညာ၊ အတတ်ပညာဆိုင်ရာကျွမ်းကျင်မှုများ လိုအပ်သည်ဖြစ်ရာ အဆိုပါလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်မည့် ရင်းနှီးမြှုပ်နှံရန်ငွေကြေးများ လုံလောက်မှုမရှိသဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကိုဆွဲဆောင်ရန် လိုအပ်လာခဲ့သည်။ ထိုသို့ဆွဲဆောင်ရာတွင် (၁) ဥပဒေပိုင်းဆိုင်ရာ မူဘောင်ချမှတ်ခြင်း (Legal Framework)နှင့် ဥပဒေစိုးမိုးရေး(Rule of Law)၊ (၂) အခြေခံအဆောက်အအုံ အားကောင်းခြင်း၊ (၃) ခံစားခွင့်များပေးခြင်း (Incentives)၊ (၄) နိုင်ငံရေးအရ ငြိမ်သက်မှုရှိခြင်း (Political stability)၊ (၅) အိမ်နီးချင်းနိုင်ငံများနှင့် ယှဉ်ပြိုင်နိုင်စွမ်းအားပြည့်မီခြင်း (Compitativeness with neighbour)၊ (၆) လူမှုပတ်ဝန်းကျင်အပေါ် တာဝန်ယူမှုရှိခြင်းစသည့်အချက်များကို အားဖြည့် ဆောင်ရွက်ကြရပါမည်။

ယခုမြန်မာနိုင်ငံ၏ နိုင်ငံရေးအသွင်ကူးပြောင်းစကာလတွင် ပြည်ပနိုင်ငံအသီးသီးမှ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် ဆန္ဒရှိကြသည်ဆိုသော်လည်း အမှန်တကယ်မြေပြင်၌ လက်တွေ့အနေအထားအရ မျှော်မှန်းသလောက် ခရီးပေါက်ရောက်ခြင်းမရှိသေးသည်ကို အောက်ဖော်ပြပါ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ခွင့်ပြုမိန့်ပေးခဲ့သည့် လုပ်ငန်းအရေအတွက် ကိန်းဂဏန်းကို လေ့လာကြည့်လျှင် သိသာထင်ရှားစွာ တွေ့မြင်ရမည်ဖြစ်သည်။

ဆုသပြေ

ဖော်ပြပါဇယားအရ ရင်းနှီးမြှုပ်နှံရန် ခွင့်ပြုသည့်လုပ်ငန်းနှင့် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နေသော လုပ်ငန်းတို့၏ ကိန်းဂဏန်းကွာဟမှုကိုကြည့်ခြင်းဖြင့် သတိမူသင့်ပါသည်။ မိမိတို့နိုင်ငံတော်ဘက်မှ ခွင့်ပြုထားသည့်တိုင် အချို့ခွင့်ပြုမိန့်ရရှိပြီး လုပ်ငန်းရှင်တိုင်း ဝင်ရောက်လုပ်ကိုင်မှုနှောင့်နှေးနေသည်မှာ စဉ်းစားဖွယ်ရာဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံသူဘက်မှ ပျက်ကွက်ခြင်း၊ ချို့ယွင်းခြင်း လိုအပ်ချက်များ ရှိနိုင်သလို မိမိနိုင်ငံဘက်မှလည်း လိုအပ်ချက်များရှိနိုင်ပါသည်။ မြန်မာနိုင်ငံ၏ ပြည်ပရင်းနှီးမြှုပ်နှံမှုများကြောင့် အလုပ်အကိုင်ဖန်တီးနိုင်သည့် အခွင့်အလမ်းမှာ "အသံသာကြား၍ အဆန်မပါသည့် သကြိန်အမြောက်" ပမာဖြစ်နေကြောင်း တွေ့မြင်ရမည်ဖြစ်သည်။

ရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်နိုင်သည့် Legal Framework သည် ပြည်သူများ၏ အကျိုးစီးပွားအပေါ် အခြေခံသော၊ နိုင်ငံသားလုပ်ငန်းရှင်နှင့် နိုင်ငံခြားသားလုပ်ငန်းရှင်များ၏ အကျိုးစီးပွားအပေါ် အခြေမခံသော ဥပဒေတစ်ရပ်ဖြစ်သင့်သည်။ ပြည်သူ့လွှတ်တော် ဥပဒေရေးရာကော်မတီတွင် ကနဦး FDI ဥပဒေမူကြမ်း ဆွေးနွေးချိန်၌ မြန်မာနိုင်ငံအထည်ချုပ် လုပ်ငန်းရှင်များအသင်းက နိုင်ငံခြားသားနှင့် ရာနှုန်းပြည့်သို့မဟုတ် ဖက်စပ်လုပ်ကိုင်နိုင်ခြင်းအပေါ် ပြည်သူအများစု အလုပ်အကိုင်ရရှိရေးအပေါ်အခြေခံ၍ ကန့်ကွက်ရန်မရှိကြောင်း ဆွေးနွေးတင်ပြခဲ့သည်ကို မှတ်တမ်းများအရ လေ့လာသိရှိရပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMF- CCI) ဥက္ကဋ္ဌ ဦးဝင်းအောင်က နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအပေါ် "ဒီဥပဒေမှာ အလွှာအသီးသီးနဲ့ အဆင့်အတန်းမျိုးစုံမှ မြန်မာနိုင်ငံသားအများစု ပါဝင်ဆောင်ရွက်နိုင်ခွင့်ရရှိမှာဖြစ်သလို နည်းပညာ၊ ငွေကြေး၊ အရင်းအနှီးနဲ့ နိုင်ငံတကာဈေးကွက်ကို ထိုးဖောက်နိုင်တဲ့ နိုင်ငံတကာမှ လုပ်ငန်းရှင်များနဲ့ အကျိုးတူဖက်စပ် လုပ်ကိုင်နိုင်စွမ်းရှိမှာဖြစ်ပါတယ်။

မိမိတို့ဘက်က အားနည်းချက်ရှိတဲ့အပိုင်းများအတွက် အားသာချက်ရှိသူတွေနဲ့ပေါင်းစပ်ပြီး နိုင်ငံတကာဈေးကွက်နဲ့ စီးပွားရေးနယ်ပယ်ထဲကို ဝင်ရောက်နိုင်ခွင့် ရှိမှာဖြစ်ပါတယ်။ တစ်နည်းအားဖြင့် စွမ်းအားရှိတဲ့လုပ်ငန်းရှင်တွေအပြင် စွမ်းအားလိုအပ်ချက်ရှိတဲ့ လုပ်ငန်းရှင်တွေအတွက်လည်း နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံလာကြမယ့် လုပ်ငန်းရှင်တွေနဲ့ ဖက်စပ်လုပ်ကိုင်နိုင်စွမ်းရှိလာမှာ ဖြစ်ပါတယ်။

ဒါမှသာလျှင် ကျွန်တော်တို့ရဲ့ နိုင်ငံသားအသေးစား၊ အလတ်စား စက်မှုလက်မှုလုပ်ငန်း (SME) များ ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်သလို SME ကို မှီခိုအားထားနေရတဲ့ အခြေခံကျတဲ့ နိုင်ငံသားပြည်သူများရဲ့ လူနေမှုအဆင့်အတန်းလည်း တိုးတက်မြင့်မားလာမှာ ဖြစ်ပါတယ်။

ဒီဥပဒေအရ ပါဝင်ဆောင်ရွက်နိုင်ခွင့် စွမ်းဆောင်ရည်နှင့် စီးပွားရေးဗျူဟာ အားသာချက်/ အားနည်းချက်အပေါ် မူတည်ပြီး တစ်ဖက်က လုပ်ဖော်ကိုင်ဖက် ဖက်စပ်လုပ်ကိုင်ကြမည့် နိုင်ငံတကာလုပ်ငန်းရှင်များနဲ့ လိုအပ်သလို ညှိနှိုင်း၍ ဖက်စပ်ပူးတွဲဆောင်ရွက်သွားနိုင်မှာဖြစ်လို့ ဝမ်းမြောက်စွာကြိုဆိုပါတယ်" ဟူ၍ မှတ်ချက်ပြုခဲ့ပါသည်။

လက်ရှိမြန်မာနိုင်ငံ၏ အခြေအနေမှာ နိုင်ငံရေးတိုးတက်ပြောင်းလဲမှုအတိုင်းအတာတစ်ခုသို့ ရောက်ရှိနေပြီဖြစ်၍ ယနေ့အချိန်ကာလသည် စီးပွားရေးမူဝါဒများ၊ လမ်းစဉ်များချမှတ်ပြီး လူမှုရေးတာဝန်ယူမှုရှိသော စီးပွားရေးကဏ္ဍကို တစ်ရှိန်ထိုးတိုးတက်အောင် ဆောင်ရွက်နေရသည့်အချိန်ဖြစ်သည်။ စိန်ခေါ်မှုအထူးကြီးမားသော (Huge Challange) ကာလလည်းဖြစ်သည်။ တစ်ပြည်လုံး အတိုင်းအတာနှင့်ကြည့်လျှင် အလုပ်လက်မဲ့များရှိနေသည့်အတွက် အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်မှုသည် အထူးအရေးကြီးသော အချက်တစ်ခုဖြစ်နေပြီး ယင်းဖန်တီးပေးနိုင်မှု အလားအလာမှာလည်း မိမိနိုင်ငံ၏ ဖိတ်ခေါ်မှုအတိုင်းအတာ အတိမ်အနက်ပေါ် မူတည်နေပါသည်။

အရည်အသွေးပြည့်မီသော၊ တာဝန်ယူမှုရှိသော၊ ကမ္ဘာအသိအမှတ်ပြု စံချိန်စံညွှန်းနှင့် လုပ်ကိုင်နေသော၊ အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်သော၊ နည်းပညာဖြန့်ဝေပေးနိုင်သော မည်သည့်လုပ်ငန်းများဖြစ်စေ၊ မည်သည့်ပုံသဏ္ဌာန်နှင့် လာရောက်လုပ်ကိုင်မည်ဖြစ်စေ အဓိကအရေးကြီးသည်မှာ နည်းခြင်း၊ များခြင်းဆိုသည်ထက် မိမိတိုင်းပြည်နှင့် လူမျိုးအကျိုးစီးပွားကိုမျှော်မှန်း၍ လက်ခံခြင်းဖြစ်သဖြင့် ကြီးကြပ်မှု Monitoring စနစ်တကျထားရှိရန် လိုအပ်ပါသည်။ ကန့်သတ်ခြင်း Protection အစား Facilitate အားပေးမှု ပြုလုပ်ခြင်းဖြင့် Moni- toring ပြုလုပ်ပေးရန် လိုအပ်ပါသည်။

မြန်မာနိုင်ငံသည် အခြားသောနိုင်ငံများကဲ့သို့ မဏ္ဍိုင်တစ်ခုစီကို တဖြည်းဖြည်းချင်း တည်ဆောက်သွားနိုင်သည့် အနေအထားမျိုး ရှိမနေပါ။ လူမှုရေးတာဝန်ယူမှုရှိသော စီးပွားရေးပတ်ဝန်းကျင်ကို အကောင်အထည်ဖော်ရာ၌ မိမိတို့၏ နည်းပညာအင်အား နည်းပါးခြင်း၊ အတွေ့အကြုံနည်းပါးခြင်းတို့နှင့်အတူ တစ်နိုင်ငံလုံးအတိုင်းအတာနှင့် တစ်ဟုန်ထိုးဆောင်ရွက်နိုင်သော ငွေကြေးအင်အား အကန့်အသတ်ရှိနေခြင်းတို့အပေါ် အခြေခံ၍ တွက်ဆကြည့်လျှင် ပြည်ပရင်းနှီးမြှုပ်နှံမှုများက အရေးကြီးသော ကဏ္ဍတစ်ရပ်ပါဝင်နေသည်ကို သတိပြုမိကြမည်ဖြစ်ပါသည်။ ဖော်ပြပါ အားနည်းချက်များကို ပြည်ပရင်းနှီး မြှုပ်နှံမှုလုပ်ငန်းများက ထောက်ပံ့ကူညီပေးနိုင်သည်မှာ ငြင်းဖွယ်ရာမရှိသော အချက်ဖြစ်ပါသည်။

အိမ်နီးချင်းတရုတ်နိုင်ငံကို လေ့လာကြည့်လျှင် လွန်ခဲ့သည့် (၁၀)နှစ်တာကာလတွင် စီးပွားရေးကို တစ်ဟုန်ထိုးတိုးတက်အောင် ဆောင်ရွက်ခဲ့၍ နိုင်ငံရေး၊ လူမှုရေး နောက်ကျနေခဲ့ရာမှ ယခုစီးပွားရေး အထူးအောင်မြင်လာသောအခါ လက်ရှိဥပဒေ၊ မူဝါဒများကိုပြင်ဆင်ပြီး လူမှုရေး၊ နိုင်ငံရေးတိုးတက်ပြောင်းလဲလာအောင် စတင်ဆောင်ရွက်နေသည်ကို လေ့လာတွေ့ရှိနိုင်ပါသည်။ ဗီယက်နမ်နိုင်ငံကို လေ့လာကြည့်လျှင်လည်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများနှင့် တွန်းတင်ခဲ့ပြီး အောင်မြင်မှုအနေအထားတစ်ခု ရောက်နေသောအခါ တစ်ဖက်မှ လူမှုရေးအတွက် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်လာခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။ ဆက်လက်၍ တစ်ဖက်မှလည်း ရင်းနှီးမြှုပ်နှံမှုများကို ပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းပေါ် မူတည်၍ ပြင်ဆင်လုပ်ကိုင်လျက်ရှိနေသေးကြောင်း လေ့လာသိရှိရပါသည်။

နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတိုးတက်ဖွံ့ဖြိုးရန် ဆောင်ရွက်ခြင်းသည် လုပ်ငန်းဖြစ်စဉ် Process တစ်ခုဖြစ်၍ အချိန်ယူရပါသည်။ Need Trust in the Process, need trust in the person ဆိုသည့်အတိုင်း လုပ်ငန်းဖြစ်စဉ် Process ကို ယုံကြည်မှုရှိရန် လိုအပ်သကဲ့သို့ အကောင်အထည်ဖော်နေသူများကိုလည်း ယုံကြည်မှုရှိနေသင့်ပါသည်။ တိုင်းပြည်နှင့် လူမျိုးကိုချစ်ကြသည်ဆိုရာ၌ ချဉ်းကပ်နည်းများ မတူညီကြသည်မှာ ပြစ်မှုတစ်ခုကို ကျူးလွန်ကြခြင်း မဟုတ်ပါ။ တူညီသောရည်မှန်းချက် Common Goal တစ်ခုရှိရန်သာ လိုအပ်ပါသည်။ ရရှိသော ရလဒ်တူရန်သာ အရေးကြီးပါသည်။ မည်သည့်ပုံသဏ္ဌာန်ဖြင့် ဝင်ရောက်လာသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းပင်ဖြစ်စေ တိုင်းရင်းသားပြည်သူများ၏ လူမှုအဖွဲ့အစည်းများနှင့် လူတန်းစားအသီးသီး၏ စီးပွားရေးအဖွဲ့အစည်းများ၏ အကျိုးသက်ရောက်မှု အတိုင်းအတာအပေါ် မူတည်၍ လေ့လာစောင့်ကြည့်သင့်ပါသည်။ လူနည်းစု၏ဆန္ဒလိုလားချက်အစား ပြည်သူအများကောင်းကျိုးရရှိရေး၊ ဆန္ဒလိုလားချက်ကို ဦးတည်စဉ်းစားဆုံးဖြတ်လျှင် မှန်ကန်သောဆုံးဖြတ်ချက်ဘက်သို့ နီးစပ်လိမ့်မည်ဟု ယုံကြည်ပါသည်။

ကန့်သတ်ခြင်း Protection ၏ အကျိုးသက်ရောက်မှုသည် လားရာအမျိုးမျိုး ရှိနိုင်ပါသည်။ ပြည်သူအများစု ဖွံ့ဖြိုးရေးကို Protection လုပ်မိသည့်အသွင်မဖြစ်ရန်သာ အရေးကြီးပါသည်။ ပြည်တွင်းလုပ်ငန်းရှင်များ၏ လုပ်ငန်းများကို အရင်းအနှီးကြီးမားသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများက ကြီးစိုးလွှမ်းမိုးသွားပါက လုပ်ငန်းငယ်များ တိမ်မြုပ်ပျောက်ကွယ်သွားမည်ကို အကြီးအကဲများက စိုးရိမ်ပူပန်သည်မှာ သဘာဝကျပါသည်။

အခြေအနေအရပ်ရပ်ကို အဘက်ဘက်မှသုံးသပ်လျှင် ထိုသို့ Protection လုပ်ခြင်းကြောင့် အသွင်သဏ္ဌာန်အမျိုးမျိုးနှင့် လာရောက်ကြသည့် ပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအပေါ် ရိုက်ခတ်မှုရှိနိုင်မည်လားဟု စဉ်းစားဖွယ်ရာရှိပါကြောင်း ရေးသားလိုက်ရပါသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ရင်းနှီးမြှုပ်နှံမှုဥပဒေများအရ ခွင့်ပြုမိန့်ထုတ်ပေးခဲ့သည့် လုပ်ငန်းများအရေအတွက် ရင်းနှီးမြှုပ်နှံမှုတန်ဖိုးနှင့် အလုပ်အကိုင်အခွင့်အလမ်းရရှိမှုအခြေအနေ

စဉ်	အကြောင်းအရာ	နိုင်ငံသားများရင်းနှီးမြှုပ်နှံမှု			နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု		
		ခွင့်ပြုသည့် လုပ်ငန်း အရေအတွက်	ရင်းနှီးမြှုပ်နှံမှု တန်ဖိုး (ကျပ်သန်းပေါင်း)	အလုပ်အကိုင် အခွင့်အလမ်း ရရှိမှု(ဦးရေ)	ခွင့်ပြုသည့် လုပ်ငန်း အရေအတွက်	ရင်းနှီးမြှုပ်နှံမှု တန်ဖိုး (US$ သန်းပေါင်း)	အလုပ်အကိုင် အခွင့်အလမ်း ရရှိမှု(ဦးရေ)
၁	၂၀၁၁-၂၀၁၂ ခုနှစ် (ဧပြီလမှ မတ်လအထိ)	၃၄	၂၄၂၂၃၀.၁၇၀	၉၁၇၅	၁၃	၄၆၄၄.၄၆၀	၇၂၇၉
၂	၂၀၁၂-၂၀၁၃ ခုနှစ် (ဧပြီလမှဇန်နဝါရီလအထိ)	၄၃	၃၈၃၇၈၆၃.၅၈၀	၁၁၄၇၅	၇၈	၁၁၄၂.၉၆၅	၅၇၀၄၇
	စုစုပေါင်း	၇၇	၄၀၈၀၀၉၃.၇၅၀	၂၀၆၅၀	၉၁	၅၇၈၇.၄၂၅	၆၄၃၂၆

နိုင်ငံအဝန်း သစ်တောအစွမ်းဖြင့် စိမ်းလန်းစေရမည်

ဥပဒေကြမ်း

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေကြမ်း

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေကြမ်း
(၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။)
၁၃၇၄ ခုနှစ်၊ လ ရက်
(၂၀၁၃ ခုနှစ်၊ လ ရက်)

နိဒါန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း ထုတ်ဝေစာများ၊ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းများကို ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်စေရန် ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း(၁)

အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေဟုခေါ်တွင် စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ပုံနှိပ်စက်** ဆိုသည်မှာ ပုံနှိပ်ရန်အသုံးပြုသော အင်ဂျင်စက်၊ အီလက်ထရွန်နစ်နည်းပညာ သို့မဟုတ် လေဆာအသုံးပြုပုံနှိပ်ယန္တရား၊ စက်ကိရိယာအသုံးအဆောင်နှင့် အခြားနည်း အသုံးပြုသော ပုံနှိပ်စက်ယန္တရားစုကို ဆိုသည်။

(ခ) **ပုံနှိပ်တိုက်** ဆိုသည်မှာ ပုံနှိပ်စက် သို့မဟုတ် ယင်းနှင့်သက်ဆိုင်သော စက်၊ စက်ယန္တရားစု၊ စက်ကိရိယာတန်ဆာ၊ စက်အစိတ်အပိုင်းနှင့် စာတမ်းအမှတ်အသားနှင့် ရုပ်ပုံ အမြောက်အမြားရိုက်နှိပ်ရန် ဆောင်ရွက်သည့်လုပ်ငန်းတည်ရှိရာ အဆောက်အအုံ သို့မဟုတ် နေရာကို ဆိုသည်။

(ဂ) **ထုတ်ဝေစာ** ဆိုသည်မှာ လက်ရေးစာ၊ ပုံနှိပ်စာနှင့် အီလက်ထရွန်နစ်နည်းပညာတစ်ရပ်ရပ်ဖြင့်ဖန်တီး၍ ထုတ်ဝေလိုက်သည့် စာတို့အပြင် ယင်းတို့နှင့် အမျိုးအစားတူဖြစ်စေ၊ မတူသည်ဖြစ်စေ ထင်ရှားမြင်သာသော ပုံသဏ္ဌာန်ရှိသည့်အရာ သို့မဟုတ် ပုံအားဖြင့်သော်လည်းကောင်း၊ သင်္ကေတအားဖြင့်သော်လည်းကောင်း၊ အခြားနည်းလမ်းအားဖြင့်သော်လည်းကောင်း စကားလုံးများကိုဖြစ်စေ၊ အတွေးအခေါ်များကိုဖြစ်စေ ရိုပ်မိစေနိုင်သည့်အရာများနှင့် သတင်းစာ၊ စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်းနှင့် စာအုပ်များကို ဆိုသည်။

(ဃ) **ပုံနှိပ်သူ** ဆိုသည်မှာ ပုံနှိပ်စက် သို့မဟုတ် ပုံနှိပ်တိုက် ပိုင်ဆိုင်သူကို ဆိုသည်။ ယင်းစကားရပ်တွင် အစုစပ်၊ ကုမ္ပဏီ၊ မိသားစုလုပ်ငန်း သို့မဟုတ် အသင်းအဖွဲ့၏ သက်ဆိုင်ရာ စီမံအုပ်ချုပ်သော အစုရှင်၊ ဥက္ကဋ္ဌ၊ မန်နေဂျင်း ဒါရိုက်တာ၊ အတွင်းရေးမှူး သို့မဟုတ် တာဝန်ခံပုဂ္ဂိုလ်လည်း ပါဝင်သည်။

(င) **ထုတ်ဝေသူ** ဆိုသည်မှာ ထုတ်ဝေစာ တစ်ခုခုကို စီးပွားရေးအကျိုးအမြတ်ရယူ၍သော်လည်းကောင်း၊ မရယူဘဲသော်လည်းကောင်း ထုတ်ဝေသူကို ဆိုသည်။ ယင်းစကားရပ်တွင် အစုစပ်၊ ကုမ္ပဏီ၊ မိသားစုလုပ်ငန်း သို့မဟုတ် အသင်းအဖွဲ့၏ သက်ဆိုင်ရာစီမံအုပ်ချုပ်သော အစုရှင်၊ ဥက္ကဋ္ဌ၊ မန်နေဂျင်းဒါရိုက်တာ၊ အတွင်းရေးမှူး သို့မဟုတ် တာဝန်ခံပုဂ္ဂိုလ်လည်း ပါဝင်သည်။

(စ) **သတင်းအေဂျင်စီ** ဆိုသည်မှာ ပြည်တွင်း၊ ပြည်ပမှ သတင်းအချက်အလက်များကို စုဆောင်းရယူ၍ ပုံနှိပ်မီဒီယာ၊ အီလက်ထရွန်နစ်မီဒီယာနှင့် အခြားသောမီဒီယာများသို့ အခကြေးငွေဖြင့်ဖြစ်စေ၊ အခကြေးငွေ မယူဘဲဖြစ်စေ ဖြန့်ဝေပေးသည့်လုပ်ငန်းကို ဆိုသည်။

(ဆ) **သတင်းစာ** ဆိုသည်မှာ သတင်းများ၊ သိမှတ်စရာများ၊ အဖြစ်အပျက်များအပေါ် အစီရင်ခံချက်များ သို့မဟုတ် ယင်းတို့နှင့် သက်ဆိုင်သည့် မှတ်ချက်၊ လေ့လာသုံးသပ်ချက်နှင့် ဝေဖန်ချက်များ သို့မဟုတ် အများပြည်သူစိတ်ဝင်စားသည့်အကြောင်းအရာတစ်ခုခုပါဝင်ပြီး ရောင်းချရန်ဖြစ်စေ၊ အခမဲ့ဖြန့်ချိရန်ဖြစ်စေ နေ့စဉ်ပုံနှိပ်ထုတ်ဝေသော ထုတ်ဝေစာကို ဆိုသည်။

(ဇ) **စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်း** ဆိုသည်မှာ အချိန်မှန်မှန်ဖြစ်စေ၊ အချိန်မှန်မှန်မဟုတ်ဘဲဖြစ်စေ အပိုင်းလိုက်သော်လည်းကောင်း၊ အမှတ်စဉ်လိုက်သော်လည်းကောင်း ထုတ်ဝေသည့် ထုတ်ဝေစာတစ်ခုခုကို ဆိုသည်။

(ဈ) **စာအုပ်** ဆိုသည်မှာ မည်သည့်ဘာသာဖြင့်မဆို ထုတ်သည့်စာအုပ်၊ စာအုပ်အစိတ်အပိုင်း၊ စာတမ်းနှင့် စာရွက်များအပြင် တသီးတခြားအချပ်လိုက်ပုံနှိပ်ထားသည့် သင်္ကေတပုံ၊ မြေပုံနှင့် ပုံစံများကို ဆိုသည်။

(ည) **ဝက်ဘ်ဆိုက်** ဆိုသည်မှာ အကြောင်းအရာတစ်ခုခုနှင့်စပ်လျဉ်း၍ သတင်းအချက်အလက်များကို ရယူနိုင်ရန် အင်တာနက်ကွန်ရက်အတွင်း၌ လွှင့်တင်ထားသောစာမျက်နှာကို ဆိုသည်။

(ဋ) **ညစ်ညမ်းစာ** ဆိုသည်မှာ ဟီရိသြတ္တပ္ပကင်းသော၊ မြန်မာ့လူ့အဖွဲ့အစည်းက လက်မခံသော၊ လိင်ကိစ္စအား သိသာစွာ၊ သွက်ဝိုက်၍ ထင်မြင်စေနိုင်အောင် သရုပ်ဖော်သည့်၊ ရာဂကိုလှုံ့ဆော်ရာရောက်သော အကျင့်ပျက်ပြားစေပြီး စာရိတ္တကိုထိခိုက်စေသော စာများ၊ ရုပ်ပုံ၊ ဓာတ်ပုံနှင့် ပန်းချီများ၊ ဖရုသဝါစာ၊ ဆဲရေးတိုင်းထွာစာ၊ အဂါရဝအသုံးအနှုန်း၊ ရုပ်ပုံများဖော်ပြခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် ဆေးပညာအရ ဖော်ပြရန်လိုအပ်သော ကိစ္စရပ်များမပါဝင်။

(ဌ) **အသိအမှတ်ပြုလက်မှတ်** ဆိုသည်မှာ ဝန်ကြီးဌာနက ပုံနှိပ်သူ၊ ထုတ်ဝေသူနှင့် သတင်းအေဂျင်စီများအား သက်ဆိုင်ရာလုပ်ငန်းဆောင်ရွက်ရန် ဤဥပဒေအရထုတ်ပေးသည့် အသိအမှတ်ပြုလက်မှတ်ကိုဆိုသည်။

(ဍ) **မှတ်ပုံတင်အရာရှိ** ဆိုသည်မှာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲ ညွှန်ကြားရေးမှူးကိုဆိုသည်။

(ဎ) **ဝန်ကြီး** ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးကို ဆိုသည်။

(ဏ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြန်ကြားရေးဝန်ကြီးဌာနကို ဆိုသည်။

အခန်း(၂)

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း အသိအမှတ်ပြုခြင်း

၃။ ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဆောင်ရွက်လိုသော ပုံနှိပ်သူနှင့် ထုတ်ဝေသူများသည်လည်းကောင်း၊ မြန်မာနိုင်ငံအတွင်း၌ သတင်းအေဂျင်စီဖွင့်လှစ်ဆောင်ရွက်လိုသော ပြည်တွင်းအခြေစိုက်အဖွဲ့၊ ပြည်ပအခြေစိုက်အဖွဲ့၊ ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းသည်လည်းကောင်း မှတ်ပုံတင်အရာရှိထံတွင် မိမိလုပ်ငန်းကို အသိအမှတ်ပြုရန်အတွက် လျှောက်ထားရမည်။

၄။ ပုဒ်မ ၃ အရ လျှောက်ထားချက်နှင့်စပ်လျဉ်း၍ မှတ်ပုံတင်အရာရှိသည် သတ်မှတ်ချက်များနှင့် ကိုက်ညီသူကို သတ်မှတ်သော အခကြေးငွေအား ပေးသွင်းစေပြီးလျှင် သတ်မှတ်ကာလအတွက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ် ထုတ်ပေးရမည်။

၅။ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်ရရှိသူသည် ယင်းလက်မှတ်ကိုရရှိရန် မရိုးဖြောင့်သောသဘောဖြင့် ဖြစ်စေ၊ လိမ်လည်လှည့်ဖြားရန် အကြံဖြင့် ဖြစ်စေ လျှောက်ထားခဲ့ကြောင်းသော်လည်းကောင်း၊ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆန့်ကျင်၍ ဆောင်ရွက်ကြောင်းသော်လည်းကောင်း၊ တစ်နည်းနည်းဖြင့် စိစစ်တွေ့ရှိရပါက ဝန်ကြီးသည် ယင်းလုပ်ငန်းအသိအမှတ်ပြုလက်မှတ်ကို ရုပ်သိမ်းခြင်း သို့မဟုတ် ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း ပြုနိုင်သည်။

၆။ ပုဒ်မ ၅ အရ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်ကို ရုပ်သိမ်းခြင်း သို့မဟုတ် ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်းခံရသော ပုံနှိပ်သူ သို့မဟုတ် ထုတ်ဝေသူသည် ဝန်ကြီးထံသို့ အယူခံပိုင်ခွင့်ရှိစေရမည်။

အခန်း(၃)

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းအတွက် လိုက်နာရန်စည်းကမ်း

၇။ ပုံနှိပ်သူ သို့မဟုတ် ထုတ်ဝေသူသည် အောက်ပါအချက်တစ်ရပ်ရပ်တွင် အကျုံးဝင်သော ထုတ်ဝေစာများကို ပုံနှိပ်ခြင်း သို့မဟုတ် ထုတ်ဝေခြင်းမပြုရ-

(က) တိုင်းရင်းသားလူမျိုး တစ်မျိုးနှင့်တစ်မျိုး သို့မဟုတ် တိုင်းရင်းသားလူမျိုးအချင်းချင်းကိုလည်းကောင်း၊ အခြားဘာသာသာသနာကိုလည်းကောင်း ထိခိုက်နစ်နာစေမည့်အကြောင်းအရာများ ဖော်ပြခြင်း၊

(ခ) တရားဥပဒေစိုးမိုးရေးကို ပျက်ပြားစေရန်သော်လည်းကောင်း၊ ဆူပူအကြမ်းဖက်မှုဖြစ်ပွားစေရန်သော်လည်းကောင်း လှုံ့ဆော်ခြင်း၊

(ဂ) ညစ်ညမ်းစာများကို ဖော်ပြခြင်း၊

(ဃ) ရာဇဝတ်မှု၊ ရက်စက်ကြမ်းကြုတ်မှု၊ အကြမ်းဖက်မှု၊ လောင်းကစားမှုနှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ပြစ်မှုကျူးလွန်ခြင်းတို့ကို အားပေးခြင်းနှင့် လှုံ့ဆော်ခြင်း၊

(င) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြားတည်ဆဲဥပဒေများအရ ပြဋ္ဌာန်းချက်များကို ဆန့်ကျင်ဖောက်ဖျက်ရာရောက်သည့်အရေးအသားစာများ ထုတ်ဝေခြင်း။

အခန်း(၄)

တရားမဝင်ထုတ်ဝေစာအဖြစ် ကြေညာခြင်း

၈။ မှတ်ပုံတင်အရာရှိသည် ပုဒ်မ ၇ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့် အကျုံးဝင်သော ထုတ်ဝေစာကို စိစစ်တွေ့ရှိပါက တရားမဝင်ထုတ်ဝေစာအဖြစ် ကြေညာနိုင်သည်။

အခန်း(၅)

ထုတ်ဝေစာများကို ပြည်တွင်းသို့ တင်သွင်းခြင်းနှင့် ပြည်ပသို့တင်ပို့ခြင်း

၉။ ပြည်ပမှ ထုတ်ဝေစာကို ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်တွင်းမှထုတ်ဝေစာများကို ပြည်ပသို့ တင်ပို့ခြင်းတို့ကို ဆောင်ရွက်လိုပါက တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်။

၁၀။ မှတ်ပုံတင်အရာရှိသည် ဥပဒေနှင့်ဆန့်ကျင်သည့် ပြည်တွင်းသို့ တင်သွင်းလာသော သို့မဟုတ် ပြည်ပသို့တင်ပို့သော ထုတ်ဝေစာများကို တွေ့ရှိလျှင် ပုဒ်မ ၈ နှင့်အညီ ဆောင်ရွက်ရမည်။

၁၁။ ထုတ်ဝေစာကို-

(က) ပြည်ပမှ တင်သွင်းသူသည် တင်သွင်းသော ထုတ်ဝေစာနှင့်ပတ်သက်၍ ခေါင်းစဉ်၊ အမျိုးအစားနှင့် အရေအတွက်စာရင်းကို သတ်မှတ်ပုံစံဖြင့် မှတ်ပုံတင်အရာရှိထံ ပေးပို့ရမည်။

(ခ) ပြည်တွင်း၌ ပုံနှိပ်ထုတ်ဝေခြင်းဖြစ်ပါက ပုံနှိပ်သူသည် ၎င်းပုံနှိပ်သော မည်သည့်ထုတ်ဝေစာကိုမဆို မှတ်ပုံတင်စာရင်းရေးသွင်းခြင်းနှင့် မူပိုင်ခွင့်လုပ်ငန်းများဆောင်ရွက်နိုင်ရန် သတ်မှတ်အရေအတွက်အတိုင်း မှတ်ပုံတင်အရာရှိထံ အဖိုးအခလွတ် ပေးပို့ရမည်။

၁၂။ တရားမဝင် ထုတ်ဝေစာအဖြစ် ကြေညာထားခြင်းမရှိသော်လည်း ပုဒ်မ ၇ ပါသတ်မှတ်ချက်တစ်ရပ်ရပ်နှင့် ငြိစွန်းသည့်ထုတ်ဝေစာကို မည်သူမျှ ပြည်တွင်းသို့ တင်သွင်းခြင်း မပြုရ။

၁၃။ ထုတ်ဝေခြင်းလုပ်ငန်း အသိအမှတ်ပြုလက်မှတ်ရရှိသူသည် မိမိ၏ထုတ်ဝေစာမူရင်းကို အင်တာနက်သတင်းဖြန့်ချိသောနည်းဖြင့် ဝက်ဘ်ဆိုက်များ အသုံးပြု၍ ဖြန့်ချိခွင့်ရှိသည်။

၁၄။ သတင်းအေဂျင်စီလုပ်ငန်းအတွက် အသိအမှတ်ပြုလက်မှတ်ရရှိသူသည် မိမိလွှင့်တင်ဖြန့်ချိလိုသည့်သတင်းအချက်အလက်နှင့်ပုံများကို အင်တာနက်သတင်းဖြန့်ချိသောနည်းဖြင့် ဝက်ဘ်ဆိုက်များအသုံးပြု၍ ဖြန့်ချိခွင့်ရှိသည်။

၁၅။ ပုဒ်မ ၁၃ နှင့် ၁၄ အရ အင်တာနက်သတင်းဖြန့်ချိသောနည်းဖြင့် လွှင့်တင်ဖြန့်ချိထားသော ဝက်ဘ်ဆိုက်များသည် ပုဒ်မ ၇ ပါ သတ်မှတ်ချက်များကို လိုက်နာရမည်။

အခန်း(၆)

တားမြစ်ချက်များ

၁၆။ မည်သူမျှ သက်ဆိုင်ရာလုပ်ငန်းအသိအမှတ်ပြုလက်မှတ်မရှိဘဲ ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်း သို့မဟုတ် သတင်းအေဂျင်စီလုပ်ငန်း လုပ်ကိုင်ခြင်း မပြုရ။

၁၇။ မည်သူမျှ ပုဒ်မ ၈ အရ တရားမဝင်ထုတ်ဝေစာအဖြစ် ကြေညာထားသည့် ထုတ်ဝေစာများကို ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်း၊ ဖြန့်ချိခြင်း သို့မဟုတ် ရောင်းချခြင်းမပြုရ။

၁၈။ မည်သူမျှ ပုဒ်မ ၁၁ ပါ ပြဋ္ဌာန်းချက်ကို လိုက်နာရန် ပျက်ကွက်ခြင်း မရှိစေရ။

၁၉။ မည်သူမျှ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်ကို ရုပ်သိမ်းခြင်း သို့မဟုတ် ကာလအကန့်အသတ်ဖြင့်ရပ်ဆိုင်းခြင်းပြုလုပ်ထားစဉ်ကာလအတွင်း ထုတ်ဝေစာတစ်ခုခုကို ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်း၊ ဖြန့်ချိခြင်း သို့မဟုတ် သတင်းအေဂျင်စီလုပ်ငန်း လုပ်ကိုင်ခြင်း မပြုရ။

အခန်း(၇)

ပြစ်မှုနှင့်ပြစ်ဒဏ်များ

၂၀။ မည်သူမဆို ပုဒ်မ ၁၆ နှင့် ၁၉ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ်ကျပ် ငါးဆယ်သိန်းမှ ကျပ်တစ်ရာသိန်းအထိ ချမှတ်ရမည်။ ဒဏ်ငွေ မဆောင်ပါက ထောင်ဒဏ် (၆)လအထိ ချမှတ်ရမည်။

၂၁။ မည်သူမဆို ပုဒ်မ ၁၇ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ်ကျပ်တစ်ဆယ်သိန်းမှ ကျပ်ငါးဆယ်သိန်းအထိ ချမှတ်ရမည်။ ဒဏ်ငွေမဆောင်ပါက ထောင်ဒဏ် (၃) လအထိ ချမှတ်ရမည်။

စာမျက်နှာ ၇ ကော်လံ ၁

လွှတ်တော်ရေးရာကဏ္ဍ

စာမျက်နှာ ၆ မှ

၂၂။ မည်သူမဆို ပုဒ်မ ၁၈ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ် ကျပ်တစ်သိန်းမှ ကျပ်သုံးသိန်းအထိ ချမှတ်ရမည်။ ဒဏ်ငွေမဆောင်ပါက ထောင်ဒဏ် (၇) ရက်အထိ ချမှတ်ရမည်။

အခန်း(၈)

အထွေထွေ

၂၃။ ဝန်ကြီးသည် ဤဥပဒေအရ တာဝန်ဝတ္တရားများ ထိရောက်စွာဆောင်ရွက်နိုင်ရန်အလို့ငှာ မှတ်ပုံတင်ဌာနကို ဖွဲ့စည်းပြီး မှတ်ပုံတင်အရာရှိကိုလည်းကောင်း၊ လိုအပ်သောအရာထမ်း၊ အမှုထမ်းများကိုလည်းကောင်း ခန့်အပ်ခြင်းနှင့် ယင်းတို့၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း ပြုနိုင်သည်။

၂၄။ (က) ဝန်ကြီးဌာနသည် မည်သည့်အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းကိုမဆို ယင်းတို့၏ ပုံနှိပ်ခြင်းလုပ်ငန်းကိုဖြစ်စေ၊ ထုတ်ဝေခြင်းလုပ်ငန်းကိုဖြစ်စေ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်ခြင်းမှ စည်းကမ်းချက်ထားရှိ၍ဖြစ်စေ၊ စည်းကမ်းချက်မထားရှိဘဲဖြစ်စေ ကင်းလွတ်ခွင့် ပြုနိုင်သည်။

(ခ) ဤဥပဒေပါပြဋ္ဌာန်းချက်များသည် အောက်ပါထုတ်ဝေစာများနှင့် သက်ဆိုင်ခြင်းမရှိစေရ-

(၁) နိုင်ငံတော်၏မဏ္ဍိုင်သုံးရပ်ဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်၊ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအဆင့်တို့နှင့် လက်အောက်အဆင့်အသီးသီးရှိဌာန၊ အဖွဲ့အစည်းများက ဖြန့်ချိသော သတ်မှတ်ထုတ်ဝေစာများ၊

(၂) ရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲများက ဖြန့်ချိသော သတ်မှတ်ထုတ်ဝေစာများ၊

(၃) မှတ်ပုံတင်ထားသည့် နိုင်ငံရေးပါတီများက မိမိရုံးလုပ်ငန်းများဆောင်ရွက်ရန် သတ်မှတ်ထုတ်ဝေစာများ၊

(၄) ပြည်တွင်းအခြေစိုက် နိုင်ငံခြားသံရုံးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ နိုင်ငံတော်အစိုးရနှင့် သဘောတူညီချက် တစ်ရပ်ရပ်အရ လုပ်ငန်းဆောင်ရွက်နေသည့် နိုင်ငံတကာ အဖွဲ့အစည်းများက မိမိတို့၏ ရုံးလုပ်ငန်းများ ဆောင်ရွက်ရန် သတ်မှတ်ထုတ်ဝေစာများ၊

(၅) တက္ကသိုလ်များ၊ ကောလိပ်များ၊ စာသင်ကျောင်းများ၊ ဘဏ်များ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ဥပဒေနှင့်အညီ ဖွဲ့စည်းထားသည့် လူထုလူတန်းစားအဖွဲ့အစည်းများ၊ ပရဟိတအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများက မိမိတို့၏လုပ်ငန်းများ ဆောင်ရွက်ရန် သတ်မှတ်ထုတ်ဝေစာများ၊

(၆) သာရေး၊ နာရေးနှင့်ပတ်သက်သော ကြော်ငြာ၊ ဖိတ်စာ စသည့် သတ်မှတ်ထုတ်ဝေစာများ။

၂၅။ ဤဥပဒေ ပြဋ္ဌာန်းခြင်းမပြုမီက ၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေအရ ထုတ်ပေးသည့် မှတ်ပုံတင်သက်သေခံလက်မှတ်၊ ပြုလုပ်သည့်ဝန်ခံချက်၊ ခန့်ထားသည့်ရာထူး၊ လွှဲအပ်သည့် အာဏာ၊ ထုတ်ဆင့်သည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ အမှာစာ သို့မဟုတ် သတ်မှတ်သည့်ပုံစံ တစ်ခုခုသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သမျှ အတည်ဖြစ်သည်။

၂၆။ ၁၉၆၂ ခုနှစ်၊ ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ၊ မှတ်ပုံတင်ဥပဒေအရ ထုတ်ပေးထားသည့် မှတ်ပုံတင်သက်သေခံလက်မှတ်၏ သက်တမ်းသည်သတ်မှတ်သည့် ကာလအပိုင်းအခြားအထိ အတည်ဖြစ်စေရမည်။ ယင်းမှတ်ပုံတင်သက်သေခံလက်မှတ်၏ သက်တမ်းကုန်ဆုံးချိန်တွင် မိမိလုပ်ငန်းကို ဆက်လက်ဆောင်ရွက်လိုပါက လုပ်ငန်းအသိအမှတ်ပြုသက်တမ်းတိုးရန် သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

၂၇။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် လိုအပ်သောနည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၂၈။ ဤဥပဒေဖြင့် အောက်ပါဥပဒေများကို ရုပ်သိမ်းလိုက်သည်-

(က) THE PRESS (EMERGENCY POWERS) ACT

(ခ) ၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေ။

ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။

✿ ပြည်ထောင်စုလွှတ်တော်မှ

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးကျင်းပစဉ်။ (သတင်းစဉ်)

ရင်းနှီးမြှုပ်နှံမှုလျာထားချက်တွင်ပါရှိသော စီမံကိန်းအချက်အလက်များနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုများကိုလည်းကောင်း၊ ပြည်သူ့လွှတ်တော် လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်း နောက်ဆက်တွဲ ၂(က)ပါစီမံကိန်းအကြောင်းအရာများတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အောက်ရှိ ပုသိမ်၊ ကလေးပြုစုရေးဌာန ကျောင်းဆောင်တည်ဆောက်ခြင်းနှင့် ဖျာပုံမူလတန်းကြိုကျောင်း ဆောက်လုပ်ခြင်းစီမံကိန်းအသစ်(၂)ခုကို ဖြည့်စွက်ထည့်သွင်းပေးနိုင်ရန် ကိစ္စများကိုလည်းကောင်း၊ ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီက နယ်စပ်ဒေသဦးစီးဌာန၏ ငွေလုံးငွေရင်းအသုံးစရိတ်လျာထားချက်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများတွင် တန်ဖိုးနည်းအိမ်ရာများ ဆောက်လုပ်ခြင်း၊ နယ်စပ်ဒေသများတွင် လျှပ်စစ်မီး၊ သောက်သုံးရေရရှိရေးနှင့် လမ်းတံတားများ ပြုပြင်ဆောက်လုပ်ခြင်း၊ ဆည်တည်ဆောက်ခြင်းလုပ်ငန်းကိစ္စများကို လည်းကောင်း၊ ပြည်သူ့လွှတ်တော် ရင်းနှီးမြှုပ်နှံမှုနှင့်စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီက စက်မှုဝန်ကြီးဌာနအောက်ရှိ တည်ဆောက်လျက်ရှိသော စက်ရုံစီမံကိန်းများအပေါ် စိစစ်သုံးသပ်ချက်ကိုလည်းကောင်း၊ ပြည်သူ့လွှတ်တော်အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီက အားကစားဝန်ကြီးဌာန၏ ငွေလုံး ငွေရင်း အသုံးစရိတ်ပြင်ဆင်ပြောင်းလဲသွားရန် ကိစ္စရပ်များကို လည်းကောင်း၊ ပြည်သူ့လွှတ်တော် ကျန်းမာရေး မြှင့်တင်မှုကော်မတီက ကျန်းမာရေးဝန်ကြီးဌာနမှ ဆောင်ရွက်ရန် စီမံကိန်း (၃၇)ခုနှင့်ထပ်မံ၍ နောက်ဆက်တွဲ စီမံကိန်း (၁၁)ခု တည်ဆောက်ခြင်းလုပ်ငန်းများနှင့် နေပြည်တော် ပင်စင်စားအငြိမ်းစား ဆေးရုံတည်ဆောက်ခြင်းကိစ္စရပ်များကိုလည်းကောင်း၊ ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီက ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းတွင် ပါဝင်သော နေပြည်တော်ကောင်စီ၏ လုပ်ငန်း (၂၀)အတွက် လျာထားငွေ (၁၇၈၃၀၀ ဒသမ ၄၈၀)ကျပ်သန်းအား (၂၂)

ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်ရေးကော်မတီအဖွဲ့ဝင် ဦးလှထွန်း ပြောကြားစဉ်။ (မြန်မာ့အလင်း)

ရာခိုင်နှုန်းမှ (၄၀)ရာခိုင်နှုန်းအကြား လျှော့ချခွင့်ပြု၍ လျှော့ချသည့်ငွေများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေး စီမံကိန်းများတွင် လျာထားအသုံးပြုရန်အတွက် အမျိုးသားစီမံကိန်း ဥပဒေကြမ်းအား ပြန်လည်ရေးဆွဲတင်ပြရန် ကိစ္စကိုလည်းကောင်း အဆိုတင်သွင်းဆွေးနွေးကြသည်။

ပြင်ဆင်ချက်အဆိုများနှင့်စပ်လျဉ်း၍ ဥပဒေကြမ်း၌ပါရှိသောဌာန၊ အဖွဲ့အစည်းနှင့် ခေါင်းစဉ်များအလိုက် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက သဘောထားတင်ပြခြင်း၊ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းနှင့် လွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်သည့်အတိုင်း ပြင်ဆင်ထားသည့် ဥပဒေကြမ်းတစ်ရပ်လုံးကို အတည်ပြုခြင်းတို့ကို ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့တွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ပြည်ထောင်စု လွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည့် နိုင်ငံ့ဝန်ထမ်းဆိုင်ရာ ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်၌ မှတ်တမ်းတင်သည်။

အဆိုတင်သွင်း ဆွေးနွေးခြင်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်ရေးကော်မတီအဖွဲ့ဝင် ဦးလှထွန်းက “အမျိုးသားစီမံကိန်းဥပဒေကြမ်းနဲ့ ပတ်သက်ပြီး လွှတ်တော်မှာ ဆွေးနွေးတင်ပြတာတွေဟာကောင်းပါတယ်။ အကြောင်းအရာတစ်ခုကို အားလုံးပါဝင်ပြီး စုပေါင်းဆုံးဖြတ်ကြတာဆိုတော့ အကောင်းဆုံးအခြေအနေကို ရောက်ရှိမှာသေချာပါတယ်။ စီမံကိန်းတွေ အကောင်အထည်ဖော်ရာမှာလည်း ဦးစားပေးဆောင်ရွက်သင့်တာတွေကို ဦးစားပေးဆောင်ရွက်ပေးရပါမယ်။ ကျွန်တော်တို့ဟာ ဘတ်ဂျက်အခြေအနေအပေါ်မှာမူတည်ပြီး သုံးသင့်တဲ့နေရာတွေမှာ သုံးရမှာဖြစ်တဲ့အတွက် အခုလိုဆွေးနွေးတင်ပြကြတော့ မသုံးသင့်တဲ့နေရာမှာ မသုံးဘဲ၊ လောလောဆယ်သုံးရမယ့်နေရာတွေမှာ သုံးမှုလည်း အကျိုးရှိမှာဖြစ်လို့ အခုလို လွှတ်တော်မှာ ပွင့်ပွင့်လင်းလင်း တင်ပြဆွေးနွေးကြတာတွေဟာ ဖြစ်သင့်ပါတယ်။ နောက်ပြီး ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်ရေးအတွက်လည်း ဘဏ္ဍာငွေသုံးစွဲသင့်ပါတယ်။ ဒေသခံပြည်သူများရဲ့ဘဝ ပြန်လည်တည်ဆောက်ရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးကိစ္စများ ဆောင်ရွက်ရာမှာ ငွေကြေးမသုံးစွဲလို့ မရပါဘူး။ ဒါကြောင့်

ကျောင်းကုန်း မဲဆန္ဒနယ်မှ ဦးသိန်းထွန်း ပြောကြားစဉ်။ (မြန်မာ့အလင်း)

ငြိမ်းချမ်းရေးဖော်ဆောင်ရန်အတွက် ဘဏ္ဍာငွေချပေးဖို့ တင်ပြခြင်းကလည်း ဖြစ်သင့်ဖြစ်ထိုက်တဲ့ တင်ပြခြင်းလို့ ထင်ပါတယ်။ လွှတ်တော်က နိုင်ငံ့အကျိုး၊ ပြည်သူအကျိုးကို ဆောင်ရွက်နေတာဖြစ်တော့ အခုလို ဆွေးနွေးတင်ပြကြတာ အကောင်းဆုံးပါပဲ”ဟု ပြောပြသည်။

ကျောင်းကုန်း မဲဆန္ဒနယ်မှ ဦးသိန်းထွန်းက “အမျိုးသားစီမံကိန်းနဲ့ပတ်သက်ပြီး ကော်မတီတွေ ဆွေးနွေးသွားတာတွေ၊ ကိုယ်စားလှယ်တွေ ဆွေးနွေးသွားတာတွေ ကောင်းပါတယ်။ ဥပမာပြောရရင် ကျန်းမာရေးနဲ့ ပတ်သက်ပြီး တင်ပြသွားတာလည်း ကောင်းပါတယ်။ မလိုအပ်ဘဲ ဆေးရုံတွေ မဆောက်ဖို့၊ လက်ရှိ ဆေးရုံတွေကိုပဲ ဆေးဝါးလုံလောက်အောင် ဖြည့်ဆည်းပေးဖို့၊ ဆေးရုံ ဥပမိရုပ် ကောင်းအောင်လုပ်ဖို့ လိုတယ်ဆိုတာ မှန်ပါတယ်။ နေပြည်တော်မှာဆို လက်ရှိ လူဦးရေကလည်း နည်းနေသေးတယ်။ ဒီလိုနေရာမှာ ဆေးရုံထပ်ဆောက်မယ့် စီမံကိန်းတွေ ဆိုင်းငံ့ထားဖို့တင်ပြသွားတာကလည်း မှန်ပါတယ်။ ပညာရေးနဲ့ ပတ်သက်လို့လည်း ရုံးသုံးပစ္စည်းတွေ၊ အခြားအသုံးစရိတ်တွေကို လျှော့ချပြီး အချို့မူလတန်းကျောင်းတွေကို အဆင့်မြှင့်တင်ပေးလိုက်မယ်၊ ထောက်ပံ့ပေးလိုက်မယ်ဆိုရင် ပိုသင့်တော်ပါတယ်။ အခုလွှတ်တော်မှာ ဒါတွေကို အသေးစိတ်ဆွေးနွေးတင်ပြကြတာဟာ ကောင်းတယ်လို့ပဲ ကျွန်တော်အနေနဲ့ ထင်ပါတယ်”ဟု ပြောပြသည်။

အစည်းအဝေးကို ညနေ ၃ နာရီတွင် ရပ်နားပြီး အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို ဖေဖော်ဝါရီ ၂၈ ရက် နံနက် ၁၀နာရီတွင် ကျင်းပမည်ဖြစ်သည်။ **(သတင်းစဉ်)**

လွှတ်တော်သို့ လာရောက်လေ့လာကြည့်ရှု

နေပြည်တော် ဖေဖော်ဝါရီ ၂၆

The Innovative အဖွဲ့၏ နိုင်ငံရေး ခေါင်းဆောင်မှုသင်တန်းမှ တာဝန်ခံများနှင့် ကျောင်းသား ကျောင်းသူစုစုပေါင်း ၄၈ ဦးတို့ သည် ယနေ့နံနက် ၁၀ နာရီတွင် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ ကျင်းပနေပုံကိုလေ့လာပြီး လွှတ်တော်အဆောက်အအုံများသို့ လှည့်လည်ကြည့်ရှု၍ ပြန်လည်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နယ်လှည့်စာကြည့်တိုက် ကွင်းဆင်းဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၂၆

ပြည်သူကို ဗဟိုပြုသော ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းအဖြစ် ပြည်သူများအတွင်း အသိပညာဗဟုသုတ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဖေဖော်ဝါရီ ၂၂ ရက် မွန်းလွဲ ၁ နာရီတွင် လမ်းမတော်မြို့နယ် အမှတ်(၂) ရပ်ကွက်သို့ မြို့နယ်ဦးစီးမှူး ဒေါ်အမာရီနှင့် ဝန်ထမ်းများက နယ်လှည့်စာကြည့်တိုက်လုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

မြို့နယ်ဦးစီးမှူးက စာပေဖတ်ရှုရခြင်းအကျိုးကျေးဇူးနှင့် နယ်လှည့်စာကြည့်တိုက်လုပ်ငန်း ရည်ရွယ်ချက်တို့ကို ရှင်းလင်းပြောကြားခဲ့ပြီး ရပ်ကွက် ပြည်သူတို့အား သုတ/ရသစာအုပ် ၅၀ အုပ်ကို ငှားရမ်းပေးခဲ့သည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂၆

ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းသည် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Vasily B. POSPELOV အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ဒုတိယသမ္မတနှင့်အတူ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်ယော်နှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံဆက် ဆံရေးတိုးမြှင့်ခိုင်မာရေး၊ နှစ်နိုင်ငံအကြား ကျန်းမာရေး၊ ပညာရေးနှင့် ယဉ်ကျေးမှုကဏ္ဍများတွင် အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးခင်မင်စွာ ဆွေးနွေးကြသည်။

(သတင်းစဉ်)

ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်း မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Vasily B. POSPELOV အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုအား တရုတ်နိုင်ငံသံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂၆

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုအား တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီကျွင်းဟွာ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ညနေ ၄ နာရီတွင် အဆိုပါဝန်ကြီး၏ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(အောက်ပုံ)**

ထိုသို့တွေ့ဆုံရာသို့ ဒုတိယဝန်ကြီး ရဲချုပ် ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလှအောင်၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်စောဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

(၂၉၀)ကြိမ် ထီဖွင့်ပွဲ မတ်(၁)ရက်တွင်ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၆

(၂၉၀)ကြိမ် ငွေကျပ် ၂၀၀ တန် အောင်ဘာလေသိန်းဆု ဖွင့်ပွဲကို အောင်ဘာလေသိန်းဆုဌာနခွဲတည်ရှိရာ အမှတ် ၃၈၄ မဟာဗန္ဓုလလမ်းနှင့် ၃၇ လမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ရှိ ထီဖွင့်ပွဲခန်းမဆောင်၌ မတ် ၁ရက် (သောကြာနေ့) နံနက် ၈ နာရီမှ စတင်၍ ညနေ ၄နာရီအထိ တစ်ရက်တည်းဖြင့် အပြီးဖွင့်လှစ်မည်ဖြစ်သည်။

တန်ဖိုးအလိုက် ဆုမဲများမှာ ငွေကျပ်သိန်း ၁၅၀၀ (၁)ဆု၊ ငွေကျပ်သိန်း ၁၀၀၀(၁)ဆု၊ ငွေကျပ်သိန်း ၅၀၀ (၁)ဆု၊ ငွေကျပ်သိန်း ၃၀၀(၂)ဆု၊ ငွေကျပ်သိန်း ၂၀၀ (၃)ဆု၊ ငွေကျပ်သိန်း ၁၀၀(၁၅)ဆု၊ ငွေကျပ် ၁၀သိန်း (၄၈၀)ဆု၊ ငွေကျပ် ၅သိန်း(၁)ဆု၊ ငွေကျပ်၃ သိန်း(၁၄၄)ဆု၊ ငွေကျပ် ၂ သိန်း(၁၃၈၀)ဆု၊ ငွေကျပ် ၁ သိန်း (၁၃၇၀၃)ဆု၊ ငွေကျပ် ၅ သောင်း(၉၉၉၉)ဆု အပါအဝင် ဆုမဲပေါင်း (၂၅၇၃၀)ဆုဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဗုဒ္ဓပူဇနီယပွဲတော်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူ

နေပြည်တော် ဖေဖော်ဝါရီ ၂၆

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးသည် ပြည်သူ့လွှတ်တော် အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်မှု ကော်မတီဥက္ကဋ္ဌ သူရ ဦးအေးမြင့်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသင်းလှိုင်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးလွင်နှင့် တိုင်းဒေသကြီး ဝန်ကြီးများလိုက်ပါလျက် ယနေ့ နံနက် ၄ နာရီ ၃၅ မိနစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ကန့်ဘလူမြို့ မဟာရွှေစည်ကြီးစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုသည်။

ရှေးဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးနှင့်အဖွဲ့ဝင်များ၊ ဘုရားဒါယကာကြီး ဦးကျော်ညွန့်နှင့်တာဝန်ရှိသူများသည် စေတီတော်လိုဏ်တော်အတွင်း ကိန်းဝပ်စံပယ်တော်မူလျက်ရှိသည့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုပြီး အရုဏ်ဆွမ်း၊ ရေချမ်း၊ ဆီမီး၊ ပန်း၊ သစ်သီးနှင့် ထမနဲဆွမ်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယက မန္တလေးမြို့ ဆင်မင်းကျောင်း ဘုရားကြီးတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသြဘာသာဘိဝံသအမှူးပြုသော ဆရာတော်၊ သံဃာတော်များက စေတီတော် လိုဏ်တော်အတွင်း ကိန်းဝပ်စံပယ်တော်မူကြသည့် မုဒြာစုံဗုဒ္ဓရုပ်ပွားတော်မြတ်များအား ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မဟာရွှေစည်ကြီးသာသနာ့ဗိမာန်တော်၌ ဆရာတော် ဘဒ္ဒန္တသြဘာသာဘိဝံသအမှူးပြုသည့် ဆရာတော်၊ သံဃာတော်များအား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းပြီး သာသနာရေးဆိုင်ရာများကို မေးမြန်းလျှောက်ထားကြသည်။

ယင်းနောက် နံနက် ၈ နာရီတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ စေတနာရှင်ပြည်သူများစုပေါင်း၍ ဆရာတော်၊ သံဃာတော်များအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တေရသမအကြိမ် ဗုဒ္ဓပူဇနီယပွဲတော် သံဃာ့ဒါနဆွမ်းဆန်စိမ်းအလှူတော်မင်္ဂလာရေစက်ချအခမ်းအနားကို မဟာရွှေစည်ကြီးသာသနာ့ဗိမာန်တော်၌ ဆက်လက်ကျင်းပရာ ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ကြသည်။

ဆက်လက်၍ ပရိသတ်များက မန္တလေးမြို့ စီရှင်ကျောင်း မဟာဝိသုဒ္ဓါရုံကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအဂ္ဂဉာဏာဘိဝံသထံမှ ကိုးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသဇ္ဈာယ်ချီးမြှင့်တော်မူသော မေတ္တာသုတ်ပရိတ်တရားတော်အား နာယူကြည်ညိုကြသည်။

ယင်းနောက် ကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးနှင့် ဘုရားဒကာ၊ ဒကာမများသည် ဆရာတော်၊ သံဃာတော်များ ထံလှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြပြီး မန္တလေးမြို့ ဆင်မင်းကျောင်းဘုရားကြီးတိုက် ဆရာတော်ထံမှ အနုမောဒနာတရားတော်ကို နာယူကြည်ညိုကြကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ထို့နောက် ဆရာတော်၊ သံဃာတော်များနှင့် ပရိသတ်များက တေရသမအကြိမ် ဗုဒ္ဓပူဇနီယပွဲတော် အလှူတော်မင်္ဂလာအခမ်းအနားကို



❋ ရှေ့ဖုံးမှ

မေး ။ ။ လေယာဉ်ရဲ့ အမည်နဲ့ အမျိုးအစားလေးသိပါရစေ။

ဖြေ ။ ။ လေယာဉ်က XY-ADZ ပါ စီနီယာနံပါတ်စဉ်က ၁၀၅၇၄ ဖြစ်ပြီး အမျိုးအစားက F 27 (ဖော်ကာ) Mark 600 ပါ။

မေး ။ ။ သမိုင်းကြောင်းလေးကကောခင်ဗျာ။

ဖြေ ။ ။ ထုတ်လုပ်တဲ့ခုနှစ်က ၁၉၇၈ ခုနှစ်ကပါ မြန်မာနိုင်ငံကို ရောက်လာတာကလည်း ၁၉၇၈ ခုနှစ် အောက်တိုဘာ ၂၂ ရက်ပါ။ အသစ်ဝယ်ယူခြင်းဖြစ်ပါတယ်။

မေး ။ ။ မြန်မာ့လေကြောင်းအနေနဲ့ အသုံးပြုခဲ့တဲ့ အချိန်နာရီနဲ့ မိုင်ပေါင်းကို သိခွင့်ရမလားခင်ဗျာ။

ဖြေ ။ ။ မြန်မာ့လေကြောင်းအနေနဲ့ အသုံးပြုခဲ့တဲ့ နာရီပေါင်းက ၅၁၀၉၆ ဒသမ ၄၅ နာရီပါ။ မြန်မာနိုင်ငံအတွင်း လေယာဉ်ကွင်းပေါင်း ၃၂ ကွင်းမှာ ၅၂၈၆၇ အကြိမ်ပေါင်းဆင်းသက်ခဲ့ပါတယ်။ ခရီးမိုင်ပေါင်း ၁၁၂၂၀၀၀၀ ပျံသန်းပေးခဲ့ပြီး၊ ခရီးသွားပြည်သူ ၁၂၈၅၂၀၀ ဦးနဲ့ ကုန်စည်ပစ္စည်းတန်ချိန်ပေါင်းများစွာကို တာဝန်ကျေပွန်စွာ ထမ်းဆောင်ပေးခဲ့ပြီးလည်းဖြစ်ပါတယ်။ ဒါ့အပြင် နာဂစ်ဖြစ်စဉ်က ပင်လယ်ပြင် အသက်ကယ်ရှာဖွေရေးလုပ်ငန်းများကိုလည်း အတောင်ညောင်းသည်အထိပျံသန်းပြီး ကယ်ဆယ်ရေးလုပ်ငန်းများကိုပါ မမောတမ်း ထမ်းဆောင်ခဲ့တဲ့လေယာဉ်တစ်စင်းပါ။

မေး ။ ။ ဟုတ်ကဲ့ ဒီလေယာဉ်ပျံကို ဘယ်တုန်းက အနားပေးခဲ့ပါသလဲ။ ဘာကြောင့် အနားပေးခဲ့ရတာလဲသိပါရစေ။

ဖြေ ။ ။၂၀၁၀ ခုနှစ် ဩဂုတ်လ ၂၅ ရက်ကစပြီး အနားပေးခဲ့တာပါ။ လေယာဉ်သက်တမ်း ၂၅နှစ်ကျော်လာပြီးဖြစ်တာနဲ့ လေယာဉ်တွေကို အခုလိုပဲ လေကြောင်းဦးစီးဌာနအနေနဲ့ သတ်မှတ်ချက်အရအနားပေးသွားမှာပါ။ အပိုပစ္စည်းလည်းရှားပါးလာပါတယ်။

မေး။ ။ မင်္ဂလာဒုံလေယာဉ်ကွင်းကနေ ဘယ်ရက်က သယ်ဆောင်ခဲ့ပါသလဲခင်ဗျာ။

ဖြေ။ ။ဖေဖော်ဝါရီ ၂၂ ရက် ည ၁၀ နာရီက စတင်လို့ မင်္ဂလာဒုံလေဆိပ်လမ်းကနေ လေယာဉ်ဆွဲကားနဲ့ ဆွဲပြီး သယ်ဆောင်လာခဲ့ပါတယ်။ ပြည်သူ့ဥယျာဉ်အတွင်း နေရာချပြီးတဲ့အချိန်က ၂၃ ရက် နံနက်၄ နာရီမှာပါ။

မေး။ ။ သယ်ဆောင်ခဲ့တဲ့ လမ်းကြောင်းလေးကိုလည်း ပြောပြပေးပါဦး။

ဖြေ။ ။ မင်္ဂလာဒုံလေဆိပ်ကနေ ပြည်လမ်းအတိုင်း ရှစ်မိုင်၊ ကမ္ဘာအေးဘုရားလမ်းကနေ ဓမ္မစေတီလမ်း၊ နောက် ဒီအလုံလမ်းကနေ ပြည်သူ့ဥယျာဉ်အတွင်း သယ်ဆောင်ခဲ့တာပါ။

မေး။ ။ လမ်းကြောင်းတစ်လျှောက် အခက်အခဲများရှိပါသေးလားခင်ဗျာ။

ဖြေ။ ။ ကြိုတင်ပြင်ဆင်မှုများနဲ့အတူ မြို့တော်စည်ပင်သာယာရေးကော်မတီနဲ့ ဝိုင်းဝန်းကူညီမှုကြောင့် အခက်အခဲမရှိ ချောချောမောမော ရောက်ခဲ့ပါတယ်။

မေး။ ။ ပြင်ဆင်မှုအနေအထားလေးကိုများ သိခွင့်ရမလားခင်ဗျာ။

ဖြေ။ ။ လေယာဉ်တစ်စင်းလုံး စက်အပြည့်အစုံအပါအဝင် လေယာဉ်တစ်စင်းမှာ ရှိတဲ့ပစ္စည်းအင်္ဂါအစိတ်အပိုင်းအားလုံးကို တပ်ဆင်ပြသထားပါတယ်။ ပြင်ဆင်မှုအချိန်အားဖြင့် ရက်ပေါင်း ၂၀ လောက်တော့ ခန့်မှန်းထားပါတယ်။ပြီးသွားရင်တော့ မြို့တော်စည်ပင်သာယာရေးကော်မတီကိုအပ်ပြီး အများပြည်သူနဲ့ ကျောင်းသား ကျောင်းသူလူငယ်တွေ အနီးကပ် လေ့လာလို့ရပါပြီ။

မေး။ ။ အခုလိုပြည့်ပြည့်စုံစုံဖြေကြားပေးသွားတဲ့ အင်ဂျင်နီယာမှူးကို မြန်မာ့အလင်းက ကျေးဇူးတင်ပါတယ်ခင်ဗျာ..။

ပညာရွှေအိုးလှမခိုး

ဦးမြင့်မောင် (အင်ဂျင်နီယာမှူး) မြန်မာ့လေကြောင်း

အမေရိကန်ဘဏ္ဍာရေးဌာနက မြန်မာနိုင်ငံ၏ ... ငွေကြေးလွှဲပြောင်းပေးပို့မှု ဆောင်ရွက်ခွ... အထွေထွေလိုင်စင်တစ်ရပ်ကို ထုတ်...

နေပြည်တော် ဖေဖော်ဝါရီ ၂၆

အမေရိကန်ပြည်ထောင်စု ဘဏ္ဍာရေးဌာနက မြန်မာနိုင်ငံ၏ ဘဏ်(၄)ခုဖြစ်... မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်၊ အာရှစိမ်းလန်းဖွံ့ဖြိုးတိ... ဘဏ်တို့နှင့် ငွေကြေးလွှဲပြောင်းပေးပို့မှုများကို ဆောင်ရွက်ခွင့်ပြုသည့် အထွေထွေ... ခဲ့ကြောင်း ဖေဖော်ဝါရီ ၂၂ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

ထိုဆောင်ရွက်ချက်ကြောင့် အမေရိကန်ကုမ္ပဏီကြီးများ၊ ငွေကြေးအဖွဲ့အစည်း... အနေဖြင့် ငွေကြေးလွှဲပြောင်းမှု၊ ငွေကြေးဝန်ဆောင်မှုများကို ဆောင်ရွက်နိုင်... မြန်မာနိုင်ငံအစိုးရက ကြိုဆိုလိုက်သည်။ မြန်မာနိုင်ငံ၏ နိုင်ငံခြားငွေကြေးဝန်ဆောင်... နေသော အခြားသောဘဏ်များအတွက်လည်း အလားတူ အထွေထွေလိုင်စင်ကို... သည်။

မြန်မာနိုင်ငံအစိုးရသည် ပြည်သူများ၏ ဆန္ဒနှင့်အညီ ဒီမိုကရေစီအသွင်ကူး... တိုးတက်ရေးလုပ်ငန်းများကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြ... အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊ ငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းစဉ်... ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက ...

...ကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး ကန့်ဘလူမြို့ မဟာရွှေစည်ကြီးစေတီတော် ...မ်းလောင်းလှူပွဲ အလှူတော်မင်္ဂလာ ရေစက်ချအခမ်းအနားသို့တက်ရောက်

...တော်၊ သံဃာ
...အရှက်ဆွမ်း
...သာသနာရေး
...န်းလျှောက်ထား

...နက် ၈ နာရီ
...စုရွေးကောက်ပွဲ
...တင်အေး၊ တိုင်း
...နှင့် အဖွဲ့ဝင်
...ခရိုင်နှင့်မြို့နယ်
...များ၊ စေတနာ
...ပါင်း၍ ဆရာ
...များအား ဆွမ်း
...ဝတ္ထုပစ္စည်းများ
...ခဲ့သည်။
...ရသမအကြိမ်
...သံဃာ့ဒါနဆွမ်း
...မင်္ဂလာရေစက်
...ဟာရွှေစည်ကြီး
...င်၍ ဆက်လက်
...၁ အခမ်းအနား
...သုံးကြိမ်ရွတ်ဆို
...ဖွင့်လှစ်ကြ

...ရိသတ်များက
...ကျောင်း မဟာဝိ
...ဆရာတော်
...ဒ္ဓန္တအဂ္ဂညာဏ
...ိုးပါးသီလခံယူ
...ဆရာတော်၊
...တ်ပွားသဇ္ဈာယ်
...မေတ္တာသုတ်
...ား နာယူကြည်

...ကော်မရှင်ဥက္ကဋ္ဌ
...ားဒကာ၊ ဒကာ
...၏၊ သံဃာတော်
...များ ဆက်ကပ်
...လးမြို့ ဆင်မင်း
...က် ဆရာတော်
...တရားတော်ကို
...၁ လှူဒါန်းမှု
...က်သွန်းချအမျှ

...တော်၊ သံဃာ
...တ်များက တေ
...ုဇနီယပွဲတော်
...ခမ်းအနားကို

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးနှင့် ဆရာတော် သံဃာတော်များထံ လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများသည် ဆရာတော်သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ထိုမှတစ်ဆင့်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ကန့်ဘလူမြို့နယ် ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာမိုးမြင့်ဝင်းနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး ဆေးရုံသို့ မျက်စိဝေဒနာရှင်လူနာများ လာရောက်ကုသမှု ခံယူသည့် အခြေအနေနှင့် လတ်တလော မျက်စိခွဲစိတ်ကုသမှု ဆောင်ရွက်ပြီးစီးသည့်ကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးနှင့် အဖွဲ့ဝင်များသည် မျက်စိခွဲစိတ်ကုသမှု ခံယူပြီးသည့် လူနာများအား မျက်မှန်များတပ်ဆင်ပေးကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အလှူရှင်တစ်ဦးတို့က ဆေးရုံအတွက်အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ဆေးရုံအုပ်ကြီးက လက်ခံသည်။

ထို့နောက် မျက်စိခွဲစိတ်ကုသမှု ခံယူပြီးကြသည့် လူနာများအတွက် ဆောင်ရန်၊ ရှောင်ရန် စည်းကမ်းချက်များနှင့် လိုက်နာဆောင်ရွက်ရမည့် ကျန်းမာရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ တာဝန်ရှိ ဆရာဝန်တစ်ဦးက ရှင်းလင်းပြောကြားပြီး ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် လူနာများအား ရင်းရင်းနှီးနှီး နှုတ်ဆက် အားပေးကြသည်။

ကန့်ဘလူမြို့ ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးတွင် အေးမြစိုးဖောင်ဒေးရှင်းနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ကန့်ဘလူ၊ ကျွန်းလှ၊ ခင်ဦး၊ ကောလင်းမြို့နယ်များမှ မျက်စိဝေဒနာရှင် ၁၉၇၅ ဦး စမ်းသပ်ခဲ့ရာ အကြီးစားခွဲစိတ် လူနာ ၁၃၅ ဦး၊ အသေးစားခွဲစိတ် လူနာ ၁၂၈ ဦးတို့ကို ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၄ ရက်အထိ ကန့်ဘလူ၊ ရွှေဘို၊ စစ်ကိုင်းနှင့် မုံရွာမြို့တို့မှ မျက်စိအထူးကုဆရာဝန်ကြီးများ သူနာပြု များဖြင့် ကုသပေးခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

(၉)ကြိမ်မြောက် မဲခေါင်ဒေသ ခြောက်နိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေး အစည်းအဝေးကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၆

(၉)ကြိမ်မြောက် မဲခေါင်ဒေသ ခြောက်နိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးအစီအစဉ် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို ဖေဖော်ဝါရီ ၂၁ ရက်မှ ၂၂ ရက်အထိ ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ကျင်းပပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲဦးစီးအရာရှိချုပ် ရဲမှူးချုပ် ခင်မောင်စီ၊ သတင်းတပ်ဖွဲ့၊ ဒုတိယတပ်ဖွဲ့မှူး ရဲမှူးကြီး ဝင်းနိုင်ထွန်း၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအဖွဲ့မှ ရဲမှူး ခင်မောင်လှ၊ လူမှုဝန်ထမ်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်သင်းသင်းနွယ်၊ UNIAPမှ ဒေါ်ဥမ္မာအိအိချော၊ မြန်မာနိုင်ငံအခြေစိုက် World Vision Myanmar, Save the children၊ IOM , UNICEF ၊ မဲခေါင်ဒေသအတွင်း လူကုန်ကူးမှုတိုက်ဖျက်ရေးအစီအစဉ်တွင် အကူအညီပေးကြသည့် အလှူရှင်နိုင်ငံမှ ကိုယ်စားလှယ်များ၊ သံရုံးအချို့မှ တာဝန်ရှိသူများ၊ လူကုန်ကူးမှုနှီးနှောဖလှယ်ပွဲများတွင် တက်ရောက်ခဲ့ကြသည့် နိုင်ငံအသီးသီးတို့မှ လူငယ်များ တက်ရောက်ခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲတွင် နိုင်ငံအလိုက် ၂၀၁၂ ခုနှစ်အတွင်း လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းများ အောင်မြင်စွာလုပ်ဆောင်ခဲ့မှုများ၊ လုပ်အားအတွက် လူကုန်ကူးမှုဖြစ်နေမှုများအား တားဆီးကာကွယ်ရာတွင် တွေ့ကြုံခဲ့ရသည့်သင်ခန်းစာများ၊ ပုဂ္ဂလိကအခန်းကဏ္ဍမှ လူကုန်ကူးမှုတားဆီးရေးတွင် ပူးပေါင်းပါဝင်လာမှုများအား နိုင်ငံအလိုက်တင်ပြခြင်းနှင့် သင်ခန်းစာဖော်ထုတ်မျှဝေခြင်း၊ တရားစီရင်ရေး၌ ပူးပေါင်းဆောင်ရွက်မှုများ၊ ပြန်လည်ပေါင်းစည်းရေးတွေ့ရှိချက်များအား ဆွေးနွေးတင်ပြကြပြီး မဲခေါင်ဒေသနိုင်ငံ အသီးသီးမှ လူငယ်များ တွေ့ဆုံတင်ပြခြင်းများ ဆွေးနွေးခဲ့သည်။

ထို့နောက်အစည်းအဝေးမှ လူကုန်ကူးမှုတိုက်ဖျက်ရေးဆောင်ရွက်ရာတွင် ပါဝင်ဆောင်ရွက်သူများ ရှုထောင့်ပေါင်းစုံမှချဉ်းကပ်ဆောင်ရွက်ရန်၊ မဲခေါင်ဒေသအတွင်း သာမက အာဆီယံနိုင်ငံများ၊ အထူးသဖြင့် မလေးရှားနိုင်ငံနှင့် ပုဂ္ဂလိကပညာရှင်များပါဝင်လာအောင် ချိတ်ဆက်ဆောင်ရွက်ကြရန် ဒေသအတွင်းအစိုးရများ၏ တာဝန်ယူဆောင်ရွက်မှုအား မြှင့်တင်ပေးရန်၊ လာမည့်အနာဂတ်တွင် အစိုးရများမှ ဆက်လက်တာဝန်ယူရန်၊ ပုဂ္ဂလိကပညာရှင်များ၏ ကဏ္ဍနှင့် လူကုန်ကူးမှုတိုက်ဖျက်သည့်ကဏ္ဍတို့ အပြန်အလှန်နားလည်မှု အကျိုးပြုမှုရှိစေရန်၊ လူကုန်ကူးခံရသူများထိန်းသိမ်းစောင့်ရှောက်သည့် ဂေဟာများ၌ အနိမ့်ဆုံးစံသတ်မှတ်ရာတွင် လူကုန်ကူးခံရသူများထံမှ ရရှိသည့် အချက်အလက်များပါ ထည့်သွင်းဆောင်ရွက်ရေး လုပ်ဆောင်ကြရန်၊ လူကုန်ကူးခံရသူများမိသားစုနှင့် ပြန်လည်ပေါင်းစည်းရေးနှင့် ကူညီပံ့ပိုးမှုများအား ပိုမိုမြှင့်တင်ဆောင်ရွက်နိုင်ရန်အတွက် မဲခေါင်ဒေသနိုင်ငံအချင်းချင်း နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးဆောင်ရွက်ကြရန်၊ ပြန်လည်ပေါင်းစည်းရေးလုပ်ငန်းစဉ်များအား အလေးထားဆောင်ရွက်ပေးရန် မဲခေါင်ဒေသအတွင်း၌ ပြုလုပ်သည့် လူငယ် နှီးနှောဖလှယ်ပွဲများအား ဆက်လက်ပြုလုပ်ရန်နှင့် ရလဒ်များအား မဲခေါင်ဒေသခြောက်နိုင်ငံ ဝန်ကြီးအဆင့် တိုက်ဖျက်ရေးလုပ်ငန်းစဉ်တွင် ဆက်လက်ပေးပို့သင့်သည်များ ဆောင်ရွက်ကြရန် နိုင်ငံတိုင်းတွင် အမျိုးသားအဆင့် လူငယ်နှီးနှောဖလှယ်ပွဲအား ဆက်လက်ပြုလုပ်ရန်၊ (၁၀)ကြိမ်မြောက် အဆင့်မြင့်အရာရှိများအစည်းအဝေးတွင် မလေးရှားနိုင်ငံနှင့် အာဆီယံနိုင်ငံအသီးသီးတို့မှ ကိုယ်စားလှယ်များအား လေ့လာသူများအဖြစ် ဖိတ်ကြားသွားရန်တို့ကို ဆွေးနွေးအကြံပြုကြသည်။

ထို့ပြင် မဲခေါင်ဒေသတွင်း လူငယ်ကိုယ်စားလှယ်များမှလည်း လုံခြုံစိတ်ချရသည့် ရွှေ့ပြောင်းသွားလာမှု ဖြစ်စေရေး၊ ဆင်းရဲမွဲတေမှုလျှော့ချရေး၊ လူကုန်ကူးမှုနှင့်ဆက်စပ်သည့် ဗဟုသုတများ၊ သတင်းအချက်အလက်များရရှိရေး၊ ကလေးများအား အကာအကွယ်ပေးရေး၊ လူကုန်ကူးခံရသူများအား ဝန်ဆောင်မှုပေးရေးမူဝါဒများ ချမှတ်ရာတွင် ကလေးများနှင့်လူငယ်များပါဝင်ဆောင်ရွက်ရေးတို့ကို တင်ပြဆွေးနွေးခဲ့ကြပြီး တရုတ်နိုင်ငံနှင့်သီးခြားဆွေးနွေးရာ၌ လောက်ကိုင်/နမ့်ဆန် နယ်စပ်ဆက်ဆံရေးရုံးအား ယခုနှစ်အတွင်း ဖွင့်လှစ်ရေး၊ ထိုင်းနိုင်ငံနှင့်သီးခြားဆွေးနွေးရာ၌ မြဝတီ/မဲဆောက် နယ်စပ်ဆက်ဆံရေးရုံးဖွင့်ရေး၊ လာအိုနှင့်သီးခြားဆွေးနွေးရာ၌ နယ်စပ်သတင်းများဖလှယ်ရေးတို့အား အသေးစိတ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဂျော်ဒန်နိုင်ငံ အထည်ချုပ်စက်ရုံ၌ မြန်မာအလုပ်သမားများဆန္ဒပြ

နေပြည်တော် ဖေဖော်ဝါရီ ၂၆

ဂျော်ဒန်နိုင်ငံ Ramtha မြို့ Century Miracle Apparel Mfg. Co.,Ltd. အထည်ချုပ်စက်ရုံ၌ အလုပ်လုပ်ကိုင်လျက်ရှိသော မြန်မာအလုပ်သမား ၁၃၀၀ အနက် ၃၀ ဦး ခန့်သည် ဖေဖော်ဝါရီ ၁၄ ရက်မှ စတင်ပြီး အလုပ်ရှင်အား ဆန္ဒပြမှုဖြစ်ပွားလျက်ရှိကြောင်း သိရှိရသည်။

၎င်းအလုပ်သမားများအားလုံးမှာ တရားမဝင် အေဂျင်စီများ၏ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် သွားရောက် အလုပ်လုပ်ကိုင်နေကြသူများဖြစ်သော်လည်း အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနအနေဖြင့် ၎င်းတို့၏ အခက်အခဲကို အတတ်နိုင်ဆုံး ဖြေရှင်းဆောင်ရွက်ပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ဖြစ်စဉ်မှာ အလုပ်ရှင်ဘက်မှ ကျွေးမွေးသည့် နေ့လယ်စာကို စားသောက်ရန် အဆင်မပြေ၍ မြန်မာအလုပ်သမား ၃၀ က တင်ပြရာ ထပ်မံချက်သည့်ဟင်းများမှာလည်း သင့်လျော်မှုမရှိသောကြောင့် နှစ်ဖက်အငြင်းပွားရာမှ မြန်မာအလုပ်သမားများအကြား မကျေနပ်မှုကြီးထွားလာပြီး တောင်းဆိုဆန္ဒပြမှုများ ဖြစ်ပွားလာခြင်းဖြစ်ကြောင်း သိရသည်။

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ဆက်သွယ်ညှိနှိုင်းပြီး ဂျော်ဒန်နိုင်ငံနှင့် အနီးစပ်ဆုံးဖြစ်သော အစ္စရေးနိုင်ငံဆိုင်ရာ မြန်မာသံရုံးမှတစ်ဆင့် ယခုပြဿနာကိုဖြေရှင်းရန် ဆောင်ရွက်လျက်ရှိသည်။

သို့ရာတွင် မြန်မာနှင့် ဂျော်ဒန်နိုင်ငံအကြား သံတမန်အဆက်အသွယ်မရှိခြင်းနှင့် အစ္စရေးနိုင်ငံဆိုင်ရာ မြန်မာသံရုံး၏လေ့လာတွေ့ရှိချက်များအရ အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ်တွင်ပါရှိသည့် အချက်များအတိုင်း အလုပ်ရှင်မှ ဆောင်ရွက်ပေးနေသည့်အတွက် ဂျော်ဒန်နိုင်ငံ၏ တည်ဆဲဥပဒေအရသာ ဖြေရှင်းဆောင်ရွက်နိုင်မည့်အခြေအနေဖြစ်ကြောင်း သိရသည်။

ဂျော်ဒန်နိုင်ငံရှိ အလုပ်သမားဥပဒေအရ အလုပ်သမားများ ဆန္ဒပြလိုလျှင် ၁၄ ရက်ကြိုတင်၍ အလုပ်ရှင်ထံ ခွင့်ပြုချက်တောင်းခံရမည်ဖြစ်ပြီး နို့တစ်စာအရ ၄၈ နာရီအတွင်း လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်ရန်နှင့် မဝင်ရောက်ပါက ပထမတစ်ရက်တွင် ဂျော်ဒန်ဒေါ်လာ ၅၀၊ နောက်ရက်များတွင် တစ်ရက်လျှင် ဂျော်ဒန် ငါးဒေါ်လာအား အလုပ်သမားမှ ပြစ်ဒဏ်အနေဖြင့် ပေးဆောင်ရမည့်အပြင် ဆန္ဒပြသည့်ရက်များအတွင်း လစာပေးမည်မဟုတ်ကြောင်းနှင့် အလုပ်သမားများအား အလုပ်ဆက်လုပ်ရန် ဆန္ဒမရှိပါက စက်ရုံမှ အပြန်လေယာဉ်လက်မှတ်ဝယ်ပေးမည်ဖြစ်ကြောင်း သိရှိရသည်။

ယခုကိစ္စအား သက်ဆိုင်ရာနိုင်ငံ အလုပ်သမားဝန်ကြီးဌာန၊ အလုပ်ရုံတို့နှင့် နီးစပ်ရာသံရုံးမှတစ်ဆင့် အကောင်းဆုံးဖြစ်အောင် ညှိနှိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို မျက်ခြည်မပြတ်စောင့်ကြည့်လျက်ရှိကြောင်း အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

အမျိုးသားဘောလုံးပြိုင်ပွဲ ကယားပြည်နယ်နိုင်ပွဲဆက်

သတင်း-စိုင်းညီလေး၊ ဓာတ်ပုံ-ခွန်ငယ်

နေပြည်တော် ဖေဖော်ဝါရီ ၂၆

၂၀၁၃ ခုနှစ် ဆီးဂိမ်းအကြိုပြည်ထောင်စုဖလား အားကစားပြိုင်ပွဲ၏ အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ဝဏ္ဏသိဒ္ဓိကွင်း၌ ဆက်လက်ကျင်းပရာ ကယားပြည်နယ်အသင်းက ကရင်ပြည်နယ်အသင်းကို ငါးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ **(အောက်ယာပုံ)** ကယားပြည်နယ်အတွက် ဂိုးများကို ဘောရယ်က သုံးမိနစ်တွင် လည်းကောင်း၊ အောင်ကိုကိုဦးက ၂၅ မိနစ်တွင် လည်းကောင်း၊ ဝေယံလင်းက ၅၄ မိနစ်တွင်လည်းကောင်း၊ လူစားဝင်လာသည့် အာဘဲတိုက အနိုင်ဂိုးများကို ၆၁၊ ၈၀ မိနစ်တွင် လည်းကောင်း သွင်းယူပေးခဲ့သည်။ ကရင်ပြည်နယ်အတွက်ဂိုးများကို စိုးဇော်က ၂၂မိနစ် တွင်လည်းကောင်း၊ စွမ်းထက်က ၂၃ မိနစ်တွင် လည်းကောင်း၊ စောထူးထူးက ၃၆ မိနစ်တွင် လည်းကောင်း သွင်းယူခဲ့ကြသည်။

နံနက်ပိုင်းနှင့် ညနေပိုင်းတွင် အခြားပွဲများ၌ ရန်ကုန်တိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို ရှစ်ဂိုး-နှစ်ဂိုးဖြင့် လည်းကောင်း၊ ကချင်ပြည်နယ်အသင်းက ရှမ်းပြည်နယ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ မွန်ပြည်နယ်အသင်းက ချင်းပြည်နယ်အသင်းကို လေးဂိုး-ဂိုးမရှိဖြင့် လည်းကောင်း အသီးသီး အနိုင်ရရှိကြသည်။

ယနေ့ပွဲစဉ်များအပြီးတွင်အုပ်စု(က)မှ ရန်ကုန်က သုံးပွဲကစား သုံးပွဲအနိုင်ဖြင့် အုပ်စုပထမ၊ ပဲခူးက သုံးပွဲကစား နှစ်ပွဲနိုင်၊ တစ်ပွဲရှုံးဖြင့်ဒုတိယ၊ အုပ်စု(ခ)မှ နေပြည်တော်နှင့် ရခိုင်ပွဲကျန်ရှိသေးပြီး ကယားနှင့် နေပြည်တော် အုပ်စုမှတက်ရန်အလားအလာကောင်းနေသည်။ အုပ်စု(ဂ)မှ ကချင်က သုံးပွဲကစား သုံးပွဲနိုင်ဖြင့် အုပ်စုပထမ၊ မွန်က သုံးပွဲကစား နှစ်ပွဲနိုင်၊ တစ်ပွဲရှုံးဖြင့် ဒုတိယ၊ အုပ်စု(ဃ)မှ မန္တလေးက နှစ်ပွဲကစား တစ်ပွဲနိုင်၊ တစ်ပွဲရှုံး ဂိုးကွာခြားချက်ဖြင့် အုပ်စုပထမ၊ မကွေးက တစ်ပွဲနိုင်-တစ်ပွဲရှုံးဖြင့် ဒုတိယရရှိကြသည်။

တင်းနစ်ပြိုင်ပွဲများတွင် အောင်ကျော်နိုင်နှင့် သန္တာအောင်(ရန်ကုန်)အနိုင်ရ

နေပြည်တော် ဖေဖော်ဝါရီ ၂၆

၂၀၁၃ ဆီးဂိမ်းအကြိုပြည်ထောင်စုဖလား အားကစားပြိုင်ပွဲကို ဆက်လက်ကျင်းပလျက်ရှိရာ အမျိုးသားတစ်ဦးချင်း တင်းနစ်ဗိုလ်လုပွဲတွင် အောင်ကျော်နိုင်(ရန်ကုန်)က ဇော်ဆန်းဦး(ရခိုင်)ကို ၆-၁၊ ၆-၃ ဖြင့်လည်းကောင်း၊ အမျိုးသမီးတစ်ဦးချင်း တင်းနစ်ဗိုလ်လုပွဲတွင် သန္တာအောင်(ရန်ကုန်)က မေသီထွန်း(ရန်ကုန်)ကို ၇-၅၊၅-၇၊ ၆-၄ ဖြင့်လည်းကောင်း အနိုင်ရရှိဗိုလ်စွဲခဲ့ပြီး အမျိုးသား-အမျိုးသမီးနှစ်ယောက်တွဲ တင်းနစ်အကြိုဗိုလ်လုပွဲတွင် အောင်ကျော်နိုင်-အေမီထွန်း (ရန်ကုန်)က အောင်ပြည့်ဖြိုး-နွေဦးမွန်(ကယား)ကို ၆-၀၊ ၆-၀ ဖြင့်လည်းကောင်း၊ ခင်မောင်ဝင်း-ချစ်စုရည်(ပဲခူး)က အောင်မျိုးသန့်၊ မေသီထွန်း(ရန်ကုန်)ကို ၆-၁၊၆-၁ ဖြင့်လည်းကောင်း အနိုင်ရရှိကာ ဗိုလ်လုပွဲသို့ တက်ရောက်သွားကြသည်။

အမျိုးသမီးတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲတွင် သန္တာအောင်(ရန်ကုန်) နှင့် မေသီထွန်း(ရန်ကုန်)တို့မှာ လက်ရွေးစင်ကစားသမားဖြစ်သည်နှင့်အညီ လက်ရည်မကွာသဖြင့် ပွဲမှာ သူတစ်ပြန် ကိုယ်တစ်ပြန် အကြိတ်အနယ်ရှိခဲ့ပြီး ပွဲကစားချိန် နှစ်နာရီခွဲခန့်ကြာမြင့်အောင် ယှဉ်ပြိုင်ခဲ့ပြီးမှ အနိုင်အရှုံးပေါ်ခဲ့သည်။

...မြန်မာနိုင်ငံ၏ ဘဏ်(၄)ခုနှင့် ...ဆောင်ရွက်ခွင့်ပြုသည့် ...ရပ်ကို ထုတ်ပေးခဲ့

...ဖော်ဝါရီ ၂၆

...နိုင်ငံ၏ ဘဏ်(၄)ခုဖြစ်သော မြန်မာ့စီးပွားရေးဘဏ်၊ ...အာရှစိမ်းလန်းဖွံ့ဖြိုးတိုးတက်ရေးဘဏ်၊ ဧရာဝတီ ...ခွင့်ပြုသည့် အထွေထွေလိုင်စင်တစ်ရပ်ကို ထုတ်ပေး...သည်။

...ား၊ ငွေကြေးအဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်တစ်ဦးချင်း ...များကို ဆောင်ရွက်နိုင်တော့မည်ဖြစ်သည့်အတွက် ...ငံခြားငွေကြေးဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက် ...အထွေထွေလိုင်စင်ကို ထုတ်ပေးသွားရန် မျှော်လင့်...

...ဒီမိုကရေစီအသွင်ကူးပြောင်းရေး၊ လူမှုစီးပွား ဖွံ့ဖြိုး...က်ဆောင်ရွက်သွားမည်ဖြစ်သည်။ တစ်ချိန်တည်းမှာပင် ...ဆောင်မှု လုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် ...ခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့် ဝေရောစနကျောက်စိမ်းစေတီ တည်ထားမည့်နေရာ ကြည့်ရှု

နေပြည်တော် ဖေဖော်ဝါရီ ၂၆

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် မြင်းမူးကျေးရွာအုပ်စု ဆင်ရွာကွင်းအတွင်း တည်ထားကိုးကွယ်မည့် ဝေရောစန ရွှေတိဂုံပုံတူ ကျောက်စိမ်းစေတီတော်နှင့် ကျောက်စိမ်းဓမ္မာရုံ တည်ဆောက်နေမှုကို ဖေဖော်ဝါရီ ၂၃ ရက် ညနေပိုင်းက သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့် သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကျောက်စိမ်းစေတီတော် တည်ထားကိုးကွယ်မည့် နေရာနှင့် အနီးဝန်းကျင်ရှိ မြေသားများကို ဘူမိဗေဒပညာရှင်များနှင့် စနစ်တကျ လေ့လာပေါင်းစပ်ရန်၊ ရင်ပြင်တော်ပိုင်းများတွင်လည်း ဘိုးပိုင်ရိုက်ရန်၊ Structure များကို ခိုင်ခံ့စွာ ပြုလုပ်ရန်မှာကြားကာ ကျောက်စိမ်းစေတီနှင့် ကျောက်စိမ်းဓမ္မာရုံ တည်ဆောက်ရာ၌ အသုံးပြုမည့် ကျောက်စိမ်းများနှင့် ကျောက်စိမ်းစေတီတော် တည်ဆောက်မှုတို့ကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပုလဲငွေရောင် အရန်မီးသတ် ထမနဲဘုံဆွမ်းလောင်းလှူ

မန္တလေး ဖေဖော်ဝါရီ ၂၆

ဒုတိယအကြိမ်မြောက် တပို့တွဲလပြည့်နေ့ မြန်မာ့ရိုးရာ ထမနဲဘုံဆွမ်းလောင်းလှူရန် စုပေါင်းထမနဲထိုးပွဲကို ဖေဖော်ဝါရီ ၂၄ ရက်က မန္တလေးအောင်မြေသာစံမြို့နယ် ပုလဲငွေရောင် အရန်မီးသတ်စခန်း၌ စုပေါင်း၍ တပျော်တပါးကျင်းပကြသည်။

အဆိုပါ စုပေါင်း ထမနဲထိုးပွဲတွင် ထမနဲ ၁၅ ပြည်ကို ရပ်ကွက် ပြည်သူများနှင့် အရန်မီးသတ်တပ်ဖွဲ့၊ ရပ်ကွက်အရန်မီးသတ်တပ်ဖွဲ့စခန်းမှ တပ်ကြပ်ကြီးစိုးလင်းနှင့်တပ်ဖွဲ့ဝင်များ ထမနဲထိုးကြရာ **(အပေါ်ပုံ)** မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်သူ၊ မန္တလေးခရိုင်အရန်မီးသတ် ကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဗိုလ်မင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဝင်းကိုတို့က ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ဆောင်ရွက်ပေးကြသည်။ အဆိုပါထမနဲ ၁၅ ပြည်ထိုးပြီး အရန်မီးသတ်စခန်းရှေ့၌ တပို့တွဲလပြည့်နေ့ နံနက် ၅ နာရီမှ စတင်၍ သံဃာအပါး ၂၀၀ ကို ဘုံဆွမ်းလောင်းလှူဒါန်းခဲ့ကြောင်း သိရသည်။ **(ဝ၆၂)**

ကားအောက်ဝင်၍ ပြင်နေစဉ် နောက်မှကားကဝင်တိုက်သဖြင့် သေဆုံး

စစ်ကိုင်း ဖေဖော်ဝါရီ ၂၆

ကားပျက်၍ လမ်းဘေးတွင် ကားရပ်ပြီး ယာဉ်မောင်းသူက ကားအောက်ဝင်ရောက် ကားပြင်နေစဉ် နောက်မှကားက ဝင်တိုက်သဖြင့် ကားပြင်နေသူ နေရာ၌ပင် ပွဲချင်းပြီးသေဆုံးသွားသော ယာဉ်တိုက်မှု စစ်ကိုင်းမြို့နယ်၌ ဖြစ်ပွားသည်။

ပွဲချင်းပြီး

ဖြစ်စဉ်မှာ စစ်ကိုင်းမြို့နယ် ရွာသစ်ကြီးရဲစခန်းမှ စခန်းမှူး ဒုရဲအုပ်အောင်ဇော်ထူး စခန်းတွင် ဖေဖော်ဝါရီ ၂၁ရက် နံနက် ၁၁နာရီက တာဝန်ထမ်းဆောင်နေစဉ် စစ်ကိုင်း-ရွှေဘိုကားလမ်း ရုံးပင်ကန် ကျေးရွာအနီး၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ တပ်ကြပ် လွှမ်းမိုးအောင်၊ တပ်သားသီဟထွန်း၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးညွန့်ရွှေတို့နှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးရာ စစ်ကိုင်း-ရွှေဘိုကားလမ်းအတိုင်း ရွှေဘိုဘက်မှ စစ်ကိုင်းဘက်သို့ ယာဉ်မောင်းသိမ်းမင်းစိုး (၃၅နှစ်) အမှတ် (၇)ရပ်ကွက် ရွှေဘိုမြို့နေသူ မောင်းနှင်လာသည့် ဟီးနိုး ကပရယာဉ်သည် မိုင်တိုင်အမှတ် (၂၉/ ၅) နှင့် (၂၉/၆) ကြား၊ တံတားအမှတ် ၂/၃၀ အရောက်၌ ကားပျက်သွား၍ လမ်းယာဘက်တွင် ရပ်ပြီး ကားအောက်သို့ ဝင်၍ ကားပြင်ဆင်နေစဉ် ရွှေဘိုဘက်မှ စစ်ကိုင်းဘက်သို့ ယာဉ်မောင်းဦးစံလွင် (၄၅နှစ်) ရွှေကတော်အုပ်စု ကျွဲပွဲ၊တန့်ဆည်မြို့နေသူ မောင်းနှင်လာသော UD ခြောက်ဘီးကားက နောက်မှ ဝင်တိုက်မိခြင်းကြောင့် သိမ်းမင်းစိုးမှာ ဟီးနိုး ကပရကား၏ နောက်ဘီးဖြင့် ကြိတ်မိပြီး ဒဏ်ရာများရရှိကာ နေရာတွင်ပင် ပွဲချင်းပြီးသေဆုံးခဲ့သည်။

စစ်ဆေး

ယာဉ်တိုက်မှုဖြစ်ပွားပြီး ယာဉ်မောင်းဦးစံလွင်မှာ ထွက်ပြေးသွားသည်။ ယာဉ်မဆင်မခြင် မောင်းနှင်၍ လူသေဆုံးမှုဖြစ်သည့်အတွက် ယာဉ်မောင်းဦးစံလွင် ၄၅ နှစ် ရွှေကတော်အုပ်စု ကျွဲပွဲတန့်ဆည်မြို့နေသူအား စစ်ဆေးလျက်ရှိသည်။ **(၁၃၇)**

မြန်မာတိုင်းရင်းဆေးပညာဖြင့် ဒေသခံပြည်သူများ ကျန်းမာရေးအသိပညာနှင့် ကွင်းဆင်းကုသဆောင်ရွက်ပေး

မုံရွာ ဖေဖော်ဝါရီ ၂၆

မြန်မာ့ တိုင်းရင်းဆေးပညာကို ကျေးလက်နေပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်စေရန်နှင့် ဒေသခံပြည်သူများကို ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ရန် ရည်ရွယ်လျက် ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မြင်းမူမြို့နယ်ညောင်ပင်ကန်ကျေးရွာ အုပ်စုအတွင်းမှ ကျေးရွာများသို့ မုံရွာမြို့ ခုတင် ၅၀ ဆံ့ တိုင်းရင်းဆေးရုံအုပ်ကြီး ဦးနေအောင်နှင့် အဖွဲ့ဝင် ၁၀ ဦးတို့သည် တိုင်းရင်းဆေးဖြင့် ကျန်းမာရေး အသိပညာပေးရန်နှင့် ကုသပေးရန် ကွင်းဆင်း ဆောင်ရွက်ခဲ့သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်စဉ် ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ကျန်းမာရေးဟောပြောပွဲကျင်းပရာ တိုင်းရင်းဆေးရုံအုပ်ကြီး ဦးနေအောင်က ဆီးချိုနှင့် သွေးတိုးရောဂါဖြစ်ပွားသူ၏ လက္ခဏာများ၊ ရှောင်ရန်၊ ဆောင်ရန်အချက်များ၊ အဆိုပါရောဂါများဖြစ်ပွားပါက အစားအသောက် အနေအထိုင် ဆင်ခြင်နိုင်ရေးတို့ကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။ **(ယာပုံ)**

ထို့နောက် ဒေသခံပြည်သူများကို ကျန်းမာရေးစစ်ဆေးပြီး ထုံကျဉ်၊ ယားနာ၊ ကိုက်ခဲ၊ လေငန်းရောဂါများနှင့် အဆစ်အမျက်ရောင်ရောဂါ ဝေဒနာရှင် စုစုပေါင်း ၂၅၄ ဦးတို့ကို တိုင်းရင်းဆေးများဖြင့် ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။ **(ချိုနွယ်ငွေး)**

မြင်းခြံမြို့ ဆန္ဒတော်ပြည့်စေတီ ဗုဒ္ဓပူဇနိယပွဲ အထိမ်းအမှတ် ထမနဲဒယ် ၁၀၀ ထိုးပွဲ ကျင်းပ

မြင်းခြံ ဖေဖော်ဝါရီ ၂၆

မြင်းခြံမြို့နယ် မင်းကျောင်းတိုက်တွင် တည်ထားကိုးကွယ်သည့် ဆန္ဒတော်ပြည့်စေတီတော်(၁၁)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် အထိမ်းအမှတ် ထမနဲဒယ် ၁၀၀ ထိုးပွဲကို ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၈ နာရီက အဆိုပါ ကျောင်းတိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် ဆန္ဒတော်ပြည့်စေတီတော် ဂေါပကအဖွဲ့ဝင် ဦးဘိုလှရီက ကျေးဇူးရှင် မင်းကွန်းတိပိဋကဓရ ဆရာတော်၏ ဆန္ဒအရ တည်ထားကိုးကွယ်သည့် ဆန္ဒတော်ပြည့်စေတီတော် ဗုဒ္ဓပူဇနိယပွဲတော်ကို နှစ်စဉ်ကျင်းပခဲ့သည်မှာ (၁၁)ကြိမ်မြောက်ပြီဖြစ်ပြီး ဗုဒ္ဓပူဇနိယပွဲတော်နှင့်အတူ ထမနဲ ဒယ် ၁၀၀ ထိုးပွဲကို နှစ်စဉ်ထည့်သွင်းပြုလုပ်လာခဲ့ကြောင်း တပို့တွဲလဆန်း ၁၄ ရက်နေ့တိုင်း ထမနဲထိုးပြီး တပို့တွဲလပြည့်နေ့တွင် မြို့နယ်အတွင်း ကျောင်းတိုက်ပေါင်း ၇၀ ကျော်မှ သံဃာတော်အရှင်သူမြတ် အပါး ၂၀၀၀ ကို ဆွမ်းသပိတ်ကပ်လှူပူဇော်ကြောင်း၊ ဆွမ်းသပိတ် ကပ်လှူပူဇော်ပွဲသို့ ကြွရောက်သော သံဃာတော်အရှင်သူမြတ်များကို ဆက်ကပ်လှူဒါန်းရန် ဆွမ်းသပိတ်ဆက်ကပ်လှူဒါန်းမယ့် ကုသိုလ်ရှင်များကို ဧည့်ခံကျွေးမွေးရန် ထမနဲဒယ်၁၀၀ ထိုးကြောင်းပြောကြားသည်။

ထမနဲဒယ် ၁၀၀ ထိုးပွဲအတွက် လိုအပ်သည့် ကောက်ညှင်းဆန်၊ ဆီ၊ နှမ်းတို့ကို ဒေသခံအလှူရှင်များက နှစ်စဉ်ပါဝင်လှူဒါန်းကြရာ ဆီကုန်သည်ကြီးများအသင်းက ဆီပိဿာ၁၀၀၊ ဒေါ်ဝင်းမိသားစုက ကောက်ညှင်းဆန်၁၀တင်း၊ သစ်ရုံကျေးရွာဒေသခံများကနှမ်းရှစ်တင်း၊ ဦးစံလွင်-ဒေါ်သန်းသန်းမိသားစုက မြေပဲရှစ်တင်း၊ ဦးခင်လှိုင်-ဒေါ်ခင်မင်းနိုင် မိသားစုက ကောက်ညှင်းဆန် လေးတင်းခွဲ၊ ဒေါ်အောင်ကြည်က ကောက်ညှင်းဆန် တစ်တင်း၊ ဦးမြင်း မိသားစု(တောင်ငူမြို့)က အုန်းသီး ၁၇၅ လုံး စသည်ဖြင့် အသီးသီး ပါဝင်လှူဒါန်းကြောင်း သိရသည်။ **ဦးချမ်းသာ(မိတ္ထီလာ)**

ဓာတ်ဆီဖြည့်မှု သတိပြု

ပူပြင်းသော ရာသီကာလ နေ့လယ်ချိန်များတွင် မော်တော်ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့် ဓာတ်ဆီလဲလှယ်ခြင်းများပြုလုပ်စဉ် ပွတ်တိုက်မှု(Friction)မှ သဘာဝတည်ငြိမ် လျှပ်စစ်(Static Electricity)တို့ ဖြစ်ပေါ်တတ်မှုကြောင့် မီးလောင်မှုများ ဖြစ်ပွားနိုင်ပါသဖြင့် ရာသီဥတုပူပြင်းချိန်တွင် ပလတ်စတစ်ပုံး၊ ပလတ်စတစ်ပိုက်တို့ဖြင့် ဓာတ်ဆီဖြည့်ခြင်းနှင့် လဲလှယ်ခြင်းများကို သတိပြု ရှောင်ကြဉ်ကြပါရန်။





ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းအာဏာပိုင် လုပ်ငန်းတင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဆူးလေဆိပ်ကမ်းတံတားတွင် အောက်ဖော်ပြပါလုပ်ငန်း ဆောင်ရွက်ခြင်းအတွက် တင်ဒါပေးသွင်းရန်ဖိတ်ခေါ်ပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
၁။	CCTV Surveillance System အသစ်တပ်ဆင်ခြင်း	1 Set

တင်ဒါပိတ်ရက်နှင့်အချိန် - ၅-၃-၂၀၁၃ရက်၊ ၁၅း၀၀ နာရီ

၂။ တင်ဒါပုံစံများကို ၂၇-၂-၂၀၁၃ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို စီမံရေးနှင့်လုပ်ငန်းဌာနခွဲ ဖုန်း-၀၁-၈၆၁၀၂၂၅ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။ တင်ဒါပုံစံ တရားဝင်ဝယ်ယူသူများထံမှ တင်ဒါကိုသာ လက်ခံပါမည်။

စီမံရေးနှင့်လုပ်ငန်းဌာနခွဲရုံး
သိမ်ဖြူသင်္ဘောကျင်းဝင်း
အမှတ် ၅၅၇/၅၅၉၊ သံလျက်စွန်းလမ်း၊
ဆိပ်ကမ်းမြို့နယ်

စက်မှုအင်ဂျင်နီယာဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

ပြည်တွင်းသတင်း

ကလေးမြို့ ဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါသည့် နတ်တံခါးချောင်းတံတား

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့သည် အထက်ချင်းတွင်းဒေသ၏ မြို့တော်ဟု ခေါ်ဆိုရလောက်အောင် စည်ကားလှသည်။

ကလေးမြို့သည် ကျေးရွာပေါင်း ၁၅၆ ရွာနှင့် မြို့ပေါ် ရပ်ကွက် ၁၉ ရပ်ကွက်ဖြင့် ဖွဲ့စည်း ထားသော မြို့နယ်တစ်ခုဖြစ်သည်။ ကလေးမြို့၏ တောင်ဘက်တွင် ကျေးရွာအုပ်စု ၂၅ စုရှိ၍ မြောက်ဘက်တွင် ၁၆ အုပ်စု ရှိသည်။ ကလေးမြို့၏တောင်ဘက် ကျေးရွာအုပ်စုများ အတွက် ကလေး-ဂန့်ဂေါကားလမ်းနှင့် မီးရထားလမ်းများက ဒေသဖွံ့ဖြိုးရေးအတွက် အသုံးဝင်သကဲ့သို့ ကလေးမြို့၏ မြောက်ဘက် ကျေးရွာအုပ်စုများ အတွက် ကလေး-တမူးကားလမ်း၊ ကလေး- ရာဇဂြိုဟ်လမ်း (အနောက်မြောက်လမ်း)ကို အသုံးပြုခြင်းဖြင့် ဒေသ ဖွံ့ဖြိုးရေးအတွက် များစွာအသုံးဝင်လှသည်။

အနောက်မြောက်လမ်းကို ကျေးရွာပြည်သူ၊ ဒေသအာဏာပိုင်များနှင့် မြို့နယ်စည်ပင်တို့ ပူးပေါင်းကာ ဖောက်လုပ်ခဲ့သည်။ အဆိုပါ လမ်းသည် မိုင်ပေါင်း ၃၀ ခန့် ရှည်လျားသည်။ ယခင်က အနောက်မြောက် အရပ်ဒေသတွင် နေထိုင်သော ပြည်သူများအနေဖြင့် မိုးရာသီဆိုလျှင် ကလေးမြို့သို့ လာမည်ဆိုပါက ရွှံ့တောဗွက်တောများကိုဖြတ်၍ တစ်နေကုန်အောင် ခက်ခက်ခဲခဲ သွားလာရသည်။ ယခုအနောက်မြောက်လမ်းပေါ် ထွန်းလာပြီဖြစ်၍ မည်သည့်ယာဉ်မဆို ရာသီမရွေး အချိန်အခါမရွေး သွားလာနိုင်ပေပြီ။

အလှပေါ်အယဉ်ဆင့်က ပန်းတင့်လှသည်ဆိုသကဲ့သို့ပင် အနောက်မြောက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး အတွက် အနောက်မြောက်လမ်းကို ဂုဏ်တင်ပေးလိုက်သည်မှာ နတ်တံခါးချောင်းတံတားပင် ဖြစ်ပေတော့သည်။ အဆိုပါတံတားသည် အနောက်မြောက် လမ်းပေါ်ရှိ မိုင်တိုင်အမှတ် ၁၄/၄ အနီးတွင် တည်ဆောက်ထားသော အရှည် ၁၉၇ ဒသမ ၅ ပေ၊ အကျယ် ၁၆ ပေ၊ အမြင့် ၁၅ ပေရှိပြီး Group Well Pile Concrete Foundation သံမဏိသံပေါင်ရက်မ၊ သံကူကွန်ကရစ် ကြမ်းခင်းအမျိုးအစားဖြစ်သည်။

အဆိုပါ တံတားကို နိုင်ငံတော် ထောက်ပံ့ငွေကျပ် ၁၇၇ ဒသမ ၆၅ သန်းနှင့် ကလေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဖြည့်စွက်ရန်ပုံငွေကျပ် ၄၁ သန်း စုစုပေါင်း ၂၁၈ ဒသမ ၆၅ သန်း အကုန်အကျခံ တည်ဆောက်ထားခြင်းဖြစ်သည်။

အဆိုပါ လမ်းနှင့်တံတားများ ပေါ်ပေါက်လာခြင်းအားဖြင့် ကလေးမြို့နယ်၏ စီးပွားရေး၊ လူမှုရေးများ ဖွံ့ဖြိုးတိုးတက်ကာ ဒေသနေကျေးရွာ ပြည်သူတို့၏ လူမှုစီးပွားများ ဖွံ့ဖြိုးတိုးတက်လာတော့မည် ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

(ဝန်းရံခ-တက္ကသိုလ်)

မြန်မာနိုင်ငံ ကျေးရွာစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံစာကြည့်တိုက် ဖောင်ဒေးရှင်းအဖွဲ့ဝင် ဒေါက်တာ သန့်သော်ကောင်း ဦးဆောင်သော Bill and Media Foundation, Asia Foundation နှင့် Beyond Access တို့မှ အမေရိကန်နိုင်ငံသား နှစ်ဦးနှင့် အီတလီနိုင်ငံသား နှစ်ဦးတို့သည် ပြင်ဦးလွင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးခင်မောင်ထွန်းလိုက်ပါ၍ ဖေဖော်ဝါရီ ၂၂ ရက်က စဉ့်ကူးမြို့နယ် သြောင်ပင်ပုကျေးရွာ လူငယ်အားမာန်စာကြည့်တိုက်နှင့် ကျောင်းဆိပ်ကျေးရွာ ရှမဝစာကြည့်တိုက်တို့သို့ လေ့လာစဉ်။ (၄၃၃)

ခြင်ဆေးခွေမှစသည့် မီး မှန်လုံယာဉ်ကြီးပါလောင်

မန္တလေး ဖေဖော်ဝါရီ ၂၆

မန္တလေးမြို့ မဟာအောင်မြေမြို့နယ် လမ်း ၄၀ နှင့် ၄၁ လမ်းကြား၊ ၅၇ လမ်းနှင့် ၅၈ လမ်းကြား၊ ရဲမွန်တောင်ရပ် အကွက် (၉)တွင် ယနေ့ နံနက် ၄ နာရီ ၄၅ မိနစ်ခန့်က ဟီးနိုး မှန်လုံခရီးသည်တင်ယာဉ် တစ်စီး မီးလောင်မှု ဖြစ်ပွားခဲ့သည်။

အဆိုပါ မီးလောင်မှုဖြစ်ပွားရာသို့ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ မီးသတ်ယာဉ် ၁၁ စီးလာရောက် ငြိမ်းသတ်ရာ ၅ နာရီ ၁၀ မိနစ်ခန့်တွင် အပြီးငြိမ်းသတ်နိုင်ခဲ့သည်။

လောင်ကျွမ်း

ယခုမီးလောင်မှုမှာ ယာဉ်နောက်လိုက် အောင်ပြည့်ဖြိုး ထွန်းထားသည့် ခြင်ဆေးခွေမှ ကတ္တီပါအောက်ခင်းကို ကူးစက် လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း မီးသတ်ဦးစီးဌာနမှ သိရသည်။

မီးလောင်မှုကြောင့် မော်တော်ယာဉ်အပေါ်ပိုင်း တစ်ခုလုံးမီးလောင်ပျက်စီးခဲ့ရာ တန်ဖိုး ငွေကျပ် ၃၉၇၀၀၀၀ ခန့် ဆုံးရှုံးခဲ့သည်ဟု ခန့်မှန်းထားပြီး ယာဉ်နောက်လိုက် အောင်ပြည့်ဖြိုးကို မန္တလေးမြို့ အမှတ်(၉)ရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **(ဓါတ်ပုံ)**

အေးမြ (မန္တလေး)

ကုန်းလမ်းသွားလာမှု များပြားသောကြောင့် ရေကြောင်းခရီးသွားလာမှု နည်းပါးလာ

ပခုက္ကူ ဖေဖော်ဝါရီ ၂၆

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအောက်ရှိ ဌာနခွဲခြောက်ခုမှ မြန်မာနိုင်ငံအနှံ့ ရေယာဉ်ခရီးစဉ်များပြေးဆွဲလျက်ရှိရာ လမ်းတံတားများ ကောင်းမွန်လာပြီး ကုန်းလမ်းခရီး ပေါက်လာသည်နှင့်အမျှ ရေကြောင်းသွားလာမှုများ လျော့နည်းသွားပြီဖြစ်ကြောင်း ရေကြောင်းဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

တစ်ခေတ်တစ်ခါက ခေတ်ကောင်းခဲ့သော မန္တလေး-ပြည် သင်္ဘောခရီးစဉ်သည် ယခုအခါ စနေတစ်ပတ်ခြားပြေးဆွဲနေရသည်ဟု သိရှိရသည်။ လက်ရှိပြေးဆွဲနေသော သင်္ဘောများမှာ တိုင်းကျိုးဆောင်၊ တိုင်းလုံးအေး၊ တောသူမယ်၊ တောင်တော်၊ တော်သုံးတို့ဖြစ်ပြီး မန္တလေး-ပြည် အစုန်လေးရက်၊ အဆန်ခြောက်ရက် စီးနင်းရသည်။

သင်္ဘောစီးခရီးသည်များသည် ပခုက္ကူ၊ မြင်းမူ၊ ဆီမီးခုံ၊ မြေတော်၊ ကျွန်းညို(ချင်းတွင်းဝ)မှ ခရီးသည်များသာဖြစ်ကြောင်း၊ ဆိပ်ကမ်းတစ်ခု လူ ၂၀ ဝန်းကျင်သာ ရှိကြောင်း မန္တလေး-ပြည် သင်္ဘော စက်ဆရာတစ်ဦးက ပြောသည်။ ပခုက္ကူအောက်ပိုင်း ပြည်မြို့အထိ သင်္ဘောစီးနင်းသူ ရှားပါးသွားပြီဖြစ်ကြောင်း ၎င်းကဆက်လက်ပြောပြသည်။ သင်္ဘောစီးနင်းခသည် ၁ မိုင် ငွေကျပ် ၂၀နှုန်းရှိလျက် တန်ဆာခမှာ ဝန်ပေါ့ တစ်ပိဿာ ၈ကျပ်ပြား ၇၀ ဝန်းကျင်၊ ၅ကျပ် ပြား ၈၀၊ ညစ်ပေကုန် ၇ကျပ် ၂၅ ပြားဖြစ်သည်။ ပွင့်လင်းလာသော ၂၀၁၃ ခုနှစ်တွင် ပြည်ပဧည့်သည်များက မန္တလေး-ပုဂံညောင်ဦး သင်္ဘောလိုင်းကို အားထားစီးနင်းလာကြသည်။ တစ်ဦးလျှင် ၁၅ ဒေါ်လာရရှိ၍ တစ်ခေါက်လျှင် အနိမ့်ဆုံးလူဦးရေ ၃၅ ဦး အထိရှိသည်ဟုလည်း သိရသည်။ မန္တလေးမှ တနင်္ဂနွေ၊ ဗုဒ္ဓဟူး ထွက်ပြီး၊ ပုဂံညောင်ဦးမှ တနင်္လာ၊ ကြာသပတေး ပြန်ထွက်ကြောင်း၊ မန္တလေး-ပြည်ပြေးဆွဲနေသည့် သင်္ဘော ၅ စီးထဲမှ အလှည့်ကျပြေးဆွဲပေးနေခြင်းဖြစ်ကြောင်း တာဝန်ရှိသူ တစ်ဦးကပြောပြသည်။

(နေဦးမောင်-ပခုက္ကူ)

တားဆီးကာကွယ် 'မီး' ရန်စွယ် လျှပ်စစ်သုံးလျှင် သတိယှဉ်

မွေးမြူထုတ်လုပ်ရေး ဒီပလိုမာသင်တန်း ပဏာမရွေးချယ်ထားသူများစာရင်း ကြေညာခြင်း

LL.B

နပတ-မ-၁၄၅၊ နပတ-ကျား-၁၅၀၊ နပတ-ကျား-၃၇၅၊ နပတ-မ-၃၉၂၊ နပတ-ကျား-၃၉၃၊ ဝထ-မ-၉၄၊ ကချင်-မ-၁၂၉၊ ဝထ-မ-၁၀၀၊ ဝထ-ကျား-၁၀၃၊ ဝထ-မ-၁၀၄၊ ဝထ-မ-၁၀၆၊ ဝထ-မ-၁၀၉၊ စစ်ကိုင်း-ကျား-၁၅၃၊ စစ်ကိုင်း-ကျား-၁၆၂၊ စစ်ကိုင်း-မ-၁၈၅၊ စစ်ကိုင်း-မ-၃၈၂၊ ပဲခူး-ကျား-၁၆၄၊ ပဲခူး-မ-၁၈၇၊ ပဲခူး-မ-၁၉၄၊ မကွေး-မ-၁၄၀၊ မကွေး-မ-၁၉၈၊ မကွေး-မ-၃၆၁၊ မကွေး-ကျား-၃၇၇၊ မကွေး-မ-၃၈၆၊ မကွေး-မ-၃၈၇၊ မကွေး-မ-၃၈၉၊ ဝထ-ကျား-၅၄၊ ဝထ-မ-၁၀၅၊ ဝထ-မ-၁၀၇၊ မန္တလေး-ကျား-၃၈၄၊ မန္တလေး-မ-၄၁၀၊ ဝထ-ကျား-၁၀၁၊ မွန်-မ-၁၈၂၊ ဝထ-ကျား-၁၁၃၊ ရခိုင်-ကျား-၃၅၁၊ ရခိုင်-ကျား-၃၅၆၊ ဝထ-မ-၇၁၊ ဝထ-မ-၁၃၆၊ ရန်ကုန်-မ-၁၆၈၊ ရန်ကုန်-မ-၁၈၈၊ ရန်ကုန်-မ-၁၉၆၊ ရန်ကုန်-မ-၃၅၇၊ ရန်ကုန်-ကျား-၃၅၉၊ ရန်ကုန်-မ-၃၆၃၊ ရန်ကုန်-မ-၃၇၆၊ ရန်ကုန်-မ-၃၉၁၊ ရှမ်း-မ-၁၈၆-ဒေါ်နှင်းအိအိခိုင်

B.Sc(Maths)

ချင်း-၁၀၊ ဝထ-မ-၈၄၊ စစ်ကိုင်း-ကျား-၄၁၉၊ စစ်ကိုင်း-ကျား-၄၂၁၊ စစ်ကိုင်း-၇၊ စစ်ကိုင်း-၁၃၊ ဝထ-ကျား-၈၂၊ ပဲခူး-မ-၄၀၀၊ ပဲခူး-ကျား-၄၀၃၊ ပဲခူး-ကျား-၄၀၄၊ ပဲခူး-ကျား-၄၀၅၊ ပဲခူး-၁၈၊ မကွေး-၁၊ မကွေး-၄၊ မကွေး-၃၊ မကွေး-၂၊ မန္တလေး-၅၊ ဝထ-မ-၈၆၊ ရခိုင်-၉၊ ရခိုင်-၈၊ ဝထ-ကျား-၆၄၊

B.Sc (Chem)

ဝထ-ကျား-၁၁၊ ဝထ-မ-၂၁၊ နပတ-မ-၁၄၆၊ နပတ-ကျား-၁၇၁၊ နပတ-ကျား-၃၂၆၊ နပတ-ကျား-၃၂၇၊ နပတ-မ-၃၉၉၊ နပတ-၁၊ ဝထ-ကျား-၉၃၊ ကချင်-ကျား-၂၁၃၊ ကချင်-ကျား-၂၁၄၊ ကချင်-ကျား-၂၁၅၊ ကချင်-၁၊ ကယား-ကျား-၂၁၈၊ ကယား-ကျား-၂၁၉၊ ကယား-ကျား-၂၂၀၊ ကရင်-ကျား-၂၂၁၊ ကရင်-ကျား-၂၂၂၊ ကရင်-ကျား-၂၂၃၊ ကရင်-၁၊ ဝထ-မ-၁၅၊ ဝထ-မ-၃၄၊ စစ်ကိုင်း-ကျား-၁၅၂၊ စစ်ကိုင်း-ကျား-၁၅၈၊ စစ်ကိုင်း-ကျား-၂၃၁၊ စစ်ကိုင်း-ကျား-၂၃၂၊ စစ်ကိုင်း-ကျား-၂၃၆၊ စစ်ကိုင်း-ကျား-၂၃၇၊ စစ်ကိုင်း-ကျား-၂၃၈၊ စစ်ကိုင်း-ကျား-၂၃၉၊ စစ်ကိုင်း-ကျား-၂၄၀၊ စစ်ကိုင်း-ကျား-၂၄၁၊ စစ်ကိုင်း-ကျား -၄၁၇၊ စစ်ကိုင်း-၄၇၊ တနင်္သာရီ-ကျား-၂၄၈၊ ဝထ-မ-၁၁၅၊ ပဲခူး-ကျား-၂၅၅၊ ပဲခူး-ကျား-၂၅၆၊ ပဲခူး-မ-၃၈၃၊ ပဲခူး-ကျား-၄၀၂၊ ပဲခူး-၁၉၊ ပဲခူး-၂၊ မကွေး-မ-၁၉၂၊ မကွေး-မ-၂၀၀၊ မကွေး-ကျား-၂၆၉၊ မကွေး-ကျား-၂၇၀၊ မကွေး-ကျား-၂၇၁၊ မကွေး-မ-၃၃၁၊ မကွေး-မ-၃၆၅၊ မန္တလေး-မ-၁၃၇၊ မန္တလေး-မ-၁၄၄၊ မန္တလေး-မ-၁၄၈၊ မန္တလေး-ကျား-၁၇၂၊ မန္တလေး-မ-၁၇၇၊ မန္တလေး-မ-၁၈၀၊ မန္တလေး-ကျား-၂၇၉၊ မန္တလေး-မ-၄၁၄၊ မန္တလေး-မ-၄၁၆၊ မန္တလေး-၂၊

B.Sc (Chem)

ဝထ-ကျား-၇၈၊ မွန်-မ-၁၈၁၊ မွန်-ကျား-၂၈၃၊ မွန်-ကျား-၂၈၄၊ မွန်-ကျား-၂၈၅၊ ရခိုင်-ကျား-၂၈၉၊ ရခိုင်-ကျား-၂၉၀၊ ရခိုင်-မ-၃၇၈၊ ရခိုင်-၃၊ ရခိုင်-၆၊ ရခိုင်-၅၊ ရခိုင်-၁၂၊ ဝထ-မ-၂၅၊ ဝထ-မ-၄၁၊ ဝထ-မ-၄၂၊ ရန်ကုန်-မ-၁၇၄၊ ရန်ကုန်-ကျား-၂၉၅၊ ရန်ကုန်-ကျား-၂၉၆၊ ရန်ကုန်-မ-၃၆၂၊ ရန်ကုန်-မ-၃၇၉၊ ရှမ်း-ကျား-၁၆၉၊ ရှမ်း-ကျား-၃၀၂၊ ရှမ်း-၁၊ ဝထ-ကျား-၁၊ ဧရာဝတီ-မ-၁၅၇၊ ဧရာဝတီ-ကျား-၁၇၀၊ ဧရာဝတီ-ကျား-၃၁၁၊ ဧရာဝတီ-ကျား-၃၁၂၊ ဧရာဝတီ-ကျား-၃၁၃၊ ဧရာဝတီ-ကျား-၃၁၄၊ ဧရာဝတီ-ကျား-၃၁၅၊ ဧရာဝတီ -ကျား-၃၁၆၊ ဧရာဝတီ-ကျား-၃၁၇၊

B.Sc (Zool)

ဝထ-ကျား-၂၊ ဝထ-မ-၂၈၊ ဝထ-မ-၃၁၊ ဝထ-ကျား-၁၂၃၊ နပတ-မ-၁၃၉၊ နပတ-မ-၁၄၁၊ နပတ-မ-၁၄၂၊ ဝထ-ကျား-၈၊ဝထ-မ-၉၂၊ကယား-ကျား-၂၁၆၊ကယား-ကျား-၂၁၇၊ကရင်-ကျား-၂၂၄၊ချင်း-ကျား-၂၂၅၊ချင်း-၅၊ချင်း-၁၃၊ချင်း-၄၊ဝထ-ကျား-၅၊ဝထ-ကျား-၆၊ဝထ-ကျား-၇၊ဝထ-ကျား-၁၂၊ဝထ-ကျား-၁၃၊ဝထ-ကျား-၁၄၊ဝထ-မ-၁၉၊ဝထ-မ-၃၂၊ဝထ-ကျား-၁၀၂၊ဝထ-မ-၁၁၆၊ဝထ-မ-၁၁၇၊ဝထ-မ-၁၁၈၊ဝထ-မ-၁၁၉၊ဝထ-ကျား-၁၂၂၊ဝထ-ကျား-၁၂၄၊စစ်ကိုင်း-ကျား-၁၄၉၊စစ်ကိုင်း-ကျား-၁၅၉၊စစ်ကိုင်း-မ-၁၈၉၊စစ်ကိုင်း-ကျား-၂၂၆၊စစ်ကိုင်း-ကျား-၂၂၇၊စစ်ကိုင်း-ကျား-၂၂၈၊စစ်ကိုင်း-ကျား-၂၂၉၊စစ်ကိုင်း-ကျား-၂၃၀၊စစ်ကိုင်း-ကျား-၂၃၃၊စစ်ကိုင်း-ကျား-၂၃၄၊စစ်ကိုင်း-ကျား-၂၃၅၊စစ်ကိုင်း-ကျား-၂၄၂၊စစ်ကိုင်း-ကျား-၂၄၃၊စစ်ကိုင်း-ကျား-၂၄၄၊စစ်ကိုင်း-ကျား-၂၄၅၊စစ်ကိုင်း-ကျား-၂၄၆၊စစ်ကိုင်း-မ-၃၃၃၊စစ်ကိုင်း-မ-၃၅၈၊စစ်ကိုင်း-ကျား-၃၇၀၊စစ်ကိုင်း-မ-၃၉၈၊စစ်ကိုင်း-မ-၄၀၉၊စစ်ကိုင်း-ကျား-၄၁၈၊စစ်ကိုင်း-၁၉၊စစ်ကိုင်း-၃၃၊စစ်ကိုင်း-၂၀၊စစ်ကိုင်း-၁၅၊တနင်္သာရီ-ကျား-၂၄၇၊ဝထ-ကျား-၄၊ ဝထ-ကျား-၉၊ဝထ-မ-၁၇၊ဝထ-မ-၈၇၊ပဲခူး-မ-၁၅၁၊ပဲခူး-မ-၂၀၂၊ပဲခူး-ကျား-၂၅၁၊ပဲခူး-ကျား-၂၅၂၊ပဲခူး-ကျား-၂၅၃၊ပဲခူး-ကျား-၂၅၄၊ပဲခူး-မ-၃၃၂၊ ပဲခူး-မ-၃၃၄၊

B.Sc(Zool)

ဝထ-မ-၁၃၁၊ ဝထ-မ-၁၃၂၊ မကွေး-မ-၁၃၈၊ မကွေး-မ-၁၄၇၊ မကွေး-မ-၁၅၄၊ မကွေး-မ-၁၅၅၊ မကွေး-ကျား-၁၉၀၊ မကွေး-ကျား-၂၅၈၊ မကွေး-ကျား-၂၅၉၊ မကွေး-ကျား-၂၆၀၊ မကွေး-ကျား-၂၆၁၊ မကွေး-ကျား-၂၆၂၊ မကွေး-ကျား-၂၆၃၊ မကွေး-ကျား-၂၆၄၊ မကွေး-ကျား-၂၆၅၊ မကွေး-ကျား-၂၆၆၊ မကွေး-ကျား-၂၆၇၊ မကွေး-ကျား-၂၆၈၊ မကွေး-မ-၃၆၄၊ မကွေး-ကျား-၃၉၄၊ ဝထ-ကျား-၁၀၊ ဝထ-ကျား-၅၅၊ ဝထ-ကျား-၈၀၊ ဝထ-မ-၉၆၊ မန္တလေး-မ-၁၇၈၊ မန္တလေး-ကျား-၂၇၃၊မန္တလေး-ကျား-၂၇၄၊မန္တလေး-ကျား-၂၇၅၊မန္တလေး-ကျား-၂၇၆၊ မန္တလေး-ကျား-၂၇၇၊မန္တလေး-ကျား-၂၇၈၊မန္တလေး-မ-၃၉၅၊မန္တလေး-၇၊ဝထ-မ-၂၆၊ဝထ-မ-၈၈၊မွန်-မ-၁၆၇၊ဝထ-မ-၄၅၊ဝထ-မ-၄၈၊ဝထ-ကျား-၄၉၊ဝထ-မ-၇၊ဝထ-မ-၈၉၊ဝထ-ကျား-၁၁၀၊ဝထ-ကျား-၁၁၁၊ဝထ-ကျား-၁၁၂၊ဝထ-ကျား-၁၁၄၊ဝထ-မ-၁၂၁၊ဝထ-ကျား-၁၃၃၊ရခိုင်-ကျား-၂၈၆၊ရခိုင်-ကျား-၂၈၇၊ရခိုင်-ကျား-၂၈၈၊ရခိုင်-မ-၃၆၇၊ရခိုင်-၁၁၊ရခိုင်-၁၀၊ရခိုင်-၇၊ဝထ-ကျား-၃၊ဝထ-မ-၂၇၊ဝထ-မ-၄၃၊ဝထ-မ-၆၃၊ဝထ-မ-၇၀၊ရန်ကုန်-မ-၁၇၅၊ရန်ကုန်-မ-၁၇၆၊ရန်ကုန်-မ-၁၉၇၊ရန်ကုန်-ကျား-၂၉၂၊ရန်ကုန်-ကျား-၂၉၃၊ရန်ကုန်-ကျား-၂၉၄၊ရန်ကုန်ဝ-မ-၃၅၅၊ရန်ကုန်-မ-၃၉၀၊ဝထ-မ-၂၀၊ဝထ-မ-၂၉၊ဝထ-မ-၃၀၊ဝထ-မ-၃၆၊ရှမ်း-ကျား-၂၉၉၊ရှမ်း-ကျား-၃၀၀၊ရှမ်း-မ-၃၇၃၊ရှမ်း-မ-၄၀၈၊ဝထ-မ-၁၈၊ဝထ-ကျား-၆၆၊ ဝထ-ကျား-၇၆၊ဧရာဝတီ-မ-၁၆၁၊ဧရာဝတီ-ကျား-၃၀၃၊ဧရာဝတီ-ကျား-၃၀၄၊ဧရာဝတီ-ကျား-၃၀၅၊ဧရာဝတီ-ကျား-၃၀၆၊ဧရာဝတီ-ကျား-၃၀၇၊ဧရာဝတီ-ကျား-၃၀၈၊ဧရာဝတီ-ကျား-၃၀၉၊ဧရာဝတီ-ကျား-၃၁၀၊ဧရာဝတီ-၁၊

B.Com,Eco

ဝထ-မ-၄၀၊စစ်ကိုင်း-မ-၂၀၃၊ဝထ-ကျား-၃၇၊

B.Sc(Micro)

နပတ-မ-၁၇၉၊နပတ-မ-၃၄၁၊နပတ-မ-၃၄၄၊ပဲခူး-ကျား-၃၅၀၊မန္တလေး-ကျား-၃၂၈၊မန္တလေး-မ-၃၄၅၊ မန္တလေး-ကျား-၃၄၉၊မန္တလေး-ကျား၊ဝထ-ကျား-၅၀၊ရခိုင်-ကျား-၂၉၁၊ရန်ကုန်-ကျား-၂၉၇၊ ရန်ကုန်-မ-၃၃၉၊ရန်ကုန်-မ-၃၄၆၊ရန်ကုန်-မ-၃၄၇၊ဝထ-မ-၁၆၊ဧရာဝတီ-မ-၃၄၀၊ ဧရာဝတီ-မ-၃၄၂၊ဧရာဝတီ-မ-၃၄၃၊

B.Sc(Biotech)

နပတ-မ-၁၆၆၊ ကရင်-မ-၁၆၀၊ စစ်ကိုင်း-မ-၃၄၈၊ တနင်္သာရီ-ကျား-၂၄၉၊ တနင်္သာရီ-ကျား-၂၅၀၊ ပဲခူး-ကျား-၁၆၃၊ပဲခူး-ကျား-၂၅၇၊ပဲခူး-ကျား-၃၅၃၊မကွေး-ကျား-၂၇၂၊ မန္တလေး-ကျား-၂၈၀၊ မန္တလေး-ကျား-၂၈၁၊မန္တလေး-ကျား-၂၈၂၊မန္တလေး-မ-၃၅၄၊မန္တလေး-ကျား-၃၇၄၊ဝထ-မ-၃၃၊ဝထ-မ-၅၂၊ဝထ-မ-၁၃၄၊ရန်ကုန်-ကျား-၂၉၈၊ရန်ကုန်-မ-၃၈၈၊ရန်ကုန်-မ-၄၁၅၊ဝထ-မ-၂၃၊ ဧရာဝတီ-ကျား-၃၂၉၊

B.B.Sc

ပဲခူး-မ-၁၉၅၊ ချင်း-၁၂၊

B.C.Sc

နပတ-ကျား-၃၃၀၊ နပတ-မ-၃၈၅၊ ဝထ-မ-၃၅၊ မန္တလေး-မ-၁၅၆၊ ဝထ-မ-၂၄၊ ဝထ-မ-၉၁၊ ဝထ-မ-၂၂၊ ဧရာဝတီ-မ-၁၉၃၊

B.Sc(Bot)

စစ်ကိုင်း-ကျား-၂၀၆၊ စစ်ကိုင်း-ကျား-၄၂၂၊ စစ်ကိုင်း-၃၉၊ ဝထ-ကျား-၆၀၊ ပဲခူး- မ-၂၀၁၊ ပဲခူး-ကျား-၂၀၈၊ ပဲခူး-မ-၃၆၉၊ ပဲခူး-ကျား-၄၀၁၊ မွန်-ကျား-၂၁၁၊ မွန်-၁၊ ဝထ-ကျား-၄၆၊ ရန်ကုန်-မ-၄၀၆၊ ရန်ကုန်-၁၊ ဧရာဝတီ-မ-၁၈၃၊ ဧရာဝတီ-၂၊

B.Sc(Phys)

ဝထ-မ-၆၁၊ နပတ-ကျား-၂၀၄၊ နပတ-မ-၃၈၁၊ ဝထ-ကျား-၆၈၊ ကရင်-ကျား-၂၀၅၊ ချင်း-၁၊ ချင်း-၁၁၊ ချင်း-၃၊ ချင်း-၇၊ ဝထ-ကျား-၉၉၊ စစ်ကိုင်း-၄၈၊ စစ်ကိုင်း-၄၅၊ စစ်ကိုင်း-၄၁၊ ပဲခူး-ကျား-၂၀၇၊ မန္တလေး-ကျား-၂၀၉၊ မန္တလေး-ကျား-၂၁၀၊ ဝထ-ကျား-၇၉-ဦးရဲမင်းအောင်၊ ဝထ- မ-၉၀-ဒေါ်စောစောမိုး၊ ရခိုင်-၁-ဦးမောင်မောင်ဌေး၊ ရခိုင်-၂-ဦးမျိုးဝေသန့်၊ ရန်ကုန်-ကျား-၂၁၂၊ ဧရာဝတီ-၃၊

B.Sc(Biochem)/IC

နပတ-မ-၃၃၇၊ စစ်ကိုင်း-မ-၃၃၅၊ စစ်ကိုင်း-ကျား-၄၂၃၊ စစ်ကိုင်း-၃၈၊ စစ်ကိုင်း-၂၈၊ စစ်ကိုင်း-၁၂၊ ပဲခူး-၁၇၊ မကွေး-မ-၃၃၆၊ ဝထ-မ-၃၉၊ ရန်ကုန်-မ-၃၃၈၊ ရန်ကုန်-၅၊

Marrine

ဝထ-ကျား-၆၉၊ ဝထ-ကျား-၁၂၇၊ စစ်ကိုင်း-ကျား-၁၂၈၊ ဝထ-ကျား-၅၇၊ ဝထ-ကျား-၅၈၊ ဝထ-ကျား-၅၉၊ ဝထ-ကျား-၁၂၅၊ ဝထ-ကျား-၇၂၊ ဝထ-ကျား-၄၇၊ ဝထ-ကျား-၅၃၊

B.A(Geo)

ဝထ-မ-၄၄၊ ဝထ-ကျား-၁၀၈၊ နပတ-မ-၃၉၇၊ နပတ-မ-၄၁၃၊ ချင်း-၆၊ ဝထ-မ-၈၅၊ ဝထ-ကျား-၁၂၆၊ ဝထ-ကျား-၁၃၅၊ စစ်ကိုင်း-ကျား-၄၂၀၊ စစ်ကိုင်း- ၃၄၊ ဝထ-ကျား-၇၅၊ ဝထ-ကျား-၃၈၊ ရခိုင်-၄၊ ဝထ-ကျား-၆၅၊

B.A(Philo)

ကချင်-ကျား-၃၇၂၊ ဝထ-ကျား-၇၄၊ ဝထ-မ-၉၈၊

B.A(Myanmar)

ဝထ-မ-၁၂၀၊ ဝထ-ကျား-၅၆၊ ဝထ-မ-၉၇၊ ဝထ-မ-၆၂၊ ရန်ကုန်-မ-၄၁၂၊ ဝထ-ကျား-၁၃၀၊

B.A(Hist)

ဝထ-ကျား-၈၃၊ ဝထ-ကျား-၈၁၊ ဝထ-ကျား-၉၅၊ ဝထ-မ-၅၁၊ ဝထ-ကျား-၆၇၊

အရှေ့တိုင်းပညာ

ဝထ-ကျား-၇၇၊

B.P.A

နပတ-ကျား-၃၆၀၊

International

နပတ-မ-၃၉၆၊

B.Sc(Envi)

ရန်ကုန်-မ-၄၁၁၊

B.E(Mech/Elec)

မန္တလေး-မ-၁၉၁၊

ပြည်တွင်းသတင်း

နှစ်တန်အထက်ယာဉ်ကြီးများနှင့် BB တက္ကစီယာဉ်များ၏ ကနဦးမှတ်ပုံတင်ခြင်းကို ကညန (ရွာသာကြီး) ၌ရက်ပိုင်းဖြင့် အပြီးစီစဉ်ဆောင်ရွက်ပေးလျက်ရှိ

ရာသက်ပန်တက္ကစီ AA နံပါတ်များ ပြည့်သွား၍ BB တက္ကစီယာဉ်များ ကနဦးမှတ်ပုံတင်ခြင်းကို ဖေဖော်ဝါရီ ၅ ရက်မှစ၍ ကညန(ရွာသာကြီး)၌ ရက်ပိုင်းဖြင့် အပြီးစီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

AA တက္ကစီယာဉ်များ၏ ကနဦးမှတ်ပုံတင်ခြင်းလုပ်ငန်းကို ၂၀၁၂ခုနှစ် ဇွန် ၂၁ ရက်မှစ၍ ကညန(မြင်သာ)၌စတင်ဆောင်ရွက်ပေးခဲ့ရာမှ လုပ်ငန်းများ ပိုမိုမြန်ဆန်သွက်လက်လာစေရန် လက်ရှိ ကညန (ရွာသာကြီး)သို့ ယခုနှစ် ဖေဖော်ဝါရီ ၄ ရက်တွင် ပြောင်းရွှေ့စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

AA တက္ကစီယာဉ်နံပါတ်များကို ၁၀၀၁ မှစပေးခဲ့ပြီး ဖေဖော်ဝါရီ ၅ရက်တွင် သတ်မှတ်နံပါတ် ၉၉၉၉ ပြည့်သွားခဲ့ရာ ယခုအခါ ရန်ကုန်မြို့တွင် ပေါင်းခြင်း(၁၀)နှင့် ၁၃ နံပါတ်များ မပါဝင်သော AA တက္ကစီယာဉ်စီးရေ ၈၁၁၃ စီးရှိနေပြီဖြစ်ကြောင်း သိရသည်။

BB တက္ကစီယာဉ်များကိုမူ ယင်းနေ့ ဖေဖော်ဝါရီ ၅ ရက်မှပင် ၁၇ စီးဖြင့် ကနဦးမှတ်ပုံတင်ခြင်းလုပ်ငန်းကိုစတင်ခဲ့ရာ ယခုရက်ပိုင်းအတွင်း စီးရေ ၃၀၀၀ နီးပါး မှတ်ပုံတင်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ BB နံပါတ်များ ပြည့်သွားပါက CC နှင့် DD နံပါတ်များ ထပ်လာဦးမည်ဖြစ်ကြောင်း သိရသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ဗဟိုမော်တော်ယာဉ်မှတ်ပုံတင်ဌာန(ရွာသာကြီး)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းထွန်းက "BB တက္ကစီယာဉ်များနှင့် နှစ်တန်အထက် ထရပ်နှင့်ဘတ်စ်ယာဉ်ကြီးများကို သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့် ပြည့်စုံလျှင် လေး၊ ငါးရက်ဖြင့်အပြီး ဆောင်ရွက်ပေးကြောင်း၊ ယာဉ်ပိုင်ရှင်များ အခက်အခဲရှိပါက တိုက်ရိုက်ဆက်သွယ်နိုင်ကြောင်း၊ ကူညီဖို့အသင့်ရှိကြောင်း" ဆိုသည်။

ကုန်းလမ်းပို့ဆောင်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသောင်းလွင်ကလည်း "ကညနရဲ့ အဓိကရည်ရွယ်ချက်နဲ့ ရည်မှန်းချက်တာဝန်က Road Safety ဆိုတဲ့ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးပင်ဖြစ်ကြောင်း၊ ၁၉၆၄ ခုနှစ် မော်တော်ယာဉ်ဥပဒေနဲ့ ၁၉၈၉ ခုနှစ် မော်တော်ယာဉ်နည်းဥပဒေများကို အခြေခံပြီး အမိန့်၊ ညွှန်ကြားချက်များနဲ့အညီ မော်တော်ယာဉ်များ မှတ်ပုံတင်ခြင်း၊ ယာဉ်မောင်းလိုင်စင်များ စစ်ဆေးထုတ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးပါကြောင်း၊ တစ်ဖက်ကလည်း နိုင်ငံတော်အတွက် လိုအပ်တဲ့အခွန်အခများကို ကောက်ခံပေးပါကြောင်း" ရှင်းပြသည်။

ဆက်လက်၍ "ပထမဦးဆုံးနံပါတ်ချပေးတဲ့ ကနဦးမှတ်ပုံတင်ခြင်းလုပ်ငန်းကို လက်ရှိလုပ်ဆောင်ပေးနေကြောင်း၊ ကားကို သက်တမ်းပေးလိုက်ခြင်းဖြစ်ကြောင်း၊ ဒီနှစ် Model ဆိုရင် အသစ်ဖြစ်၍ သုံးနှစ်ပေးကြောင်း၊ ယခင်ကတော့ တစ်နှစ်ပဲပေးကြောင်း၊ ဒါကြောင့် ဌာနအနေနဲ့ အသစ်လုပ်ပေးခြင်း၊ သက်တမ်းတိုးပေးခြင်းကိုလည်း လုပ်ပေးပါကြောင်း" ဆိုသည်။

အလားတူ ကညန၏လုပ်ငန်းသဘောသဘာဝနှင့်စပ်လျဉ်း၍ "ကျွန်တော်တို့ဌာနက ပြည်သူနဲ့ထိတွေ့ဆက်ဆံရတဲ့ဌာနဖြစ်တယ်။ ဆက်ဆံရတဲ့အခါ ကျွန်တော်တို့အနေနဲ့လည်း တစ်ဖက်က ဥပဒေလုပ်ထုံးလုပ်နည်းဆိုတာရှိတယ်။ ဥပမာ လူတစ်ယောက်က လိုင်စင်ယူမယ်၊ ယာဉ်မောင်းမကျွမ်းကျင်ဘဲ လိုင်စင်ကိုအတင်းယူမယ်၊

ခင်မောင်ထွေး

ကျွန်တော်တို့ကလည်း မကျွမ်းကျင်သေးတဲ့သူကို လိုင်စင်ထုတ်ပေးလိုက်မယ်ဆိုရင် ကားပေါ်မှာ ခရီးသည် ၅၀ ပါရင် ကျွန်တော်တို့ရဲ့ ပျက်ကွက်မှုကြောင့် သူတို့ရဲ့အသက်တွေဆုံးရှုံးကြရလိမ့်မယ်။ တိတိကျကျဆောင်ရွက်တဲ့အခါကျတော့ ကျွန်တော်တို့ကို ရစ်တယ်၊ ညစ်တယ်လို့ပြောလာနိုင်ပါတယ်။ ဒါ့အပြင် မော်တော်ယာဉ်အစီး ၄၀၀ လောက် မှတ်ပုံတင်နေချိန်မှာ တစ်စီး ငါးမိနစ်နဲ့တွက်ဦး ကျန်နေတဲ့ ယာဉ်အစီး ၃၀၀ ကျော်က ကြာတယ်လို့ မြင်တတ်ပါတယ်။ ဒါကြောင့် ဒီသဘောသဘာဝလေးတွေကိုလည်း နားလည်ပေးကြဖို့ မေတ္တာရပ်ခံချင်ပါတယ်။ ယနေ့ပြည်သူတွေ ကြန့်ကြာမှုမရှိအောင် အခုကျွန်တော်တို့နေရာကိုခွဲထုတ်လိုက်ပြီး ဒီဘက် ကညန (ရွာသာကြီး)မှာ AA, BB တက္ကစီအငှားယာဉ်တွေရယ်၊ ဘတ်စ်နဲ့ ထရပ်ယာဉ်တွေကို ခွဲထုတ်လိုက်ပါပြီ" ဟုရှင်းလင်းပြောကြားသည်။

Miss Myanmar International 2013 ဆုရှင်ပေါ်ထွက်လာ

လေပြေ-ရေးသားသည်

ဖေဖော်ဝါရီ ၂၄ ရက်ည မြန်မာ့ခရီးသွားလုပ်ငန်းက ကြီးမှူးကျင်းပကာ ပရိသတ်များမျှော်လင့်စောင့်စားနေခဲ့ရသော Miss Myanmar International 2013 ဆုရှင် ပေါ်ထွက်လာခဲ့ပြီဖြစ်သည်။ Miss Myanmar International 2013 ဆုအား ဆွတ်ခူးရရှိသွားသူမှာ အသက် ၂၂ နှစ်အရွယ်ရှိ ဂုဏ်ရည်အေးကျော်(ယာပုံ)ဖြစ်သည်။ သူမသည် ပြိုင်ပွဲဝင်အယောက် ၂၀ ထဲတွင် ပြိုင်ပွဲဝင်နံပါတ် ၁၈ ဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့သူတစ်ဦးဖြစ်သည်။ သူမသည် မန္တလေးသူတစ်ဦးဖြစ်ကာ အင်္ဂလိပ်ဘာသာစကားကိုလည်း ကျွမ်းကျင်စွာ ပြောနိုင်သူဖြစ်သည်။ Second Round ပြိုင်ပွဲ၏ Talent Show တွင် စောင်းတီးပညာဖြင့် အစွမ်းပြယှဉ်ပြိုင်နိုင်ခဲ့သူဖြစ်သည်။

ယမန်နှစ်က Miss Myanmar International 2012 ပြိုင်ပွဲတွင် ပအိုဝ်း တိုင်းရင်းသူလေး နန်းခင်ဇေယျာက ဆွတ်ခူးရရှိခဲ့သည်။ နန်းခင်ဇေယျာသည် Miss International 2012 တွင်လည်း မြန်မာကိုယ်စားပြုအဖြစ် ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး Miss Internet ဆုနှင့် Popular Choice Award ဆုကို ဆွတ်ခူးနိုင်ခဲ့သူဖြစ်သည်။

ပညာရှွေအိုး လှူမခိုး

အထွေထွေကိုယ်စားလှယ်စာရုပ်သိမ်းခြင်း

ဒေါ်မာဂရက်စိန်(ဘ)ဦးမောင်စိန် ၁၂/သဃက(နိုင်)၁၂၈၂၃၃၊ အမှတ် ၂၂၀/၂၂၂/၂၂၄၊ ကုန်ဈေးတန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်နေသူမှ ဒေါ်မြသဲစုမိုး (ဘ) ဦးတင်ရွှေ ၁၂/သဃက(နိုင်)၁၆၇၈၃၆၊ အမှတ်-၂၂၂၊ ၃ ထပ်၊ ကုန်ဈေးတန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်နေသူသို့ ၁၈-၅-၂၀၁၂ ရက်စွဲပါ အထွေထွေကိုယ်စားလှယ်လွှဲစာ နံပါတ် ၉၁၁၄ နှင့် ပတ်သက်၍ လွှဲအပ်ခဲ့သောလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီးဖြစ်၍ ယနေ့မှစ၍ ရုပ်သိမ်းလိုက်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်မာဂရက်စိန်၏ ညွှန်ကြားချက်အရ-
ဦးညိမ်းမြင့် B.Sc, H.G.P, R.L
တရားလွှတ်တော်ရှေ့နေ (စဉ်-၂၄၃၀)
အမှတ်-၅၆၁၊ ပထပ်၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့

Mc Will ® မိုဘိုင်းအင်တာနက်ဖုန်းနှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

တရုတ်ပြည်သူ့သမ္မတနိုင်ငံ Xinwei Building,No.7 Zhongguancun Software Park,No.8 Dongbeiwang West Road,Haidian District,Beijing, China နေ Mr Guanghan Xu (PhD), Chief Scientist ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်းတည်ရှိသော ရတနာပုံတယ်လီပို့ ကုမ္ပဏီလီမိတက်နှင့် Beijing Xinwei Telecom Technology Inc. တို့သည် "Broadband Wireless Systems with the Capacity of 50000 subscriber liens" အတွက် နှစ်ဖက်သဘောတူစာချုပ်များချုပ်ဆိုခဲ့ရာတွင် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ Mr Guanghan Xu [PhD] မှ လက်မှတ်ရေးထိုးခဲ့ပါသည်။

Beijing Xinwei Telecom Technology Inc. ကုမ္ပဏီဘက်မှ လက်မှတ်ရေးထိုးခဲ့သော Mr Guanghan Xu [PhD] သည် ရန်ကုန်မြို့၊ အမှတ် ၅၇၊ လမ်းမတော်လမ်း၊ လမ်းမတော်မြို့နယ်တွင် နေထိုင်သူ ဦးဇော်ဝင်း ၁/မကန(နိုင်)၀၂၆၄၁၅ Passport No. M 180769 ကိုင်ဆောင်သူအား ၂၆-၃-၂၀၁၂ ရက်စွဲဖြင့် General Power of Attorney နှင့် မြန်မာနိုင်ငံဒေသတွင်း ကိုယ်စားလှယ်လွှဲစာကို နိုင်ငံတကာတွင် ပြဋ္ဌာန်းထားသော ဥပဒေများနှင့်အညီ Beijing Xinwei Telecom Technology Inc. ကုမ္ပဏီ၏ BOD ဆုံးဖြတ်ချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် တရားဝင်လက်မှတ်ရေးထိုး၍ လွှဲအပ်ထားခဲ့ပါသည်။

သို့ဖြစ်ပါ၍ Beijing Xinwei Telecom Technology Inc. အနေဖြင့် ရတနာပုံ တယ်လီပို့ ကုမ္ပဏီလီမိတက်မှ ရရန်ရှိသော ကြွေးမြီများကိုကောက်ခံရန် တရားဝင် အထွေထွေကိုယ်စားလှယ်လွှဲစာနှင့် ဒေသတွင်း ကိုယ်စားလှယ်လွှဲအပ်ထားသူ ဦးဇော်ဝင်းမှလွဲ၍ အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ လွှဲအပ်ထားခြင်းမရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

Beijing Xinwei Telecom Technology Inc. ကုမ္ပဏီ၏ Chief Scientist,Mr Guanghan Xu ၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးထွန်းသိန်း
တရားလွှတ်တော်ရှေ့နေ(စဉ်-၃၁၀၂)

ဦးခင့်အောင်
LL.B (Passed with Credit),
LL.M, International Law.
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၁၉၁)
ဖုန်း-၀၉-၅၁၄၇၃၁၂၊ ၀၉-၈၅၀၂၄၄၅၊ ၀၁-၆၅၀၂၂၀

မြန်မာ့အလင်း စာတည်းထံပေးစာများ

ကွမ်းသီးလုပ်ငန်းလမ်းပေါ်အထိရောက်နေ

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဂွတ္တလစ်ဈေးကွေ့မှတ်တိုင် ဦးချစ်မောင်လမ်းမကြီးနှင့် မှန်ရဝေလမ်းထောင့်ရှိ ကွမ်းသီးရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်နေသော ဆိုင်တစ်ဆိုင်သည် စည်ပင်ပိုင်လမ်းမပေါ်သို့ ကွမ်းသီးများကို ပိတ်ဆို့ခင်းကျင်းကာ အမိုးများကိုလည်း တရားမဝင်ထုတ်ထားပါသည်။ ကွမ်းသီးပေါင်းခံအနံ့များမှာလည်း ကျန်းမာရေးကို လွှမ်းစွာထိခိုက်၍ မီးဘေးအန္တရာယ်အတွက် စိုးရိမ်ရပါသည်။ သို့ပါ၍ သက်ဆိုင်ရာအဖွဲ့အစည်းများမှ တာဝန်ယူဖြေရှင်းပေးပါရန် လေးစားစွာဖြင့် အသိပေးအပ်ပါသည်။ **မီးဘေးစိုးရိမ်သူ**

ကျောက်စိမ်းဖြတ်သံဆူညံမှုဖြေရှင်းပေးစေလို

ကျွန်မတို့နေထိုင်ရာ သာကေတမြို့နယ် (၆) ရပ်ကွက် ဝေဇယန္တာအရှေ့(၇)လမ်းအတွင်းရှိ အိမ်တစ်အိမ်တွင် ကျောက်စိမ်းအရိုင်းတုံးကြီးများကို လွှစက်ကြီးများဖြင့် ဖြတ်တောက်နေခြင်း၊ ကျောက်စိမ်းပန်းပုသွေးခြင်းများကို နေ့ရောညပါ ပြုလုပ်လျက်ရှိနေပါသည်။ ယင်းအိမ်မှထွက်ရှိသည့် စက်သံများသည် ဆူညံလျက်ရှိပါသဖြင့် လမ်းတွင်းနေသူများအပြင် စာမေးပွဲရာသီနီးကပ်လာချိန်တွင် ကျောင်းသား ကျောင်းသူများ စာကျက်ရာတွင် အနှောင့်အယှက်များဖြစ်နေရပါသဖြင့် သက်ဆိုင်ရာကအဆင်ပြေအောင် စီစဉ်ဆောင်ရွက်ဖြေရှင်းပေးရန် ရေးသားတင်ပြအပ်ပါသည်။ **ကျောင်းသူတစ်ဦး**

ပိတ်ဆို့ဆိုင်ခန်းများအား ဖယ်ရှားပေးစေလို

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် စက်လှေဆိပ်ကမ်း (ကမ်းနားလမ်းနှင့်ကုန်သည်လမ်းထိပ်)ရှိ ဆိုင်ခန်းများကြောင့် ဆိပ်ကမ်းအတက်အဆင်း အခက်ကြုံနေရပါသည်။ ကျေးရွာ ၆၄ ရွာမှ လိုင်းမော်တော်ရေယာဉ် ၈၀ စင်းခန့်သည်နေ့စဉ် ကုန်တင်ကုန်ချနှင့် ခရီးသည်အတက်အဆင်းပြုလုပ်ကြရာ အဆိုပါ ဆိုင်ခန်းများက ပိတ်ဆို့နေမှုကြောင့် ခရီးသွားပြည်သူများ အန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသည်။ ထို့ပြင် အဆိုပါဆိပ်ကမ်းရှိ ဆိုင်ခန်းများနောက်မှ အမှိုက်များ စွန့်ပစ်နေရာ ထိုအမှိုက်များကြောင့် ဆိုက်ကပ်သောရေယာဉ်မော်တော်ပန်ကာများပျက်စီးခြင်း၊ ရေကြောင်းပိတ်ဆို့မှုများ ဖြစ်ပေါ်နေပါသည်။

သို့ကြောင့် အဆိုပါဆိုင်ခန်းများကို ဖယ်ရှားပေးပါရန်နှင့် စည်းကမ်းမဲ့စွာအမှိုက်ပစ်နေမှုကို တားမြစ်ပေးပါရန် လေးစားစွာဖြင့် ရေးသားတင်ပြအပ်ပါသည်။

ရပ်ကွက်သူ၊ ရပ်ကွက်သားများ

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ဗဟန်းမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် ၃၅-ဒီ၊မြေကွက်အမှတ် $\frac{၃၈}{၄}$ A ၊ ဧရိယာ ၀ဒသမ ၂၁၃ဧကခန့်ရှိ မြေပိုင်မြေကွက် $\frac{၃၈}{၄}$ ၏အစိတ်အပိုင်းနှင့် ၄င်းမြေပိုင်မြေကွက်နှင့် ဆက်စပ်လျက်ရှိသည့် ဗဟန်းမြို့နယ်၊မြေတိုင်းရပ်ကွက် အမှတ် ၃၅-ဒီ၊ မြေကွက်အမှတ် ၃၈ $\frac{A}{၄}$ ၊ ဧရိယာ ၀ ဒသမ ၀၁၄ ဧကရှိ နှစ် ၆၀ မြေငှားဂရန် မြေကွက်နှင့်မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်၍ ရောင်းချခွင့်ရှိသူ ဒေါ်ရင်စိန် ၁၂/ဗဟန(နိုင်)၀၅၂၉၅၆ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်လှတင်(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၆၅၄)
အမှတ်၈၅၊ (မြေညီထပ်)၊ ၃၇လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၃၉၂၀၉၀၊၀၁-၅၇၂၆၈၁၊ ၀၉-၅၀၂၁၂၄၄

ဦးထက်နေဦး ၁၂/အစန(နိုင်)၂၀၄၈၆၂နှင့် အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၆)ရပ်ကွက်၊ ကုန်းမြင့်ရိပ်သာလမ်း၊ အမှတ်(၉)ရှိ MHTT Co.,Ltd. ၏ ဒါရိုက်တာ(Admin & HR)ဦးချမ်းငြိမ်းအောင်၉/မရမ(နိုင်)၀၀၂၀၄၂ ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ဦးထက်နေဦး(ခ)ကိုထက်သည် MHTT Co.,Ltd. တွင် Sale Executive ရာထူးဖြင့် လုပ်ကိုင်ခဲ့ပြီး ၁၄-၂-၂၀၁၃ရက်တွင် မိမိသဘောဆန္ဒအရ အလုပ်ထွက်ခဲ့ပြီး ဦးထက်နေဦးသည် ကုမ္ပဏီပိုင်ပစ္စည်းနှင့်စာရွက်စာတမ်းများအား ပြန်လည်အပ်နှံခြင်းမရှိသည့်အပြင် ကုမ္ပဏီလုပ်ငန်းလုပ်ကိုင်ခဲ့သော လုပ်ငန်းနှင့်ပတ်သက်သည့်ငွေစာရင်းများအား ရှင်းလင်းအောင်ဆောင်ရွက်ခဲ့ခြင်းမရှိဘဲ အလုပ်ထွက်ခဲ့ခြင်းဖြစ်ပါ၍ အဆိုပါကုမ္ပဏီပိုင်ပစ္စည်းများ ပြန်လည်အပ်နှံခြင်းနှင့် ငွေစာရင်းရှင်းလင်းခြင်းအား ၁၁-၃-၂၀၁၃ရက် နောက်ဆုံးထား၍ လူကိုယ်တိုင်လာရောက်အပ်နှံစာရင်းရှင်းလင်းပေးပါရန် အသိပေးကြေညာအပ်ပါသည်။

ဦးထက်နေဦး(ခ)ကိုထက်မှ လာရောက်ဖြေရှင်းဆောင်ရွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်မာလွင် (LL.B,D.B.L)၊တရားလွှတ်တော်ရှေ့နေ(စဉ်-၇၆၅၂)
ဖုန်း-၀၉-၅၁၈၉၆၈၉၊၀၉-၇၃၀၆၂၀၈၆

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၊ ကျွန်မတို့၏သားဖြစ်သူ ဂျိုဘိုင်လေး(ခ)မောင်အောင်ကိုကို PAN-၂၈၅၉၅၈ ကိုင်ဆောင်သူသည် မိဘစကားကို နားမထောင်ဘဲ မိမိသဘောဆန္ဒအလျောက် ပြုမူသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၄င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဦးအောင်ချစ်(ခ)မောလယ်
ဒေါ်ခိုင်ခိုင်ရွှေ

ကြော်ငြာ

27th SEA GAMES
MYANMAR 2013
NAY PYI TAW
မြန်မာနိုင်ငံတွင်ပြုလုပ်မည့် (၂၇) ကြိမ်မြောက်
အရှေ့တောင်အာရှ အားကစားပွဲတော် အတွက်
ကျွန်တော်များ ကုမ္ပဏီမှ ဂုဏ်ယူဝင့်ကြွားစွာဖြင့်ပံ့ပိုးကူညီကြပါသည်...
aroma
(Zulu Studio)
Wedding Dress, Video & Photo Studio
(Hair & Beauty Spa)
Official Hair & Make-up sponsor of 27th SEA GAMES
OFFICIAL CEREAL BEVERAGE OF
27th SEA GAMES MYANMAR 2013
Calsome
Nutritious Cereal Drink
The Official Hair Care Sponsor of 27th SEA GAMES
Cab's
PROFESSIONAL
FRANCE
OFFICIAL TEA BEVERAGE OF
27th SEA GAMES MYANMAR 2013
Royal
Myanmar Teamix
SUPER
COFFEEMIX
Official Instant Coffeemix Sponsor
of 27th SEA GAMES
SUPER
LEMONTEA
Official Instant Lemontea Sponsor
of 27th SEA GAMES
Voltex
Relieves Muscular Aches and Pain
Yum Yum
Xcite
Official Instant Noodle Sponsor

နိုင်ငံတကာအားကစားသတင်း

ဒုတိယနေရာ အာစင်ဝင်းဂါးမျှော်လင့်

ပရီမီယာလိဂ်တွင် အာဆင်နယ်အသင်းအနေဖြင့် အမှတ်ပေးဇယား ဒုတိယနေရာသို့ ရောက်ရှိနိုင်သေးကြောင်း နည်းပြအာစင်ဝင်းဂါးက ပြောသည်။ အာဆင်နယ်အသင်းသည် မကြာသေးမီက အက်ဖ်အေဖလားပြိုင်ပွဲတွင် ဘလက်ဘန်းကိုလည်းကောင်း၊ ချန်ပီယံလိဂ်တွင် ဘိုင်ယန်မြူးနစ်ကိုလည်းကောင်း ရှုံးနိမ့်ခဲ့သည်။ လာမည့် ပြိုင်ပွဲများတွင် မန်စီးတီး၊ ချယ်လ်ဆီးနှင့် စပါးတို့သည် ပွဲကျပ်များကြောင့် အာဆင်နယ်အသင်း ဒုတိယနေရာ ရောက်နိုင်ရန် အာစင်ဝင်းဂါးက မျှော်မှန်းထားသည်။

ပရီမီယာလိဂ်ဖလားလုပွဲ မပြီးသေး

ပြီးခဲ့သည့် ပရီမီယာလိဂ်တွင် မန်စီးတီးက ချယ်လ်ဆီးကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရလိုက်ပြီးနောက် ယခုနှစ်ဖလားလုပွဲသည် မပြီးသေးကြောင်း မန်ချီနီက ပြောကြားသည်။ လက်ရှိ မန်ယူက အမှတ်ပေးဇယားထိပ်၌ ၁၂ မှတ်အသာရထားသည်။ ကစားရန် ၁၁ ပွဲကျန်ရှိနေသေးသည်။ ပြီးခဲ့သည့်ရာသီက နောက်ဆုံးပြိုင်ပွဲ၊ နောက်ဆုံးအချိန်အထိ ဖလားတိုက်ပွဲသည် အရှိန်ကောင်းခဲ့သည်ကို မမေ့သင့်ကြောင်း မန်ချီနီက ပြောသည်။

စပါး တတိယနေရာသို့တက်လှမ်း

အင်္ဂလိပ် ပရီမီယာလိဂ်လက်ကျန်ပွဲအဖြစ် ဝက်စ်ဟမ်းနှင့် စပါးအသင်းတို့ ဖေဖော်ဝါရီ ၂၅ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ကြရာ စပါးက သုံးဂိုး-နှစ်ဂိုးဖြင့်နိုင်ပြီး အမှတ်ပေးဇယားတတိယနေရာသို့ တက်ရောက်သွားသည်။

ပွဲစပြီး ၁၃ မိနစ်အကြာ ဂါရက်ဘေးလ်က စပါးအတွက် အဖွင့်ဂိုးသွင်းယူခဲ့သည်။ ယင်းနောက်တွင် ဝက်စ်ဟမ်းတိုက်စစ်မှူးအင်ဒီကာရိုးက ပယ်နယ်တီမှတစ်ဆင့် ချေပဂိုးသွင်းယူခဲ့သည်။ ပွဲချိန် ၅၈ မိနစ်တွင် ဂျိုကိုးလ်က အိမ်ရှင် ဝက်စ်ဟမ်းအသင်းအတွက် ဒုတိယဂိုးသွင်းယူသည်။ ပွဲချိန် ၇၆ မိနစ်တွင်ဆစ်ဂါဆင်က စပါးအတွက် ပြန်လည်ချေပဂိုးသွင်းယူခဲ့သည်။ ပွဲချိန် မိနစ် ၉၀ တွင် စပါးအသင်းအတွက် ဂါရက်ဘေးလ်က အနိုင်ဂိုးသွင်းယူခဲ့သည်။ **(အောက်ပုံ)**

ကောင်းမြတ်သူ - ရေးသားသည်

ချယ်လ်ဆီးတို့ပွဲကျပ်ကစားရမယ့် အက်ဖ်အေဖလား ပဉ္စမအဆင့်

အက်ဖ်အေဖလား ပဉ္စမအဆင့် ဒုတိယအကျော့ပွဲစဉ်နဲ့ ပြန်ကန်ပွဲစဉ်တွေကို ဖေဖော်ဝါရီ ၂၇ ရက်မှာ ဆက်လက်ယှဉ်ပြိုင်မှာဖြစ်ပါတယ်။ အရေးကြီးတဲ့ ပြိုင်ပွဲအရပ်ရပ်ကို ဆင်နွှဲနေရတဲ့ ပရီမီယာလိဂ်ထိပ်တန်းအသင်းတွေလည်း သက်ပြင်းမချနိုင်ဘဲ အကြိတ်အနယ်ယှဉ်ပြိုင်နေရတာမို့ ခြေကုန်လက်ပန်းကျမတတ် အားစိုက်နေကြရတဲ့ ပွဲကျပ်တွေဖြစ်နေပါတယ်။ အားလျှော့လို့ မရတဲ့ ပြိုင်ဘက်တွေကြောင့် ရင်ပွင့်မတတ်ခြေကုန်ထုတ်ကြရဦးမှာ ဖြစ်ပါတယ်။

မစ်ဒယ်ဘရော့နှင့် ချယ်လ်ဆီး

ချယ်လ်ဆီးမျှော်လင့်ချက်ရှင်သန်နိုင်တဲ့ ဖလားဖြစ်တာမို့ လူစုံထုတ်ပြီး အားစိုက်မယ့်ပွဲပါပဲ။ ချယ်လ်ဆီးဟာ မစ်ဒယ်ဘရော့ထက် ကစားအား တစ်ဦးချင်းစွမ်းရည်တွေ မြင့်မားနေပေမယ့် အိမ်ကွင်းမှာ ခြေစွာတဲ့ မစ်ဒယ်ဘရော့ကို စိတ်တိုင်းကျမွှေနှောက်လို့ရပါ့မလားဆိုတာ တွေးပူစရာပါပဲ။ မစ်ဒယ်ဘရော့ကွင်းမှာ နောက်ဆုံးနှစ်ကြိမ်တွေ့ဆုံတဲ့ မှတ်တမ်းကိုကြည့်ရင် ချယ်လ်ဆီးတို့ အသာစီးရထားတာ များပါတယ်။ အိမ်ရှင် မစ်ဒယ်ဘရော့တို့ရဲ့ ကစားအားကျဆင်းနေတာမို့ ဒီပွဲမှာ ချယ်လ်ဆီးတို့ အားထည့်ကစားရင်တော့ မစ်ဒယ်ဘရော့ပရိသတ်တွေ ကြေကွဲစရာအဖြစ်တွေနဲ့ ကြုံတွေ့ရမှာဖြစ်ပါတယ်။ မစ်ဒယ်ဘရော့ဟာ အိမ်ကွင်းနောက်ဆုံးသုံးပွဲကစားခဲ့တဲ့ရလဒ်ပိုင်းမှာ နိုင်ပွဲတစ်ပွဲသာရရှိပြီး ကျန်ပွဲတွေ ရလဒ်မကောင်းပါဘူး။ ချယ်လ်ဆီးရဲ့ နောက်ဆုံးသုံးပွဲကိုကြည့်ရင် သုံးပွဲစလုံး နိုင်ပွဲရရှိထားပါတယ်။ မစ်ဒယ်ဘရော့ဟာ ချန်ပီယံရှစ်မှာ ခြေစွာနေတဲ့အသင်းဖြစ်ပြီး အိမ်ကွင်းမှာ ပြိုင်ဘက်တွေကို ကောင်းကောင်းခြိမ်းခြောက်နိုင်တဲ့ ခြေစွမ်းရှိတာမို့ ချယ်လ်ဆီးတို့ အလေးအနက်ထားပြီး မကစားရင်တော့ မမျှော်လင့်တဲ့ ရလဒ်တွေကို ထွေးပိုက်ပြီး အိမ်ပြန်ရကိန်းဆိုက်သွားနိုင်ပါတယ်။ ပွဲကျပ်တွေ ဆက်တိုက်နွှဲနေရတဲ့ ချယ်လ်ဆီးတို့အတွက် ဒီပွဲမှာသည်းထိတ်ရင်ဖိုဖြစ်စရာတော့ အမှန်ပါပဲ။

အဲဗာတန်နှင့် အိုးလ်ဟမ်း

ပထမအကျော့ အိုးလ်ဟမ်းကွင်းမှာ နှစ်ဂိုးစီသရေပွဲဖြစ်ထားတာမို့ ဒီပွဲမှာတော့ ပြတ်သားတဲ့ရလဒ်ကို ပုံဖော်ပြပါလိမ့်မယ်။ အဲဗာတန်ဟာ ဒီနှစ်ဘောလုံးရာသီမှာ ခြေစွမ်းပြနိုင်နေတာဖြစ်ပြီး အထူးသဖြင့် အိမ်ကွင်းမှာ ခြေပေါ်အောင်၊ ရလဒ်ကောင်းအောင် ကစားနိုင်ပါတယ်။ အိုးလ်ဟမ်းတို့ကလည်း ခြေစွမ်းထက်နေတာမို့ ဒီပွဲမှာ စိတ်ခတ်မြင့်မြင့်ထားပြီး ကစားမှာ သေချာပါတယ်။ အိုးလ်ဟမ်းတို့ဟာ အသင်းလိုက်ကစားအားကောင်းပြီး တစ်ဦးချင်းစွမ်းဆောင်ရည်လည်း မြင့်မားတာမို့ ဒီပွဲမှာတော့ ပြိုင်ဆိုင်မှုတွေ ပြင်းထန်ဆူဝေနေမှာ သေချာပါတယ်။

အဲဗာတန်ဟာ အိမ်ကွင်းမှာ ရလဒ်ကောင်းအောင်ကစားတတ်ပြီး အခွင့်အရေးရတာနဲ့ ဂိုးရအောင်သွင်းယူနိုင်သူတွေ ရှိပါတယ်။ ဒါ့အပြင် ခံစစ်ပိုင်းမှာလည်း အမှားအယွင်းနည်းသူတွေဖြစ်တာမို့ ဒီပွဲမှာ ဧည့်သည်တွေဖြစ်တဲ့ အိုးလ်ဟမ်းတို့ဟာ အခက်အခဲအကျပ်အတည်းတွေနဲ့ ကြုံတွေ့နိုင်ပါတယ်။ ။

မိုးမြင့်လင်းလက် - ရေးသားသည်

အားကစားသတင်း အတိုအထွာ

မောင်ချစ်ကြည် - ရေးသားသည်

- မန်ယူသည် ဖလားသုံးလုံးဆွတ်ခူးနိုင်ရေး လမ်းကြောင်းပေါ်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း တိုက်စစ်မှူးဗန်ပါစီက ပြောကြားသည်။
- ချယ်လ်ဆီးနည်းပြဘင်နီတက်ဇ် နုတ်ထွက်ရန် ပရိသတ်များက အကြောင်းကြားစာများပေးပို့ထားကြောင်း ချယ်လ်ဆီးအုပ်ချုပ်ရေးအဖွဲ့က ပြောကြားသည်။
- မန်စီးတီးအသင်းသည် ယခုနှစ်၌ အောင်မြင်မှုမရရှိခြင်းမှာ ခြေစွမ်းပိုင်း မကောင်းမွန်၍ မဟုတ်ကြောင်း၊ ဖလားဆွတ်ခူးနိုင်ခြင်းသည် ကံအကြောင်းနှင့်သက်ဆိုင်ကြောင်း နည်းပြမန်ချီနီက ပြောကြားသည်။
- မက်ဆီသည် အာဂျင်တီးနားအသင်း ကမ္ဘာ့ဖလားရယူပေးနိုင်ရန် စွမ်းဆောင်ပေးရေးလိုအပ်ကြောင်း မာရာဒိုနာက ပြောကြားသည်။
- ပြင်သစ်ဘောလုံးသမားဟောင်း ဇီဒန်းက အင်္ဂလန်မြေတွင် နည်းပြတာဝန်ယူလိုကြောင်း ထုတ်ဖော်ပြောကြားသည်။
- စပိန်နည်းပြ ဒဲလ်ဘော့က လာမည့်ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် တောင်အမေရိကအသင်းများ ဗိုလ်စွဲနိုင်ကြောင်းသုံးသပ်ပြောကြားသည်။
- ဘာစီလိုနာတွင် မိမိနည်းပြတာဝန်ယူလိုကြောင်း မော်ရင်ဟိုက ထုတ်ဖော်ပြောကြားသည်။
- ရိုင်ယန်ဂစ်သည် ခြေစွမ်းထက်မြက်သော ပါရမီရှင်ဘောလုံးသမားတစ်ဦးဖြစ်ကြောင်း ဖာဂူဆန်ကပြောကြားသည်။

FULLY LIGHT

01-503415 01-516032 01-516064 01-516065

သန်းရွှေနှင့်ရောင်းရင်းများ

Mar - 1/8/11/15/22/23/25

Mar : 1/8/15/22/25/29, Apr : 5/11/12/17/26

Ph : 241863, 380141, 09-43043109

GOLDEN STAR

ဖခင်အမည်မှန်

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အထက-၂၆၊ တက္ကသိုလ်ဝင်တန်းမှ မောင်ငြိမ်းဇော်၏ ဖခင်အမည်မှန်မှာ ဦးသန်းဇော်(ခ)ဦးသန်းစိုး ဖြစ်ပါသည်။

အမြန်ဆက်သွယ်ပါ

Cherry Myanmar Mini & Cherry QQ3 Taxi ယာဉ်မောင်း အမြန်ဆက်သွယ်ပါ။

ဆက်သွယ်ရန် ဖုန်း-၀၉-၇၃၁၇၅၂၂၉

ပျောက်ဆုံးကြောင်း

ဦးငွေးခိုင်စိုး ၁၂/လကန(နိုင်)၁၅၄၂၂၂ ကိုင်ဆောင်သူ၏ CDC-၇၇၆၄၂၏ SID စာအုပ်မှာ ၁၅-၂-၂၀၁၃ရက်တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၄၂၀၂၄၉၄၇၂

ပြည်တွင်းသတင်းနှင့်မှုခင်း

ယာဉ်စည်းကမ်းထိန်းသိမ်းရေး ပူးပေါင်းစစ်ဆေး

ရေစကြို ဖေဖော်ဝါရီ ၂၆

မကွေးတိုင်းဒေသကြီးရေစကြိုမြို့နယ်အတွင်း တစ်နေ့တခြား ပိုမိုတိုးပွားလာသော ယာဉ်အမျိုးမျိုးနှင့်အတူ မောင်းနှင်သူများ၊ ယာဉ်စည်းကမ်းလမ်းစည်းကမ်းနှင့်အညီလိုက်နာကြခြင်းဖြင့် အများပြည်သူ ယာဉ်အန္တရာယ်ကင်းရှင်း ဘေးကင်းလုံခြုံမှုရရှိစေရန် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်ဥပဒေ၊ စည်ပင်၊ မီးသတ်၊ ယာဉ်ထိန်းတပ်ဖွဲ့၊ ပို့ဆောင်ဆက်သွယ်ရေးနှင့်အတူ ပခုက္ကူခရိုင် (ပို့ဆောင်ဆက်သွယ်ရေး)မှ တာဝန်ရှိသူများ ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၂၃ ရက် နံနက်က ရေစကြိုမြို့ဝင် မြို့ထွက်တွင် မော်တော်ယာဉ်၊ ထော်လာဂျီ၊ မော်တော်ဆိုင်ကယ်များ၏ ယာဉ်မောင်းလိုင်စင်၊ လုပ်ငန်းလိုင်စင်များကို စစ်ဆေးခြင်း၊ ဆိုင်ကယ် ဦးထုပ်မဆောင်းသူများကို ပညာပေးပြောကြားခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **(အပေါ်ယာပုံ)**

(ဖေထွဏ်းဇော်)

E-Pension ကတ်စနစ်ဖြင့် အငြိမ်းစားတို့အဆင်ပြေ

ညောင်ရွှေ ဖေဖော်ဝါရီ ၂၆

E-Pension ကတ်စနစ်ဖြင့် ဖေဖော်ဝါရီ ၂၁ ရက်မှ စတင်၍ ညောင်ရွှေမြို့ မြန်မာ့စီးပွားရေးဘဏ်တွင် အငြိမ်းစား ဝန်ထမ်းများကို ပင်စင်လစာများ ထုတ်ပေးလျက်ရှိကြောင်း အငြိမ်းစားဝန်ထမ်းတစ်ဦးက ပြောကြားသည်။

"ဒီကတ်စနစ်က အခင်ကထက် အချိန်ကုန်သက်သာပြီး လုပ်ငန်းဆောင်ရွက်ရာမှာ လျင်မြန်လွယ်ကူပါတယ်။ ပင်စင်ပုံစံ တင်စရာလည်း မလိုတော့ပါဘူး။ မိမိထုတ်ယူလိုတဲ့ရက်မှာ ထုတ်ယူနိုင်တဲ့အတွက် ပိုပြီးအဆင်ပြေပါတယ်။ ကတ်တန်ဖိုးက ငွေကျပ် ၃၅၀၀ ပေးသွင်းရပါတယ်။ မိမိကိုယ်တိုင် လာရောက်မထုတ်ယူနိုင်ခဲ့ရင်လည်း ကိုယ်စားလှယ်လွှဲစာနဲ့ ထုတ်ယူလို့လည်း ရပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ပင်စင်လစာကို လစဉ်၂၁ ရက်မှစ၍ ယင်းလအတွက် ရုံးချိန်အတွင်း ထုတ်ယူနိုင်ကြောင်း၊ ပင်စင်လစာ မထုတ်ဖြစ်ခဲ့သည့် လများအတွက် နောက်လ ၁ရက်မှ ရက်၂၀အတွင်း ထုတ်ယူနိုင်ကြောင်း၊ ညောင်ရွှေမြို့ မြန်မာ့စီးပွားရေးဘဏ်ခွဲတွင် ထုတ်ယူသည့်အငြိမ်းစား ဝန်ထမ်း ၁၄၀၀ ရှိရာ E-Pension ကတ်ရရှိပြီးသူ ၇၀၃ ဦးရှိကြောင်း၊ လစဉ်ထုတ်ယူသူမှာ ပျမ်းမျှ ၄၀၀ ကျော်ရှိကြောင်း မြို့နယ်မန်နေဂျာ ဦးမျိုးလှိုင်ဦး၏ ပြောကြားချက်အရ သိရသည်။

နေမျိုးသူရိန်(ညောင်ရွှေ)

ရန်ကုန် ဖေဖော်ဝါရီ ၂၆

ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ် သမိုင်းဝင် ကျိုက္ကစံဆံတော်ရှင် စေတီတော်မြတ်ကြီး ဂေါပကအဖွဲ့ကဦးဆောင်၍ မြန်မာ့ရိုးရာ ထမနဲထိုးပွဲတော်ကျင်းပရေး ဆပ်ကော်မတီက ဦးစီးကျင်းပသော ၁၁၃ ကြိမ်မြောက် မြန်မာ့ရိုးရာ ထမနဲထိုးပွဲကို ဖေဖော်ဝါရီ ၂၃ ရက်နှင့် ၂၄ ရက်က စေတီတော်ရင်ပြင်တော်ထောင့် ဓမ္မသဟာယအာရုံခံ တန်ဆောင်းရှေ့၌ကျင်းပခဲ့သည်။**(ယာပုံ)**

ယင်းနောက် ထမနဲထိုးပွဲကို ပွဲတော် ကျင်းပရေးဆပ်ကော်မတီ ဥက္ကဋ္ဌ ဦးတင်အောင် အနီးကပ်ကြီးကြပ်၍ သင်္ဃန်းကျွန်းဈေးကြီးဝတ်အသင်းမှ တာဝန်ခံဦးဆောင်၍ ဝတ်အသင်း ၁၇ သင်းတို့က ဘုရားအမှူးရှိသောသံဃာတော်၊ သီလရှင်များအား လှူဒါန်းနိုင်ရန် ထမနဲဒယ်အလုံး၁၀၀တို့ဖြင့် အပြိုင်အဆိုင် ထမနဲထိုးခဲ့ကြပြီး ဆန်၊ ဆီ၊ ဆား၊ ကြက်သွန်၊ ငရုတ်ပါဝင်သော ဆွမ်းဆန်တော်အိတ် ၃၂၀ တို့ကိုလည်း

ကျိုက္ကစံဓမ္မသဟာယ တန်ဆောင်း၌ ထမနဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူ

စုပေါင်းလှူဒါန်းခဲ့ကြသည်။ ထိုသို့လှူဒါန်းထားသော ထမနဲများနှင့် ဆွမ်းဆန်တော် အိတ်များကို မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းပေါင်း ၁၇၈ ကျောင်းမှ သံဃာတော် ၂၂၅ ပါး၊ သီလရှင်ကျောင်းပေါင်း ကိုးကျောင်းမှသီလရှင် ၆၅ ပါးတို့အား ဖေဖော်ဝါရီ ၂၅ ရက်(တပို့တွဲလပြည့်နေ့) မွန်းလွဲ ၁ နာရီက ဓမ္မသဟာယတန်ဆောင်းတော်ကြီး၌ လောင်းလှူခဲ့ကြကြောင်း သိရသည်။ **(ဝ၂၅)**

ကရင်ရိုးရာ မီးပုံပွဲတော် ကျုံဒိုးမြို့တွင်ကျင်းပ

ကျုံဒိုး ဖေဖော်ဝါရီ ၂၆

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကျုံဒိုးမြို့တွင်(၁၈၇)ကြိမ်မြောက် ကရင်ရိုးရာ နယ်လုံးကျွတ် မီးပုံပွဲတော် မုခ်ဦးဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၃ ရက် ကရင် သက္ကရာဇ် (၂၇၅၂) ခုနှစ် တပို့တွဲလဆန်း ၁၃ ရက် ည ၇ နာရီက စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားကို ကရင်ရိုးရာ အောဟု အောဟောင်တေးသီချင်းဖြင့် သီဆိုဖွင့်လှစ်ပြီး မီးရှူးမီးပန်းများ ပစ်ဖောက်ခဲ့သည်။ ထို့နောက် မီးပုံပွဲတော်ယဉ်ကျေးမှု ဆပ်ကော်မတီ နာယကဆရာတော် ဦးသေဋ္ဌိလက ဩဝါဒ အမှာစကားပြောကြားသည်။

အဆိုပါ မီးပုံပွဲသို့ ကျေးရွာအသီးသီးမှ ကရင်ရိုးရာဒုံးယိမ်း ၁၁ ဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။**(ဝဲပုံ)** ထို့အပြင် ကရင်ရိုးရာဇာတ်သဘင်၊ မြန်မာ့ရိုးရာဇာတ်သဘင်နှင့် မြန်မာ့ရိုးရာ လက်ဝှေ့ပွဲများဖြင့် ငါးရက်ကြာ စည်ကားသိုက်မြိုက်စွာ ခြိမ့်ခြိမ့်သဲ ကျင်းပပြီး Sky Net ရုပ်သံလိုင်းကလည်း လာရောက်ရိုက်ကူး ထုတ်လွှင့်ပြသခဲ့ကြောင်း သိရသည်။

နိုင်နိုင်ထွန်း(ကျုံဒိုး)

နေပြည်တော် ဖေဖော်ဝါရီ ၂၆

ကာမစိတ်နိုးကြွစေသည့်ဆေးများ ရှာဖွေသိမ်းဆည်း

နေပြည်တော်ကောင်စီ နယ်မြေ တပ်ကုန်းမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ရဲအုပ်ကျော်စိုး၊ တပ်ကုန်းမြို့မစခန်းမှ စခန်းမှူးရဲအုပ် လှမိုး၊ နယ်ထိန်းခေါင်းဆောင်ဒုရဲအုပ်မြင့်ကံနှင့် အဖွဲ့၊ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှ ဒေါက်တာထွန်းထွန်း၊ မြို့နယ်စည်ပင်သာယာမှ ဦးစီးအရာရှိ ဦးဇော်ဝင်းလှိုင်၊ ဗိုလ်မင်းရောင်ရပ်ကွက်မှ နယ်မြေမှူးဦးအောင်မျိုးလင်းနှင့် ဦးကြည်ရှိန်တို့အဖွဲ့သည် ဖေဖော်ဝါရီ ၂၁ ရက် နံနက်ပိုင်းက တပ်ကုန်းမြို့၊ မြို့မဈေးဝန်းကျင်နှင့် လမ်းမတော် တစ်လျှောက် ရပ်ကွက်များအတွင်းရှိ ကွမ်းယာဆိုင်များနှင့် အိမ်သုံးဆေးဝါးအရောင်းဆိုင်များတွင် ကာမစိတ်နိုးကြွစေသည့် ဆေးအမျိုးမျိုးနှင့်လိင်ပိုင်းဆိုင်ရာ အလွဲသုံးစားပြုသည့်ပစ္စည်း ကိရိယာများ၊ မှတ်ပုံတင်မထားသော ဆေးဝါးများနှင့် ရက်လွန်ဆေးဝါးများ ရောင်းချမှုရှိမရှိ ဝင်ရောက် ရှာဖွေစစ်ဆေးကြရာ ဗိုလ်မင်းရောင်ရပ်ကွက်နယ်မြေ (၉) အတွင်းရှိ လမ်းမတော်နှင့် ဗိုလ်ချုပ်လမ်းထောင့်ရှိ ဦးဘကွန်း ၄၂ နှစ်၏ ကွမ်းယာဆိုင်မှ မှတ်ပုံတင်ထားခြင်း မရှိသော LDEXTROM- INE စာတန်းပါ ၁၀ လုံးပါကတ် သုံးကတ်နှင့် ခြောက်လုံးပါ တစ်ကတ်၊ ဆေးမျိုးစုံစပ်ဆေးရောရာ ၄၅ ထုပ်၊ LASTING (120) MINUTES ၁၂ လုံးပါကတ် နှစ်ကတ်၊ GREE- NVI- AGRA ပလတ်စတစ်ဘူးခွံငယ်အတွင်း ထည့်လျက် အဝါရောင် VIGOUR စာတန်းပါဆေးလုံး ငါးလုံးတို့ကို ရှာဖွေတွေ့ရှိသဖြင့် သက်သေများရှေ့တွင် သိမ်းဆည်းကာ မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများအား ရောင်းချရန် လက်ဝယ်ထားရှိသူ ဦးဘကွန်းအား တပ်ကုန်းရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(၁၆၂)**

မီးဗိုမီး အခြားမီး သုံးပြီးသတိ အမြဲရှိ

ရေထဲ၌လှေဖာနေသူ သေဆုံးမှုဖြစ်ပွား

မော်လမြိုင်ကျွန်း ဖေဖော်ဝါရီ ၂၆

ဖေဖော်ဝါရီ ၁၉ရက် နံနက် ၆ နာရီက အမာမြို့နယ်ခွဲ ဒေါ်ငြိမ်းကျေးရွာအုပ်စု အောင်လှိုင်ကျေးရွာနေ ဦးကျော်အောင် ၇၁ နှစ်သည် ငါးပိငါးခြောက်ကုန်များကို တစ်ဦးတည်း လှေတစ်စင်းဖြင့် တင်ဆောင်၍ ကညင်ချောင်းကြီးကျေးရွာသို့ ထွက်ခွာလာပြီး ဦးကျော်အုန်း၏နေအိမ်ရှေ့ ရေဆိပ်၌ဈေးရောင်းချသည်။ ထိုနေ့ညနေ ၅ နာရီတွင် ဦးကျော်အောင်သည် ဈေးရောင်းရင်းရေထဲဆင်း၍ ၎င်း၏ လှေဖာနေသည်ကို မြင်တွေ့ကြရ၏။ သို့သော်ညနေ ၆ နာရီတွင် ဦးကျော်အုန်း၏သမီး မခင်သက်သေက ရေဆိပ်သို့ဆင်း၍ ခြေဆေးသွားသည့်အခါ ဦးကျော်အောင်သည် ရေစပ်၌သေဆုံးနေသည်ကိုတွေ့ရှိရ၏။ ထို့ကြောင့် မော်လမြိုင်ကျွန်းမြို့နယ် ကျိုက်ပိရဲစခန်းသို့ အကြောင်းကြားရာ ဒုရဲအုပ်ဇော်မျိုးအောင်နှင့်အဖွဲ့က အသိသက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ ပြင်ပဒဏ်ရာမရှိဘဲ သေဆုံးနေခြင်းကြောင့် ဓမ္မတာအတိုင်းသေဆုံးခြင်း ဟုတ်မဟုတ်သိရှိရန် ဒုရဲအုပ်ဇော်မျိုးအောင်၏ တိုင်တန်းချက်အရ ကျိုက်ပိရဲစခန်းက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ပုသိမ်-လှကြည်)

လူမျိုးမရွေး၊ ဘာသာမရွေး သုံးဆောင်နိုင်သော
ကိုးထက်အအေးဆိုင်
ကြက်ဆီထမင်းနှင့် ရေခဲမုန့်လုပ်ငန်း

၂၈-၂-၂၀၁၃ ရက်တွင် အမှတ်-၁၄/၆၇၄၊ (၃)လမ်းထိပ်၊ ပေါင်းလောင်း(၁) ရန်ကုန်-မန္တလေးလမ်းဟောင်း (နေပြည်တော်)၌ စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း သတင်းကောင်းပါးလိုက်ပါသည်။

ကြက်ဆီထမင်းနှင့် ရေခဲမုန့်မျိုးစုံအပြင် လက်ဖက်ရည်နှင့် မြန်မာ့စားဖွယ်ရာမုန့်မျိုးစုံလင်စွာ သုံးဆောင်နိုင်ပါသည်။ ကြက်ဆီထမင်းနှင့် ရေခဲမုန့်ကို အထူးအော်ဒါလက်ခံပါသည်။

ဖုန်း-၀၆၇-၂၂၉၃၆၊ ၀၉-၅၁၆၁၉၅၆

တောင်မြေကြီးနှင့် ခြံဖို့ခြင်း၊ မြေနိမ့်များအား မြေပြင်ခြင်း၊ ဖို့ခြင်းများကို သက်သာစွာ အပြီး ပြုလုပ်ပေးမည်။ ဖုန်း-၀၉-၇၃၀၉၁၆၄၂

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ယ/၈၄၆၈၊ ဟွန်ဒါဝေ့(ဖ်)100 ယာဉ်လက်ဝယ်ရှိသူ ဦးမင်းနိုင် ၁၀/မလမ(နိုင်)၁၅၇၃၆၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**



ကန့်ကွက်နိုင်ပါကြောင်း

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် တ/၄၁၊ မြေကွက်အမှတ် ၇၆၃(ခ)၊ မြေကွက်တည်နေရာအမှတ် ၇၆၃(ခ)၊ အောင်သိဒ္ဓိလမ်း၊ ရွှေပြည်သာမြို့နယ် ဦးရာဇာအမည်ပေါက်ပါမစ်မြေအား အမည်ပေါက် ဦးရာဇာထံမှ အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့်ဝယ်ယူခဲ့သူ ဦးကျော်ဇေယျ ၁၂/လမန(နိုင်)၁၃၆၂၆၄မှ ပါမစ်ပျောက်ဆုံးသည်မှာမှန်ကန်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် ရဲစခန်းထောက်ခံစာ၊ တရားရုံးကျမ်းကျိန်လွှာတို့ကိုတင်ပြ၍ ပါမစ်ပျောက်နှုန်းဖြင့် နှစ် ၆၀ မြေငှားစာချုပ်ဂရန်လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြင်ဆင်ဖတ်ရှုပါရန်

၈-၁၀-၂၀၁၂ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ(၁၁) ကန့်ကွက်နိုင်ကြောင်းကြော်ငြာ အမှတ်စဉ်(၁) ဒေါ်မိမိရီ+၁ ၏ ဂရန်သက်တမ်းတိုးတွင် အိမ်အမှတ် ၅၃ အစား ၅ ဟု အမှန်ပြင်ဆင်ဖတ်ရှုပါရန်။

ကြော်ငြာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရာထူးဝန်အဖွဲ့
Union Civil Service Board
လျှောက်လွှာခေါ်ယူခြင်း

ကြော်ငြာစာအမှတ်၊ ၁ / ၂၀၁၃

၁၃၇၄ ခုနှစ်၊ တပို့တွဲလဆန်း ၉ ရက်

(၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီ လ ၁၉ ရက်)

၁။ [illegible]

ရာထူး	လစာနှုန်း	ပညာအရည်အချင်း
[illegible]	[illegible]	[illegible] (CPA)

၂။ လျှောက်ထားသူသည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ၂၀ - ၃ - ၂၀၁၃ ရက်နေ့တွင် [illegible]

(ဂ) [illegible]

၃။ [illegible]

၄။ [illegible]

၅။ [illegible]

၆။ [illegible]

၇။ [illegible]

၈။ [illegible]

၉။ [illegible]

၁၀။ [illegible] ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ Website များဖြစ်သော ucsb.imis.com.mm နှင့် www.ucsb.gov.mm တွင်လည်း [illegible]

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရာထူးဝန်အဖွဲ့
Union Civil Service Board
လျှောက်လွှာခေါ်ယူခြင်း

ကြော်ငြာစာအမှတ်၊ ၂ / ၂၀၁၃

၁၃၇၄ ခုနှစ်၊ တပို့တွဲလဆန်း ၉ ရက်

(၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီ လ ၁၉ ရက်)

၁။ [illegible]

စဉ်	ရာထူး	လစာနှုန်း	ပညာအရည်အချင်း
(က)	[illegible]	[illegible]	[illegible]
(ခ)	[illegible]	[illegible]	[illegible]

၂။ လျှောက်ထားသူသည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ၂၀ - ၃ - ၂၀၁၃ ရက်နေ့တွင် [illegible]

(ဂ) [illegible]

၃။ [illegible]

၄။ [illegible]

၅။ [illegible]

၆။ [illegible]

၇။ [illegible]

၈။ [illegible]

၉။ [illegible] ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ Website များဖြစ်သော ucsb.imis.com.mm နှင့် www.ucsb.gov.mm တွင်လည်း [illegible]

မူလကမ္ဘာအေးကျောင်း မိုးကုတ်ရိပ်သာ
နေ့(၅)ရက် လစဉ်အထူးတရားစခန်းပွဲ

ဗဟန်းမြို့နယ် ရွှေတိဂုံဘုရားမြောက်ဘက်မုခ် မူလကမ္ဘာအေးကျောင်းတိုက် မိုးကုတ်ရိပ်သာ နေ့(၅)ရက် လစဉ်အထူးတရားစခန်းပွဲကို ၅-၃-၂၀၁၃ရက်မှ ၉-၃-၂၀၁၃ရက်အထိ နံနက်(၈း၀၀)နာရီမှ ညနေ(၅း၀၀)နာရီအထိ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း မူလကမ္ဘာအေးကျောင်းဆရာတော် ဦးဝိမလ (ဓမ္မာစရိယ)နှင့် ဆရာတော်ဦးသုစိတ္တာဘိဝံသ (သစအဓမ္မာစရိယ)ဆရာတော်မှ ပဋ္ဌိစ္စသမုပ္ပါဒ်တရားတော်ကို အကျယ်တဝင့် တန်ဆာဆင်၍ ခန္ဓာဉာဏ်ရောက် သစ္စာဆိုက်ဟောကြားမည်ဖြစ်ပါ၍ တရားအားထုတ်လိုသော ဓမ္မမိတ်ဆွေ ယောဂီအပေါင်းတို့အား နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်ဖိတ်ကြားအပ်ပါသည်။

တရားစခန်းဖြစ်မြောက်ရေးအကျိုးတော်ဆောင်အဖွဲ့
ကြိုတင်စာရင်းပေးသွင်းနိုင်ရန်
ဖုန်း-၀၁-၃၈၂၂၈၆၊ ၀၉-၄၈၂၇၆၈၇၁ တို့သို့ ဆက်သွယ်နိုင်ပါသည်။

ပုဂံညောင်ဦးမြို့နယ်အသင်း(ရန်ကုန်)၏
ပုဂံသွေးပရဟိတနှင့်သွေးလှူရှင်များအဖွဲ့မှ ပဉ္စမအကြိမ်မြောက်
သွေးလှူဒါန်းပွဲကို အောက်ပါအစီအစဉ်အတိုင်း သွေးလှူဒါန်းပါမည်

သွေးလှူဒါန်းလိုသော သွေးလှူရှင်များအား ပါဝင်လှူဒါန်းနိုင်ရန် အသိပေး နှိုးဆော်အပ်ပါသည်။

နေရာ - အမျိုးသားသွေးဌာန၊ ရန်ကုန်ဆေးရုံကြီး
နေ့ရက် - ၂၀၁၃ ခုနှစ် မတ် ၃ ရက် (တနင်္ဂနွေနေ့)
အချိန် - နံနက် ၉ နာရီမှ မွန်းလွဲ ၂း၃၀နာရီအထိ

နွေရာသီအခြေခံရေကူးသင်တန်း

သင်တန်းသူ သင်တန်းသားများ စတင်လက်ခံနေပါပြီ။ သင်တန်းသားဦးရေ ကန့်သတ်ထားပါသည်။ ပထမဆုံးစာရင်းပေးသွင်းသူ ၂၀ဦးအား ရေကူးမျက်မှန် လက်ဆောင်ပေးပါမည်။ အသင်းဝင်(Member)များလည်း လက်ခံနေပါသည်။

စတင်မည့်ရက် - ၅-၃-၂၀၁၃ ရက်
ပြီးဆုံးမည့်ရက် - ၄-၄-၂၀၁၃ ရက်

မြို့တော်ဂေါက်ကွင်း
ရေကူးကန်+စားသောက်ဆိုင်
သီရိမင်္ဂလာလမ်း၊ အင်းစိန်မြို့နယ်၊
ဖုန်း-၀၁-၇၀၃၅၂၄၊ ၀၉-၈၆၃၇၀၅၅



ကြော်ငြာ

မျိုးချစ်စာဆို ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ 'မစ္စတာမောင်မှိုင်း'ကလောင်အမည်ခံယူခဲ့သည့် နှစ်တစ်ရာပြည့်အထိမ်းအမှတ်အဖြစ် မစ္စတာမောင်မှိုင်း' ကလောင် အမည်ခံယူခဲ့သော အချိန်ကာလ၊ နောက်ခံအဖြစ်အပျက်တို့နှင့်အတူ ယောဂီဆရာမစ္စတာမောင်မှိုင်း၏ရေးသူဘဝကို အထူးအလေးထား၍ ယောဂီဆရာမစ္စတာ မောင်မှိုင်း၏ ဋီကာစာပေ၊ ဝတ္ထုစာပေ၊ ပြဇာတ်စာပေ၊ ဝတ္ထုစာပေ၊ ဆောင်းပါးစာပေ၊ ရာဇဝင်စာပေနှင့် မဟာကဗျာ လေးချိုးကြီးတို့ကို လေ့လာဖော်ပြပြီးမစ္စတာ မောင်မှိုင်းနှင့် မျိုးချစ်စိတ်၊ ကာမဂုဏ်၊ အဂ္ဂိရတ်၊ ဘားနစ်တဘ္ဗသိုလ်၊ လယ်တီပဏ္ဍိတ -စသောစိတ်ဝင်စားဖွယ်အကြောင်းရပ်တို့နှင့်အတူ'မစ္စတာမောင်မှိုင်း'မှသည် 'သခင်ကိုယ်တော်မှိုင်း'အမည်ပြောင်းလဲပုံအထိ နှစ်ပေါင်း ၂၃-နှစ်ကာလအတွင်း ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ စာပေဘဝ၊ လူမှုဘဝတို့ကို စာမျက်နှာ-၈၀၀ ကျော်ဖြင့် အသေးစိတ်ဖြိယ်မှုန်းနှုန်းဖွဲ့ဖော်ကျူးထားသည်-

ဦးအောင်မွန်(မြတ်ဆုမွန်)၏ ရာပြည့်မစ္စတာမောင်မှိုင်း

မြတ်ဆုမွန်စာပေထုတ်ဝေရေး

အမှတ်-၇၆/၁၀၁ ဗညားဒလလမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့

ဖုန်း - ၀၁- ၂၉၁၃၆၃ ၀၉-၅၁၉၄၁၆၆ ၀၉-၅၁၇၁၄၃၅၅

ရန်ကုန်မြို့နှင့်နယ်မြို့ရှိ စာအုပ်ဆိုင်တိုင်းတွင်ဝယ်ယူနိုင်ပါသည်။

ထွက်ပါပြီ။ တန်ဖိုး ၁၀၀၀၀ဝ/-ကျပ်

ဖခင်အမည်မှန်

နေပြည်တော်၊ တပ်ကုန်းမြို့နယ် အထက(၁) နဝမတန်း(D)တွင် ပညာသင်ကြားနေသော မောင်ရန်လင်းအောင်၏ ဖခင်အမည်မှန်မှာ ဦးထွန်းနောင်ဖြစ်ပါသည်။

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄ယ/၄၆၂၅၀ ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ငြိမ်း ၉/ပမန(နိုင်)၁၁၀၁၂၁က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရမည်းသင်း)**

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၂/ခကံဘဲ့၊ မြေကွက်အမှတ် ၁၄/ဒ၂၊ မြေကွက်တည်နေရာအမှတ်၄၂၊ ပါရမီလမ်း၊(၈)ရပ်ကွက်၊ ရန်ကင်းမြို့နယ် ဦးလှဝင်းနှင့် ဒေါ်ခင်ခင်ကြည် အမည်ပေါက် မြေပိုင်မြေ လ/န (၃၉) မြေအား အမည်ပေါက် ဦးလှဝင်း ကွယ်လွန်သဖြင့် ဒေါ်ခင်ခင်ကြည် ၁၂/ရကန(နိုင်) ၀၂၉၁၃၃ ထံမှ SP ၂၀၁၂/၂၀၁၃ / ၄-၂-၂၀၁၃ ရရှိသူ ဒေါ်နီလှဝင်းမှ ဒေါ်ခင်ခင်ကြည်မှာ ဦးလှဝင်း၏ တရားဝင်ဇနီးတော်စပ်ကြောင်း ကိုယ်တိုင်ကျမ်းကျိန်လွှာ/ကတိသစ္စာပြုလွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့်အရောင်းအဝယ် စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရာထူးဝန်အဖွဲ့
Union Civil Service Board
လျှောက်လွှာခေါ်ယူခြင်း

www.ucsb.gov.mm

အစ်ကိုအဖြစ် မသက်ဆိုင်တော့ကြောင်း အများသိစေရန်ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်တွင် နေထိုင်သော မောင်ကံဦး(ခ) ကျော်ထူးနိုင် ၁၂/ဒဂန (နိုင်)၀၂၈၂၆၈သည် မိသားစုအပေါ် အကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြုလုပ်ခဲ့သည့်အတွက် ယနေ့မှစ၍ အစ်ကိုအဖြစ် မသက်ဆိုင်တော့ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ နောက်နောင် ၄င်းနှင့်ပတ်သက်သော ကိစ္စအဝဝအားလုံး တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

မယုယုနိုင် ၁၂/ဒဂန(နိုင်)၀၃၂၅၈၈

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၁၃၊ မြေကွက်အမှတ်၉၇၊ မြေကွက်တည်နေရာအမှတ် ၉၇၊ အနော်မာ ၁ လမ်း၊(၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပ ဦးဝင်းအောင်(ခ)လျိုဝေယုံ အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးဝင်းအောင်(ခ)လျိုဝေယုံ ၁၃/လရန(နိုင်) ၀၇၈၃၈၈ က နှစ်၆၀ မြေငှားစာချုပ်(ဂရန်) ပျောက်ဆုံးကြောင်း တရားရုံး ကျမ်းကျိန်လွှာ၊ ရဲစခန်းထောက်ခံချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်တို့တင်ပြပြီး ဂရန်မိတ္တူလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန်ကြေညာခြင်း

တောင်ကြီးမြို့၊ အေးသာယာမြို့သစ်၊ အကွက်အမှတ် ၁၇(နောင်အင်အနောက်မြောက်)၊ မြေကွက်အမှတ် ၂၀+၁၉/၂၊ ဧရိယာ ဒသမ ၁၆၂ဧကရှိမြေကွက်ကို တောင်ကြီးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ မြေငှားဂရန်အမှုတွဲအမှတ် (၂၁၁၀/၁၉၉၁)အရ မူလပိုင်ရှင် ဦးရွှေဝင်း CE-၀၇၉၈၂၆က နှစ် ၃၀မြေငှားဂရန်ဖြင့် အမည်ပေါက်ပိုင်ဆိုင်ခဲ့ရာ ၄င်းထံမှ ဒေါ်ဝင်းစိန် ၁၃/တကန(နိုင်)၀၈၀၈၆၃က ၉-၉-၂၀၀၂ရက်စွဲပါ မြေကွက်အရောင်းအဝယ်စာချုပ်အရ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး တစ်ဖန် ဒေါ်ဝင်းစိန်ထံမှ ၁-၁၂-၂၀၀၄ ရက်တွင် ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ကျင်ရှု ၁၃/တကန(နိုင်)၀၆၈၃၈၅က ထပ်မံဝယ်ယူခဲ့ပြီး တရားဝင်လက်ဝယ်ထားရှိခဲ့သည်မှာ ယနေ့အချိန်ထိဖြစ်ပါသည်။ အဆိုပါမြေကွက်အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ တည်ဆဲဥပဒေများနှင့်အညီ မှတ်ပုံတင်စာချုပ်ပြုလုပ်ချုပ်ဆိုခြင်း၊ မြေငှားဂရန်အမည်ပြောင်းလဲခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းပေးခြင်းအပါအဝင် မြေကွက်နှင့်ပတ်သက်သည့်ကိစ္စအဝဝတို့ကိုပြုလုပ်ဆောင်ရွက်မည်ဖြစ်ပါသဖြင့် မည်သူမဆို အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော တရားဝင်စာရွက်စာတမ်းအထောက်အထားများဖြင့် သတင်းစာကြော်ငြာစာပါသည့်ရက်မှ ၁၄ ရက်အတွင်း ကျွန်ုပ်တို့၏ မြမြင့်မိုရ်ရှေ့နေရုံးခန်း(၂)သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် အဆိုပါနေ့ရက်ကျော်လွန်ပါက မြေငှားဂရန်အမည်ပြောင်းလဲခြင်းအပါအဝင် မြေကွက်နှင့်ပတ်သက်သည့် ကိစ္စအရပ်ရပ်ကို ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ကျင်ရှု၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအုန်းကျော် LL.B	**ဒေါ်နန်းဖစ်မွန်း LL.B,LL.M**	**ဦးဝင်းလွင်မိုး LL.B**
တရားလွှတ်တော်ရှေ့နေများ		**အထက်တန်းရှေ့နေ**
(စဉ်-၈၂၂၂/၂၀၁၂)	(စဉ်-၈၆၂၅/၂၀၁၂)	(စဉ်-၃၉၈၈၅/၂၀၁၂)

မြမြင့်မိုရ်ရှေ့နေရုံးခန်း(၂)
အခန်းအမှတ် ၁၀၈၊ သီရိမင်္ဂလာအိမ်ရာ၊ ကလေးဆေးရုံလမ်း၊ မြို့မရပ်ကွက်၊ တောင်ကြီးမြို့

၆ဃ/၈၇၅၅ (Nissan, AD, Van)မော်တော်ကားနှင့်ပတ်သက်၍ ဦးဆန်းလွင်ထွန်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ပျဉ်းမလမ်း၊ အမှတ် ၁၂၊ တတိယထပ်နေ ဒေါ်ခိုင်ခိုင်ဝင်း ၉/ပမန(နိုင်)၁၆၈၀၉၇၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

အထက်ပါယာဉ်အမှတ် ၆ဃ/၈၇၅၅ (Nissan, AD, Van, 2007) Model ကားမှာ ယနေ့အချိန်ထိ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခိုင်ခိုင်ဝင်း အမည်ပေါက်ပိုင်ဆိုင်သည့်ကားဖြစ်ပြီး အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချထားခြင်းမျိုးမရှိဘဲ မိတ္ထီလာမြို့နယ်၊ ကန်တောင်ရပ်နေ ဦးဆန်းလွင်ထွန်း ၉/မထလ(နိုင်)၁၇၉၂၄၉က တစ်လလျှင် ကျပ် ၅၀၀၀၀၀ိ/-နှင့် ၁-၈-၂၀၁၂ရက်မှ ၁-၂-၂၀၁၃ ရက်အထိ ခြောက်လတိတိ ငှားရမ်းထားပြီး ယနေ့အချိန်ထိ ပြန်လည်ဆက်သွယ်ပေးအပ်ခြင်းမရှိကြောင်း သိရှိရပါသည်။ လူကြီးမင်းအနေဖြင့် အထက်ပါ ၆ဃ/၈၇၅၅ မော်တော်ယာဉ်အား ယနေ့မှစ၍ ခုနစ်ရက်အတွင်း ပြန်လည်အပ်နှံရန် အကြောင်းကြားအပ်ပါသည်။ အကယ်၍ သတ်မှတ်ထားသည့်ရက်အတွင်း ပေးအပ်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးဆန်းလွင်ထွန်းနှင့် အများသိစေရန်ကြေညာအပ်ပါသည်။

ဒေါ်ခိုင်ခိုင်ဝင်း၏လွှဲအပ်ညွှန်ကြားချက်အရ-
ဦးပြည့်ဖြိုးအောင် LL.B, D.B.L (စဉ်-၂၅၈၀၅) အထက်တန်းရှေ့နေ
အမှတ်(၂၀၂-ဘီ)၊ သစ္စာဥယျာဉ်အိမ်ရာ၊ ၈/ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၄၂၀၇၆၇၄၇၀၊ ၀၉-၅၁၇၆၁၈၇၊ ၀၉-၄၄၈၀၄၆၄၇၄

ကြော်ငြာ

NOTICE OF INVITATION FOR OPENED TENDER

Tender No. Myanmar-Lao Friendship Bridge/2012-2013/NPT/ST 003

This Notice of Invitation For opened tender is Iaunched by the Ministry of Construction on behalf of the Myanmar-Lao Friendship Bridge Construction Project receiving financial support from the Government of the Republic of the Union of Myanmar and the Government of Lao PDR.

Qualified Contractors are invited to submit bids for the detailed design (including the erection procedure), fabrication, supply of materials and erection equipment and supervision of erection of the steel truss bridge superstructure for the above project at Kyaing Lap Township, tachileik District, and Shan State, Myanmar.

(1) **Object of Contract:** detailed design (including the erection procedure), fabrication, supply of materials and erection equipment and supervision of erection of the steel truss bridge superstructure for the above project at Kyaing Lap Township, tachileik District, and Shan State, Myanmar.

(2) **Eligibility and evaluation criteria**
- a. Origin: No restriction on origin.
- b. Eligibility: Open internationally.
- c. Evaluation: The lowest administratively and technically complaint tender will be granted the contract.

(3) **Site and deadlines**
- a. Location of the Project: Kiang Lap Township, Tachileik District, Shan State, Myanmar and Houykhoum village, Long District, Luangnamtha Province, Lao PDR.
- b. C.I.F: Bridge site either side, Myanmar side or Lao PDR side.
- c. Contract period: 6 months.
- d. Validity period of tender: 3 months from the deadline for receipt of tender.

(4) **Tender dossier**
- a. Type: open internationally.
- b. How to obtain the dossier: the dossier may be obtained against payment of a non refundable amount of one thousand US Dollars (1,000 USD) from 28 February 2013 to 14 March 2013 at:
  Bridge Division,
  Public Works,
  Ministry of Construction
  Building No. 11, Naypyitaw, Myanmar.
  And
  Ministry of Public Works and Transport (MPWT)
  Lane Xang Avenue
  PO Box 2158
  Vientiane Capital, Lao PDR
- c. Any request, consultation and communication must be sent to the same address as mentioned above.

(5) **Tender information**
- a. Language: English.
- b. Currency: US Dollars.
- c. Address for receipt and opening: one technical and one financial envelope to each country, Myanmar and Lao PDR at the same address as mentioned above.
- d. Deadline for submission: 14 May 2013 at 16:30 pm local time at the same address as mentioned above.
- e. Date and time of public opening session: Technical proposal will be opened in each country of tender submission, while the financial proposal will be open together at Yangon, Myanmar.

Managing Director
Public Works
Ministry of Construction
Kyaw Linn

Address for inspection, purchasing and submission of Tender Documents:
Mr. Shwe Lay, Chief Engineer (Bridge)
Public Works
Ministry of Construction
Building No. 11, Naypyitaw, Myanmar
Tel. No.:+95-67-407602,+95-67-407276,+95-67-407082
Fax. No.:+95-67-407514
email: mrshwelay@gmail. com

ကျေးဇူးတင်ရှိခြင်း

၂၂-၂-၂၀၁၃ရက်(သောကြာနေ့) ည ၁၀း၁၁ နာရီတွင် ကွယ်လွန်သွားသော ဗိုလ်ချုပ်မင်းဂေါင်(ငြိမ်း)၊ ဗဟိုစည်အထူးကုဆေးခန်းသို့ တက်ရောက်ကုသစဉ် စေတနာထား ပြုစုကုသစောင့်ရှောက်ပေးသော အရိုးအထူးကုဆရာဝန်ကြီး ပါမောက္ခဦးမျိုးမြင့်၊ နှလုံးအထူးကုဆရာဝန်ကြီး ပါမောက္ခဦးတင်လတ်၊ ဆီးနှင့်ကျောက်ကပ်ခွဲစိတ်အထူးကုဆရာဝန်ကြီး ပါမောက္ခဦးတိုးလွင်၊ ကျောက်ကပ်အထူးကုဆရာဝန်ကြီး ပါမောက္ခဦးခင်မောင်ဌေး၊ အဆုတ်နှင့် ရင်ခေါင်းအထူးကုဆရာဝန်ကြီး ပါမောက္ခဒေါ်ရတနာကျော်၊ စိတ်ရောဂါအထူးကုဆရာဝန်ကြီးဒေါက်တာဦးဇော်စိန်လွင်၊ အထွေထွေရောဂါကု ဆရာဝန်ကြီး တွဲဖက်ပါမောက္ခ ဒေါက်တာဒေါ်လှိုင်မြဝင်း၊ ဦးနှောက်နှင့်အာရုံကြော အထူးကုဆရာဝန်ကြီး တွဲဖက်ပါမောက္ခ ဒေါက်တာဦးသန့်ဇင်စိုးတို့အားလည်းကောင်း၊ မိသားစုသဖွယ် အားပေးကူညီစောင့်ရှောက်ပေးသော ဆေးရုံအုပ်ချုပ်မှုအဖွဲ့ဝင်များ၊ ဆရာဝန်များ၊ သူနာပြုဆရာမများ၊ အခြားသောဝန်ထမ်းများအားလည်းကောင်း၊ လူဖြင့်သော်လည်းကောင်း၊ ဖုန်းဖြင့်သော်လည်းကောင်း သတင်းမေးကြသော ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အထူးကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု





အထူးကျေးဇူးတင်ရှိခြင်း

၂၇-၁-၂၀၁၃ (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားခဲ့သော ချစ်လှစွာသော ဖခင်ကြီး ဦးအေးကျော်(ရွှေကြက်ဖ) ညောင်ပင်လေးပလာဇာ နာမကျန်းစဉ် ဂရုတစိုက် ဆေးဝါးကုသပေးခဲ့ကြပါသော ပါမောက္ခဦးဝင်းနိုင်(အသည်းအထူးကုသမားတော်ကြီး) SSC အထူးကုဆေးရုံကြီးမှ ဆရာဝန်၊ သူနာပြု၊ ဝန်ထမ်းများ၊ တရားရေအေးတိုက်ကျွေးပေးပါသော (ဓမ္မမေဒိနီပရိယတ္တိစာသင်တိုက်နှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတိုက်၊ ရွှေမင်းဝန်တောရကမ္မဋ္ဌာန်းကျောင်းတိုက်၊ ဒက္ခိဏာရုံ ဓမ္မမေဒိနီ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းတိုက်)မှ ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တဇာနေယျ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ကမ္မဋ္ဌာနာစရိယ)နှင့် သံဃာတော်များ (အလိုတော်ပြည့် ဓမ္မာစရိယတက္ကသိုလ်) နာယကချုပ်(မစိုးရိမ်တိုက်သစ်၊ ဓမ္မသီတဂူကျောင်း) နာယကဆရာတော် ဘဒ္ဒန္တသုစိတ္တာဘိဝံသ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)နှင့် သံဃာတော်များ၊ အရှေ့ကြို့ကုန်းဗြူးကုန်းတောရ စာသင်တိုက်မှ ဆရာတော်၊ တိုက်အုပ်နှင့်သံဃာတော်များ၊ မိသားစုပမာ အစအဆုံးကူညီပေးခဲ့ကြသော ဦးသောင်းဟန်၊ ဒေါ်ကြည်ကြည်မြင့်၊ ဒေါ်ဝင်းဝင်းမြင့် (ဝင်းမိုးရေတပ်သီးမှုန့်)၊ အနယ်နယ်အရပ်ရပ်မှ အချိန်ယူကာ နေအိမ်သို့ လာရောက်အားပေးခဲ့ကြသူများ၊ လှူဖွယ်ပစ္စည်းများ ပေးပို့ခဲ့ကြသူများ၊ ဖုန်းဖြင့်အားပေးခဲ့ကြသူများ၊ သင်္ဂြိုဟ်မည့်ရက်တွင် ပန်းခြင်းပေးပို့သူများ၊ လိုက်ပါပို့ဆောင်ပေးကြသော ညီအစ်ကိုမောင်နှမ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် အချိန်ယူကာ လိုက်ပါပို့ဆောင်ပေးကြသော ညောင်ပင်လေးပလာဇာမှ သာရေးနာရေးအသင်းနှင့် ဈေးသူဈေးသားများ၊ ရေဝေးသုသာန်မှ တာဝန်ရှိသူများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု
ရွှေကြက်ဖရေတ်မှုန့်နှင့်ကုန်မျိုးစုံ အမှုန့်ကြိတ်စက်လုပ်ငန်း

တစ်လပြည့် လွမ်းဆွတ်သတိရအမှာပေးဝေခြင်း

ဒေါ်တင်ရှိန်(အသက်-၇၉နှစ်)ဒလမြို့ ကွယ်လွန်သွားသည်မှာ ၂၇-၂-၂၀၁၃ရက်တွင် တစ်လပြည့်မြောက်ခဲ့ပြီဖြစ်ပါသည်။ ဒလမြို့၊ စက်မြေရပ်ကွက်၊ မင်းရဲကျော်စွာလမ်းသွယ်(၁)၊ (၁၅/၁၈၃)နေ (ဦးဘိုးဆိုင်-ဒေါ်သင်းလှိုင်)၊ (ဦးအောင်စု-ဒေါ်ဇီလီ)တို့၏သမီး (ဦးတက်စိန်-ရေကြောင်းဆလင်ငြိမ်း)၊ (ဦးမောင်ငွေ-ရေကြောင်းဆလင်ငြိမ်း)တို့၏ ညီမ၊ (ဦးစံငြိမ်း)၏ဇနီး၊ မောင်ရွှေဆင်၊ မအုန်းညွန့်(လမဖဒိုက်ဦး)၊ မောင်ထွန်းရ(လှဘုရင်ပရိဘောဂ)၊ မခင်ခင်သိန်း(J.A.T-မ-၁၉-ဒလ)(တကအုန်းခိုင်၊ မင်းလှ)၊ မခင်ခင်ငြိမ်း(ဂျမ်ဘိုကုမ္ပဏီ)၊ (မောင်သိန်းဟန်)၊ မောင်ဝင်းသိန်း(G.T.I)၊ မဝင်းသန်း (င-စ-ဘ-၂ ရန်ကုန်)၊ မောင်အုန်းနိုင်၊ မောင်မြင့်အုန်း၊ တကကသိန်းတန်(နဆတ-လေတပ်စခန်းဌာနချုပ်)၊ မမော်မော်ငြိမ်း(ဗဟိုစာရင်းအင်းနေပြည်တော်)၊ မစန်းစန်းထွေး(ကျော်ထက်ကျော်ကုမ္ပဏီ)၊ မမြင့်မြင့်စန်း(မ·စ·ဘ-၁-ရန်ကုန်)၊ (မမြင့်မြင့်သန်း)တို့၏ မိခင်ကျေးဇူးရှင်(ဒေါ်တင်ရှိန်)အားရည်စူးပြီး သားသမီးများ၏ ကုသိုလ်ကောင်းမှုအစုစုတို့ကို ရောက်ရာဘုံဘဝမှ သာဓုအနုမောဒနာ ခေါ်ဆိုနိုင်ပါရန် အမှာပေးဝေပါသည်။

အမျှ-အမျှ-အမျှ **ကျန်ရစ်သူသားသမီးများ**

(၁)လပြည့်အလွမ်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ မုခ်ဦး ဒါယကာကြီး
ဦးအေးကျော်(ရွှေကြက်ဖ)
အသက်(၅၈)နှစ်

ကျေးဇူးရှင်ဖခင်ကြီး မိသားစုနှင့်ခွဲခွာသွားသည်မှာ ၂၇-၂-၂၀၁၃ ရက်တွင် (၁)လပြည့်သွားခဲ့ပါပြီ။ ပါပါးအတွက်ရည်စူး၍ ပြုခဲ့သမျှသော ကုသိုလ်ကောင်းမှုအစုစုတို့ကို ရောက်ရာဘုံဘဝမှ သာဓုခေါ်နိုင်ပါစေ-

ကျန်ရစ်သူမိသားစု
ရွှေကြက်ဖရေတ်မှုန့်နှင့်ကုန်မျိုးစုံ
အမှုန့်ကြိတ်စက်လုပ်ငန်း

(၂)နှစ်ပြည့် လွမ်းဆွတ်သတိရ အမှာပေးဝေခြင်း

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ငွေမြိုင်(မြင်းခြံ)
(၂၇-၂-၂၀၁၁)- (၂၇-၂-၂၀၁၃)

ကျေးဇူးရှင်မိခင်ကြီး ကွယ်လွန်သွားခဲ့သည်မှာ (၂)နှစ်ပြည့်သည့်တိုင် နေ့စဉ်၊ လစဉ်၊ နှစ်ပတ်လည်အလှူဒါနများပြုလုပ်ခဲ့ပြီး၊ ယနေ့ ၂၇-၂-၂၀၁၃ ရက်တွင် ရန်ကုန်မြို့၊ တိပိဋကမင်းကွန်းကျောင်းတိုက်၌ပြုလုပ်သော ကုသိုလ်အလှူဒါနများကို အမှာပေးဝေပါတယ်။ လှူဒါန်းပြုလုပ်သမျှ ကုသိုလ်ကောင်းမှုအစုစုတို့အား မိခင်ကြီးဒေါ်ငွေမြိုင်သည် မြင့်မြတ်သောဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ-

သားသမီးများ - **ဦးခင်မောင်ဝင်း-ဒေါ်ယုယုငယ်**
ဦးစိန်ထွန်းဝင်း-ဒေါ်ခင်ချိုကြည်
ဦးဖိုးကျား-ဒေါ်ခင်မြဝင်းနှင့် မြေးတစ်စု

ကန့်ကွက်နိုင်ပါကြောင်း

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၊ မြေကွက်အမှတ် ၁၂၀၊ မြေကွက်တည်နေရာအမှတ် ၁၂၀၊ နှင်းဆီလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ဦးသောင်းလှိုင် အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဖခင်ဦးသောင်းလှိုင်နှင့် မိခင်ဒေါ်ကြင်မွှေးတို့ ကွယ်လွန်သဖြင့် ဒေါ်ခင်ဦးမြင့် ၁၂/မရက(နိုင်)၀၂၂၈၉၂၊ ဦးထွန်းထွန်းကျော် ၁၂/မရက(နိုင်)၀၄၄၀၅၄၊ ဒေါ်မွှေးမွှေးလှိုင် ၁၂/မရက(နိုင်)၁၁၁၉၀၁၊ ဒေါ်ဝါဝါလှိုင် ၁၂/မရက(နိုင်)၁၁၆၀၃၉၊ ဒေါ်သန်းသန်းမြင့် ၁၂/မရက(နိုင်)၁၃၀၃၇၅ တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းများ၊ ပါမစ်မူရင်းတင်ပြ၍ နှစ်၆၀ မြေငှားဂရန် လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၃၆ အိုင်၊ မြေကွက်အမှတ် ၆၉/၃၊ မြေကွက်တည်နေရာအမှတ် ၂၇/B၊ အောင်ဇေယျလမ်းသွယ်(၂)၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ် ဦးလှမြိုင်၊ ဒေါ်ခင်သန်းသန်း အမည်ပေါက် မြေပိုင်မြေအား အမည်ပေါက် ဒေါ်ခင်သန်းသန်း ကွယ်လွန်သဖြင့် ဦးလှမြိုင် ၁၂/ဗဟန(နိုင်) ၀၅၅၁၄၁ က တရားဝင်ခင်ပွန်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၂၊ မြေကွက်အမှတ် ၁၀၂၀၊ မြေကွက်တည်နေရာအမှတ် ၁၀၂၀၊ ဦးလင်းလမ်း၊ (၄၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဒေါ်ယဉ်ယဉ်အောင်အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်ယဉ်ယဉ်အောင် ၁၂/ရကန(နိုင်)၀၄၃၅၆စထံမှ GP ၂၃၂၉၄/၁၁/၁၅-၁၂-၁၁ဖြင့် ဒေါ်စံလှဖြူ ၁၂/ရကန(နိုင်) ၀၄၈၉၇၆ ရရှိသူမှ ဂရန်ပျောက်ဆုံးကြောင်း ရဲစခန်းထောက်ခံချက်၊ ရပ်ကွက်ထောက်ခံချက်၊ ဌာနဝန်ခံချက်နှင့် တရားရုံးကျမ်းကျိန်လွှာတင်ပြ၍ နှစ်၆၀ဂရန်မိတ္တူ လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အထူးကျေးဇူးတင်ရှိခြင်း

U Gin Khan Thang

B.A(Law), LL.B, H.G.P
မြို့နယ်ဥပဒေအရာရှိ(ငြိမ်း)
အသက်(၆၆)နှစ်

၁၇-၂-၂၀၁၃ ရက်တွင် ခရစ်တော်၌အိပ်ပျော်သွားသော ချစ်လှစွာသောဖခင်ကြီး U Gin Khan Thang ၏ နာရေးကိစ္စအဝဝတွင် ဆုတောင်းပေးခြင်း၊ ဂူသွင်းသင်္ဂြိုဟ်ရာ၌ လိုက်ပါပို့ဆောင်ပေးခြင်း၊ လူကိုယ်တိုင် လာရောက်နှစ်သိမ့်အားပေးခြင်း၊ ဖုန်း၊ အီးမေးလ်ဖြင့် နှစ်သိမ့်အားပေးခြင်းနှင့် လွမ်းသူ့ပန်းခွေများပေးပို့ခြင်းစသည့် အဘက်ဘက်မှ စိတ်ရောကိုယ်ပါ စေတနာမေတ္တာအားဖြင့် အားပေးကူညီခဲ့ကြသော မိခင်အသင်းတော် စီဘီစီမှ သင်းအုပ်ဆရာတော်ကြီးနှင့်တကွ ဆရာ ဆရာမများနှင့် အသင်းသူ အသင်းသားများ၊ အသင်းတော်အသီးသီးမှ ယုံကြည်သူဓမ္မမိတ်ဆွေများ၊ ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများ၊ တောင်ပိုင်းခရိုင် စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးမှ ခရိုင်အုပ်ချုပ်ရေးမှူးနှင့်မိသားစု၊ အရာရှိများနှင့်ရုံးဝန်ထမ်းများ၊ တာမွေမြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးမှ အုပ်ချုပ်ရေးမှူး၊ လက်ထောက်အုပ်ချုပ်ရေးမှူးများနှင့် ရုံးဝန်ထမ်းများ၊ ပြည့်စုံစွာဖော်ပြနိုင်ခြင်းမရှိသော်လည်း ကျေးဇူးတင်ထိုက်သူအားလုံးကို ကျန်ရစ်သူမိသားစုမှ အထူးကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၊ မြေကွက်အမှတ် ဂ/၄၅၊ မြေကွက်တည်နေရာအမှတ် ၁၈၉၊ မြတ်လေးနွယ်လမ်း၊ နွယ်အေးရပ်ကွက်၊ ဒေါပုံမြို့နယ် ဦးကျော်ရွှေ အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးကျော်ရွှေကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီး ဒေါ်ခင်ကြည်ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၁၀၁၇/၁၃ရရှိသူ ဦးနိုင်လင်းအောင် ၁၂/မဂဒ(နိုင်)၁၆၀၄၈၂ က သေစာရင်း၊ ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဗိုလ်မှူးစိန်ထွန်း (ငြိမ်း)

လေ-၁၀၇၇၊ လေတပ်(တပ်ဖွဲ့)တပ်မှူး

စစ်ဦးစီးမှူး(ဒုတိယတန်း) တာဝန်(၁)၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)

အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ အမှတ် ၇၆၊ သြဘာလမ်းနေ (ဦးမြသာ-ဒေါ်စောမြခိုင်)တို့၏သား၊ (ဦးတော်မီ-ဒေါ်မြရွှေ)တို့၏သားသမက်၊ ဒေါ်ညွန့်ရင်၏ခင်ပွန်း၊ (ဦးကျော်ဝင်း)-ဒေါ်ညွန့်ညွန့်စိန်၊ ဦးထွန်းအောင်ကျော်-ဒေါ်ခင်မေကြိုင်၊ ဦးမောင်မောင်-ဒေါ်သဇင်၊ ဦးခေတ်ဝင်း-ဒေါ်တင်တင်မြင့်တို့၏ဖခင်၊ မြေးရှစ်ယောက်၊ မြစ်ရှစ်ယောက်တို့၏ဘိုးဘိုးကြီးသည် ၂၄-၂-၂၀၁၃ရက်(တနင်္ဂနွေနေ့) ည ၁၂း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၂-၂၀၁၃ရက် (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးဝင်းထွဋ်

မန်နေဂျာ(ငြိမ်း)၊ သစ်ထုတ်လုပ်ရေး၊ မြန်မာ့သစ်လုပ်ငန်း

အသက်(၇၁)နှစ်

ရန်ကုန်မြို့နေ (ဦးလှမောင်-ဒေါ်မြသင်)တို့၏သားကြီး၊ ဒေါ်မြင့်မြင့်လှ၊ (ဒေါ်ကြည်ကြည်လှ)၊ ဒေါ်ဆယ်လီလှ၊ (ဦးမျိုးထွန်းလှ)၊ ဒေါ်သီဂီလှတို့၏အစ်ကိုကြီး၊ ရန်ကုန်မြို့၊ မရမ်းကုန်း(၁)ရပ်ကွက်၊သမိုင်း ၄လမ်း၊ အမှတ် ၇၄၈(ပ)ထပ်နေ ဒေါ်အမာကြည်၏ခင်ပွန်း၊ ကိုရဲမင်းထွဋ်-မသဇင်ဟန်(ခေတ္တ-စင်ကာပူ)၊ ကိုကျော်ကျော်မိုး-ဒေါ်ပပဝင်း(S.A.E ရန်ကုန်စည်ပင်)၊ ကိုဇေယျာထွဋ်(ခေတ္တ-စင်ကာပူ)၊ ဒုရဲအုပ်မျိုးမင်းထွဋ် (မအူပင်ခရိုင် ရဲတပ်ဖွဲ့မှူးရုံး)-မနှင်းနှင်းဝေ (HORIZON INTERNATIONAL SCHOOL)တို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၂၅-၂-၂၀၁၃ရက် (တနင်္လာနေ့)ည ၁၁း၁၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၂-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၃-၃-၂၀၁၃ရက် (တနင်္ဂနွေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးဉာဏ်မြင့်

B.Econ (Stats), M.A (Demography) Australia

ENVIPRO / လ/ထကထိက(ငြိမ်း)၊ စီးပွားရေးတက္ကသိုလ်

အသက်(၅၆)နှစ်

ပိန်းဇလုပ်မြို့နေ (ဦးစုလှိုင်-ဒေါ်ရှုခင်)တို့၏စတုတ္ထသား၊ မြင်းခြံမြို့နေ (ဦးစောစိန်)-ဒေါ်မေခင်အုန်းတို့၏သားသမက်၊ ရန်ကုန်မြို့နေ ဒေါ်အေးအေးလှိုင်၊ တပ်ကုန်းမြို့နေ ဦးအောင်ကျော်-ဒေါ်မိုးမိုးလှိုင်၊ ရန်ကုန်မြို့နေ ဒေါက်တာဝင်းမြင့်-(ဒေါက်တာဝင်းဝင်းကြည်)တို့၏ညီ၊မောင်၊ ပိန်းဇလုပ်မြို့နေ ဒေါ်တင်တင်လှိုင် (SAT အထက၊ ပိန်းဇလုပ်)၊ ရန်ကုန်မြို့နေ ဦးဝင်းမိုး-ဒေါ်မြမြဝင်း၊ ကျောက်တံခါးမြို့နေ ဦးစိုးလွင်-ဒေါ်မိမိလှိုင်၊ ပိန်းဇလုပ်မြို့နေ ဦးသီဟ-ဒေါ်မာလာထွန်းတို့၏အစ်ကို၊ မောင်ဉာဏ်သစ်လွင်(MCC)၊ မောင်ဉာဏ်ရဲလွင်(Final Year, Dental University)၊ မပန်းအိဖြူ(First Year, English YUFL)တို့၏ဖခင်၊ လှိုင်မြို့နယ်၊ ခြောက်မိုင်ခွဲ၊ ဓမ္မာရုံလမ်း၊ အမှတ် ၂၅နေ ဒေါ်ဝေဝေလွင်၏ခင်ပွန်းသည် ၂၅-၂-၂၀၁၃ရက် (တနင်္လာနေ့) ညနေ ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၂-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ထက်မြတ်အောင်(ခ)လွမ်းမိုးအောင်

(စစ်တွေမြို့)

အသက်(၁၃)နှစ်

စစ်တွေမြို့၊ ပြည်တော်သာရပ်ကွက်၊ တိုက်အမှတ် ၈၊ အခန်း ၄နေ ဦးခင်မောင်အုန်း (ပွင့်သစ်ကြယ် ဆောက်လုပ်ရေးကုမ္ပဏီ) - ဒေါ်ဝင်းမေဦးတို့၏သားငယ်၊ မောင်မင်းသိန်းကျော်၏ညီသည် ၂၄-၂-၂၀၁၃ရက် ညနေ ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၂-၂၀၁၃ရက် ညနေ ၄နာရီတွင် အာကျိပ်တော်ကုန်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ထက်မြတ်အောင်(ခ)လွမ်းမိုးအောင်

အသက်(၁၃)နှစ်

စစ်တွေမြို့၊ ပြည်တော်သာရပ်ကွက်၊ တိုက်အမှတ် ၈၊ အခန်း ၄နေ ဦးခင်မောင်အုန်း(ပွင့်သစ်ကြယ်ဆောက်လုပ်ရေးကုမ္ပဏီ)-ဒေါ်ဝင်းမေဦးတို့၏သားငယ်၊ မောင်မင်းသိန်းကျော်၏ညီသည် ၂၄-၂-၂၀၁၃ရက် ညနေ ၅း၃၀နာရီတွင် ကွယ်လွန်သွားသည်ကို သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲမိပါကြောင်း။

ရခိုင်ဆောက်လုပ်ရေးကုမ္ပဏီများအစုအဖွဲ့(ယာယီ)

စစ်တွေမြို့

သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကိုမေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမိုစီးနင်းခြင်းမပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်း
ထိန်းသိမ်းရေး
ကြီးကြပ်မှုကော်မတီ

မဖြူဖြူဝင်း

(B.Sc)

အသက်(၃၇)နှစ်

ရန်ကုန်မြို့၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၁၀၉လမ်း၊ အမှတ် ၃၀နေ ဦးသန်းမြင့်-(ဒေါ်စန်းမြင့်)တို့၏သမီးထွေး၊ ဦးထင်အောင်-ဒေါ်စိုးစိုးမော်၊ ဦးခင်ဇော်-ဒေါ်ချို၊ ဦးထွန်းထွန်း၊ ဦးနိုင်လင်း-ဒေါ်မြတ်သီတာဦး၊ ဒေါ်မူမူဝင်း-ဦးဌေးအောင်တို့၏ညီမ၊ တူ၊တူမ ကိုးယောက်တို့၏အဒေါ်သည် ၂၆-၂-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၇း၀၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၂-၂၀၁၃ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်လှ (ကြီးပွားရေးစာအုပ်တိုက်၊ ထားဝယ်မြို့)

အသက်(၈၄)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ကညံ့ရပ်၊ အာဇာနည်လမ်း၊ အမှတ် ၆၂နေ (ဦးကြီးလှိုင်-ဒေါ်မြတ်အေး)တို့၏သမီး၊ ဦးတိုးစိန်၏ဇနီး၊ ဦးကြီးဝင်း-ဒေါ်ဖြူဖြူထွန်း(ကြီးပွားရေး သံတန်ဆာတိုက်)၊ ဦးလှဖေဝင်း-(ဒေါ်လှမြင့်)(ကြီးပွားရေးစာအုပ်တိုက်)၊ ဦးကျော်ဝင်း-ဒေါ်မွေး(ရောင်ပြန်ဟိန်းကုန်မာဆိုင်)၊ ဦးမောင်မောင်ကြီး-ဒေါ်နွဲ့နွဲ့အေး၊ ဦးအောင်မြို့-ဒေါ်သီရိ (မြန်မာ့ကြီးပွားရေးကုန်မာတိုက်)၊ ဒေါ်နွဲ့နွဲ့စန်း၊ ဒေါ်လေးလေးနွဲ့(ကြီးပွားရေးမီနီမတ်ကက်)တို့၏မိခင်၊ မြေး ၁၆ယောက်၊ မြစ်သုံးယောက်တို့၏ဘွားဘွားကြီးသည် ၂၅-၂-၂၀၁၃ရက်(တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ကွယ်လွန်သွားပါ၍ ၂၈-၂-၂၀၁၃ရက် (ကြာသပတေးနေ့)မွန်းလွဲ ၂နာရီတွင် ဇဟာသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ခင်ခင်လေး (ပေါင်းတည်)

အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ် ၂၀/က၊ မန္တလေးလမ်း၊ ကန်တော်ကလေးတောင်ပိုင်းနေ (ဦးခင်အောင်၊ မြန်မာ့မီးရထား၊ ငြိမ်း)၏ဇနီး၊ ဦးစိုးဝင်းအောင်-ဒေါ်တင်တင်ဦး၊ ဦးမင်းဇော်အောင်-ဒေါ်နီလာဝေ၊ ဦးစိုးပိုင်အောင်-ဒေါ်စောစောမူ၊ ဦးစိုးကျော်ဦး-ဒေါ်စုစုအောင်၊ ဦးစိုးမင်း-ဒေါ်သက်သက်အောင်တို့၏မိခင်၊ မောင်မျိုးပိုင်အောင်၊ မောင်ဇေယျာထွန်း၊ မောင်သက်ဇင်အောင်၊ မောင်ရဲဘုန်းလွင်၊ မသန္တာအောင်၊ မောင်ရဲစွမ်းရည်တို့၏အဘွားသည် ၂၅-၂-၂၀၁၃ရက် နံနက် ၇း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၂-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်ခင်သန်း (ဖောင်ကြီး)

အသက်(၇၄)နှစ်

လှည်းကူးမြို့နယ်၊ ဖောင်ကြီးအနောက်ကျောင်းပိုင်းနှင့် မင်္ဂလာတောင်ညွန့်မြို့နယ်၊ကန်တော်ကလေး(စည်ပင်ဝင်း)တိုက်သစ်၊အခန်း၂နေ(ဦးမြဝင်း-ဒေါ်တင်)တို့၏သမီး၊ (ဦးအောင်မြင့်)၏ဇနီး၊ ဒေါ်မြင့်မြင့်မော်၊ ဒေါ်တင်တင်ခိုင်(အလက) ဖောင်ကြီးအနောက်၊ ဒေါ်အေးအေးလွင်(Y.C.D.C ရေ/သန့်)၊ ဦးအောင်နိုင်မျိုး (တပ်မတော်-ရေ)၊ ဒေါ်မာမာမြင့်(အလက၊ ဖောင်ကြီးအနောက်)၊ မောင်နေမျိုးအောင်တို့၏မိခင်သည် ၂၆-၂-၂၀၁၃ရက်(အင်္ဂါနေ့)နံနက် ၈း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၂-၂၀၁၃ရက်(ကြာသပတေးနေ့)မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်စိန်စိန်

အသက်(၆၅)နှစ်

မန္တလေးမြို့၊ နယူးစီဗီလိုင်းရပ်နေ (ဦးသာကြွယ်-ဒေါ်ကြည်ကြည်)တို့၏သမီး၊ ၈၃လမ်း၊ ဂုဏ်တန်ရပ်နေ (တိုင်းချစ် ဦးသိန်းဖေ-ဒေါ်မြမြ)တို့၏ချွေးမ၊ (ဦးဇော်ဝမ်း၊ အဆိုတော်၊ ရုပ်ရှင်သရုပ်ဆောင်)၏ဇနီး၊ ကိုစိမ်းအောင်အောင်-မယမင်းဇော်ဝမ်း၊ ဟယ်ရီဇော်ဝမ်း(ခ)ထွန်းဇော်(တိုင်းချစ်ပညာရေး)-မစုနန္ဒာတို့၏မိခင်၊ မောင်မင်းဗညားစိမ်း၊ မောင်လမင်းစိမ်း၊ မနဒီစိမ်း၊ မဖူးသစ်ငြိမ်းတို့၏အဘွားသည် ၂၄-၂-၂၀၁၃ရက်(တနင်္ဂနွေနေ့) နံနက် ၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃နာရီတွင် ကြာနီကန်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်သန်းအေး (မင်းတုန်း)

အသက်(၆၅)နှစ်

မုံရွာမြို့နေ ဦးချစ်-ဒေါ်ခင်ချိုစန်း(အထက်တန်းပြဆရာမ)၊ (ဦးလှမင်း) မန္တလေးမြို့၊ ၈၃လမ်း၊ (၂၆×၂၇)လမ်းကြား၊ တရားရေးအရာရှိရိပ်သာနေ ဒေါ်မြင့်မြင့်စန်း(လက်ထောက်ညွှန်ကြားရေးမှူး၊ မန္တလေးတိုင်းဒေသကြီး၊ တရားလွှတ်တော်)၊ ရန်ကုန်မြို့နေ ဦးအောင်မင်း(လက်ထောက်မန်နေဂျာ၊ ကမ္ဘောဇအုပ်စုကုမ္ပဏီ)-ဒေါ်ခင်တုတ်တို့၏မိခင်၊ (ဦးစိန်မောင်)၏ဇနီးသည် ၂၆-၂-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၂-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် မန္တလေးမြို့၊ ပြည်သူ့ဆေးရုံကြီးအအေးတိုက်မှ ကြာနီကန်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

မောင်သန်းထွန်းအောင်(ခ) ကိုပု (ဒုတိယနှစ်ကျောင်းသား)

သမဝါယမတက္ကသိုလ်(သန်လျင်)

အတွင်းရေးမှူး၊

ဝေဟင်ထက်က တွဲလက်များ

ပရဟိတအသင်း

အသက်(၁၉)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေနံ့သာရပ်ကွက်၊ ပိုက်လုံးလမ်း၊ သဇင်ခြံ၊အမှတ် ၆၇/A နေ ဦးအေးမောင်-ဒေါ်စန်းရီတို့၏သားငယ်၊ ဦးသန်းထွန်း-ဒေါ်ကြူကြူဝင်း၊ မလှလှမော်၊ မကြည်ကြည်ဌေး၊မောင်အောင်မျိုးမင်းတို့၏ညီ၊မောင်၊ မောင်ရဲမင်းထွန်း၊ မအင်ကြင်းစံတို့၏ဦးလေးသည်၂၅-၂-၂၀၁၃ရက်(တနင်္လာနေ့)တွင်ကွယ်လွန်သွားပါသဖြင့်၂၇-၂-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၃-၃-၂၀၁၃ရက်(တနင်္ဂနွေနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ရဲအုပ်ကျော်သိန်း (ငြိမ်း)

လ-၅၈၂၂၇

ဒုရဲအုပ်လောင်းအမှတ်စဉ်(၁၂)

ဒု-မြို့နယ်မှူး(ငြိမ်း)

တောင်ကုတ်မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး

အသက်(၆၆)နှစ်

ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်နေ (ဦးနိုးဒေါင်း - ဒေါ်သာနု)တို့၏သား၊ တောင်ကုတ်မြို့နေ (ဦးစောတင်-ဒေါ်မမကြီး)တို့၏သားသမက်၊ (ဒေါ်ခင်သန်းကြည်)၏ခင်ပွန်း၊ ဦးသိန်းနု(ရေနံချက်စက်ရုံ၊ သန်လျင်)-ဒေါ်စောခင်နုတို့၏အစ်ကို၊ ဦးမျိုးကိုကိုဦး-ဒေါ်ခင်သန္တာကျော်(Tour Mandalay Co., Ltd.)၊ ဦးသူရိန်စိုး (S.M.I ကုမ္ပဏီ)-ဒေါ်ခင်သီတာကျော်(လ/၃၊ဒဂုံအရှေ့)၊ ဗိုလ်ကြီးလှမျိုးကျော်(ဟင်္သာတ)တို့၏ဖခင်သည် ၂၄-၂-၂၀၁၃ရက် ည ၁၀း၄၀နာရီတွင် မဟာမြိုင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၈-၂-၂၀၁၃ရက် (ကြာသပတေးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (အမှတ် ၄၂၊ ပထမထပ်၊ မပိုလမ်း၊ စမ်းချောင်းမြို့နယ် နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ရဟန်းဒါယိကာမကြီး

ဒေါ်အေးကြည်

အမက(၅)အလုံ

ကျောင်းအုပ်ဆရာမကြီး(ငြိမ်း)

အသက်(၉၁)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်၊ အမှတ် ၁၂၊ ဆဒ္ဒန်လမ်းနေ (ဦးဖိုးဝန် - ဒေါ်ငွေလှိုင်)တို့၏ သမီး၊ (ဦးညို)၏ဇနီး၊ ဦးဇော်ဝင်း-ဒေါ်ခင်စန်း၊ ဒေါ်ဥဥသွင်၊ ဦးဟံစိန်-ဒေါ်သက်သက်လွင်၊ ဦးစိုးမြင့်အောင်-ဒေါ်ဆွေဆွေဝင်းတို့၏မိခင်၊ မြေးကိုးယောက်၊ မြစ်သုံးယောက်တို့၏ဘွားဘွားကြီးသည် ၂၆-၂-၂၀၁၃ရက် နံနက် ၁၁း၁၅နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့်၂၈-၂-၂၀၁၃ရက် နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်တင်အေး

(ကွမ်းဆိပ်၊ သူရဲသမိန်)

ပေါင်းလောင်းအသင်း(ရန်ကုန်)

သက်ကြီးကန်တော့ခံ

အသက်(၈၂)နှစ်

ရန်ကုန်မြို့၊လှိုင်မြို့နယ်၊(၇)ရပ်ကွက်၊ သံလမ်း၊ အမှတ် ၃၀နေ (ဦးမင်း-ဒေါ်စောနှစ်)တို့၏သမီး၊ (ဒေါ်ကြည်)၊ ဒေါ်သန်းသန်းတို့၏ညီမ၊ (ဦးစံရင်)၏ဇနီး၊ ဦးအောင်ကျော် - ဒေါ်တင်တင်ဝင်း၊ (ဦးသက်နိုင်) - ဒေါ်သီတာတို့၏မိခင်၊ မြေးခြောက်ယောက်၊ မြစ်တစ်ယောက်တို့၏ဘွားဘွားကြီးသည် ၂၅-၂-၂၀၁၃ရက် (တနင်္လာနေ့) ည ၁၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၂-၂၀၁၃ရက် မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၃-၃-၂၀၁၃ရက်(တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်ယဉ်စိန်

ကျောင်းဆရာမ(ငြိမ်း)

မြေပုံမြို့၊ ရခိုင်ပြည်နယ်

အသက်(၇၈)နှစ်

မြေပုံမြို့၊ အလယ်ပိုင်းရပ်ကွက်နေ ဦးညီပြား၏ဇနီး၊ ဒေါ်ခင်ခင်သိန်း(ပညာရေး၊ ငြိမ်း)၊(ဒေါ်ခင်ခင်ငြိမ်း၊ ပညာရေး၊ ငြိမ်း)၊ ဦးဝင်းနိုင်သိန်း(ထွေ/အုပ်)-ဒေါ်ခင်မြကြည်၊ ဒေါ်ယဉ်ယဉ်ခိုင်(ကျန်းမာရေးမြေပုံ)၊ မယဉ်ယဉ်ဇော်ထွေး (မဇော်ထွေး အလှကုန်ဆိုင်၊ မြေပုံ)တို့၏မိခင်၊ မခင်ထားနိုင်[တက္ကသိုလ်ဝင်တန်း၊အထက(၂)စစ်တွေ]၊မောင်အောင်ပြည့်နိုင်(အဋ္ဌမတန်း၊ အထက၊ တောင်ကုတ်)၊ မမေမြဖူးပွင့်(ဒုတိယတန်း၊အမက၊တရုပ်တန်း၊ မြေပုံမြို့)တို့၏အဘောင်ရှင်သည် ၂၅-၂-၂၀၁၃ရက်(တနင်္လာနေ့)မွန်းလွဲ၁၂း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၂-၂၀၁၃ရက် ညနေ ၃နာရီတွင် မြေပုံမြို့ မြောက်ပိုင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးတင်ထွန်း

DPMS (Rgn) CXT (India)

SR-Roentgenological Technologisc

အသက်(၆၉)နှစ်

မော်လမြိုင်မြို့၊ မောင်ငံမင်းကုန်းရပ်၊ လိပ်ကုန်းလမ်း၊ အမှတ် ၅၃နေ ဒေါ်ခင်ဝင်းဆွေ၏ခင်ပွန်း၊ ဦးဇော်မိုးထွန်း-ဒေါ်သီဂီဝင်း၊ ဦးခင်မြင့်-ဒေါ်သီဂီတင်ထွန်း၊ ဒေါ်ဝါဝါလင်းထွန်းတို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၂၅-၂-၂၀၁၃ရက် ညနေ ၆း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၂-၂၀၁၃ရက်တွင် ပိန္နဲကုန်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးခင်မောင်ညွန့် (ဟင်္သာတ)

အုပ်ချုပ်ရေးမှူး မဟုတ် - အုပ်ခွဲတပ်ကြပ်ကြီး(လေ) (ငြိမ်း)

အသက်(၈၁)နှစ်

ဟင်္သာတမြို့နေ ဦးဖိုးသော့-ဒေါ်သန်းတင်တို့၏သား၊ အမှတ် ၁၅၉၊ ပုလဲရတနာလမ်း၊ ၁၈/B ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နေ ဒေါ်ဌေးရီ၏ခင်ပွန်း၊ ဦးစိန်ဝင်း(2/O-Hub Line)-ဒေါ်မြင့်မြင့်ဦး၊ ဒေါ်သင်းသင်းမာ(အလပြ၊ ငြိမ်း)၊ ဦးအောင်မြတ်မိုး(E/E-MSS)-Fan Guan Ping၊ ဦးထွန်းဦး-ဒေါ်အေးအေးသွယ်(Sydney Australia)၊ ဦးအောင်မြတ်တိုး(C/O-MTM)-ဒေါ်ခိုင်ခိုင်ထွန်း၊ ဦးအောင်မြတ်စိုး(2/O-Multigate)-ဒေါ်အေးအေးစန်းတို့၏ဖခင်၊ မောင်မျိုးမင်းထွန်း-မနန္ဒာအေး၊ ဒေါက်တာမေသန္တာအေး(အကြိုဖေယျ-၃၇)၊ မောင်မင်းသုဟန်၊ မောင်ကျော်ဇောလင်း(Fan Xin Yu) တို့၏အဘိုးသည် ၂၆-၂-၂၀၁၃ရက် နံနက် ၆နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၄-၃-၂၀၁၃ရက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးအေး(ခ)ဦးဖေခက်

(စာရေးဆရာ မြေရိုင်း)

အသက်(၇၁)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ ရန်အောင်လမ်းသွယ်(၆)၊ တိုက်အမှတ် ၂၆၉၊ အခန်း ၂၁နေ (ဦးဘဆိုင်-ဒေါ်ရှုခင်)တို့၏သား၊ ဒေါ်မြမြဌေး၏ခင်ပွန်း၊ ဦးဟန်စိုးအောင်-ဒေါ်အေးမြတ်မွန်၊ ဒေါက်တာသပြေမွန်[လက်ထောက်ဆရာဝန်၊ အမှတ်(၁)ဆေးဝါးစက်ရုံ၊ ရန်ကုန်]တို့၏ဖခင်၊ မောင်ကောင်းဉာဏ်သစ်၏အဘိုးသည် ၂၆-၂-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၁၀နာရီတွင် သဃ်န်းကျွန်းစံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၂-၂၀၁၃ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးဖေခက်

(စာရေးဆရာ မြေရိုင်း)

အသက်(၇၁)နှစ်

ဆရာ အခုလိုမမျှော်လင့်ဘဲ ကျွန်တော်တို့ ကိုးယောက်အဖွဲ့ထဲက ဦးဆုံးထာဝရခွဲခွာသွားလို့ ကျွန်တော်တို့အားလုံး မိသားစုနဲ့ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲနေကြပါတယ်ဗျာ… (ဆရာ ကောင်းရာသုဂတိလားပါစေ)

ဦးအေးမောင်၊ ဦးခင်မောင်ချင်း၊
ဦးလှဟန်၊ ဦးတိုးလုံ၊
ဦးမျိုးဝင်း၊ ဒေါက်တာတင်အောင်ရွှေ၊
ဦးမောင်မောင်စိုး၊ ဦးမောင်လွင်

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး

ဒေါ်အေးအေးသန်း(စစ်တွေ)

အသက်(၅၉)နှစ်

လှိုင်သာယာမြို့နယ်နေ(ဦးအောင်လှ-ဒေါ်စိန်မဖြူ)တို့၏သမီး၊1-B-81၊နဝဒေးအိမ်ရာနေ ဦးလှမောင်၏ဇနီး၊ မအေးအေးမောင်-ကိုအောင်မင်းသန်း (လှကမ္ဘာဆေးဆိုင်)၊ ဒေါက်တာမေအေးမောင် (ယိုးတရုတ်တိုက်နယ် ဆရာဝန်၊ ပုဏ္ဏားကျွန်းမြို့နယ်၊ရခိုင်ပြည်နယ်)၊ ဒေါက်တာထွန်းကျော်မောင်(လက်ထောက်ဆရာဝန်၊ လှိုင်လင်ပြည်သူ့ဆေးရုံကြီး)-မရီရီမွန်(လှကမ္ဘာဆေးဆိုင်)တို့၏မိခင်၊မဆောင်းသီရိမောင်၏အဘောင်ရှင်သည် ၂၅-၂-၂၀၁၃ရက် မွန်းလွဲ ၁နာရီတွင် မဟာမြိုင်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၇-၂-၂၀၁၃ရက် မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃-၃- ၂၀၁၃ရက်တွင် 1-B-81၊ နဝဒေးရှော့ပေါက်စ်၊ လှိုင်သာယာမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးဆန်းအောင် (ရွှေပန်းထိမ်)

အသက်(၄၉)နှစ်

ရန်ကုန်မြို့၊ ၁၂၃လမ်း၊အမှတ် ၁၀၂၊ သုံးလွှာ(B)၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဦးမောင်အေး-(ဒေါ်စိန်သန်း)တို့၏သားကြီး၊ ဦးဆန်းအေး-ဒေါ်ချိုချိုလွင်၊ ဦးကျော်စိုး၊ ဦးဝျွန်ရီတို့၏အစ်ကို၊ ဒေါ်အေးအေးမြတ်၏ခင်ပွန်း၊ မောင်မင်းမင်းမြတ်၊ မောင်မျိုးကျော်ထွန်းတို့၏ဖခင်သည် ၂၆-၂-၂၀၁၃ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၂-၂၀၁၃ရက် (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်မြကြည် (မရမ်းကုန်း)

အသက်(၇၁)နှစ်

(ဦးအုန်းရွှေ - ဒေါ်သန်းရင်)တို့၏သမီး၊(ဦးခင်စိန်-ဒေါ်နှင်းအိ)တို့၏သမီးချွေးမ၊ အမှတ် ၂၁၊ ဝါဝါဝင်းလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်နေ (ဦးငွေလှ)၏ဇနီး၊ ဦးအောင်သင်း(မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)-ဒေါ်သီတာ၊ မသန်းသန်းဆွေ (Cost Controller, Royal Inlay Resort South Shan State)၊ ကိုဇော်ထွန်းတို့၏မိခင်၊ မခင်သင်းသင်းစိုး(မြန်မာ့လေကြောင်း၊ ပြည်ပထွက်ခွာဌာန)၏အဘွားသည် ၂၆-၂-၂၀၁၃ရက် (အင်္ဂါနေ့) ညနေ ၃း၄၅နာရီတွင် သုခကမ္ဘာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၂-၂၀၁၃ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

ဦးတင်မျိုးထွန်း(ခ) ဦးကျော်နိုင်ဦး

အသက်(၄၈)နှစ်

ရန်ကုန်မြို့၊ ကန်တော်ကလေး၊ မန္တလေးလမ်း၊ အမှတ် ၂၉၊ လေးလွှာ(B)နေ (ဦးတင်မောင်ဖြူ-ဒေါ်သန်းသန်း)တို့၏သားထွေး၊ (ဦးမြင့်ဆွေ-ဒေါ်သိန်းဝင်း)တို့၏သားသမက်၊ ဒေါ်ကေသီဆွေ၏ခင်ပွန်း၊ မခြူးစန္ဒီကျော်(ဒုတိယနှစ်၊ ကွန်ပျူတာတက္ကသိုလ်)၊ မောင်လူထူးကျော် (နဝမတန်း-A၊ အထက-၄၊ မင်္ဂလာတောင်ညွန့်)တို့၏ဖခင်၊ဦးရဲနိုင်ဦး၏ညီသည် ၂၅-၂-၂၀၁၃ရက် (တနင်္လာနေ့) နံနက် ၉း၄၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁-၃-၂၀၁၃ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ မေးလ် **mmalin.npt @ gmail.com**၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။ R/488

ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်း တရုတ်နိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာတရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီကျွင်းဟွာဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ခေတ်အဆက်ဆက် မြန်မာ-တရုတ် နှစ်နိုင်ငံခေါင်းဆောင်ကြီးများ၏ အမြော်အမြင်ကြီးမားမှု၊ နှစ်နိုင်ငံပြည်သူများ၏ ချစ်ကြည်ရင်းနှီးမှု၊ နှစ်နိုင်ငံသံအမတ်ကြီးများ၏ ကြိုးစားအားထုတ်မှုဖြင့် ရရှိလာသည့်အခြေခံကောင်းများဖြင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ဆက်လက်ခိုင်မာစွာ တိုးမြှင့်နိုင်ရေး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် စိတ်ရင်းစေတနာကောင်းများဖြင့် ဝိုင်းဝန်းကူညီနေမှုများ၊ ဆက်လက်ကူညီဆောင်ရွက်သွားမည့်လုပ်ငန်းစဉ်များအား ခင်မင်ရင်းနှီးစွာဖြင့် ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်၊ ဒုတိယဝန်ကြီး ဦးဇင်ယော်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

(သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာတရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီကျွင်းဟွာအား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ဒုတိယသမ္မတဦးညွန့်ထွန်း တရုတ်နိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

ဒုတိယသမ္မတ ဦးညွန့်ထွန်း တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာတရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီကျွင်းဟွာအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

(သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၂၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညွန့်ထွန်းသည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီကျွင်းဟွာ ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မိတ်ဆွေကောင်းနိုင်ငံတို့၏ အစဉ်အလာအတိုင်း နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးမြှင့်ခိုင်မာရေး၊ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များ၊ ပွင့်လင်းလူ့အဖွဲ့အစည်းထူထောင်မှုများ ပိုမိုအောင်မြင်စေရေးအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံက ပါဝင်ကူညီပံ့ပိုးနိုင်ရေး၊ စွမ်းအင်ကဏ္ဍ၊ အထူးစီးပွားရေးဇုန်များ၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် နှစ်နိုင်ငံအကျိုးရှိစွာ ပူးပေါင်းဆောင်ရွက်ရေးအတွက် ပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယသမ္မတ ဦးညွန့်ထွန်းနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်ယော်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

(သတင်းစဉ်)

ရန်ကုန်ယူနိုက်တက်အသင်း ပွဲဦးထွက်ဂိုးပြတ်အနိုင်ရ

➤ သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-စိုးညွန့် ➤

ရန်ကုန် ဖေဖော်ဝါရီ ၂၆

၂၀၁၃ AFC CUP ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ယနေ့စတင်ယှဉ်ပြိုင်ခဲ့ပြီး ရန်ကုန်ယူနိုက်တက်အသင်းသည် အင်ဒိုနီးရှားကလပ် ပါဆီဘိုအသင်းနှင့် သုဝဏ္ဏကွင်းတွင် ယှဉ်ပြိုင်ကစားရာ ရန်ကုန်ယူနိုက်တက်အသင်းမှာ အိမ်ကွင်း၌ ပွဲဦးထွက်ပွဲစဉ်တွင် ပါဆီဘိုအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ဧရာဝတီယူနိုက်တက်အသင်းသည် ယနေ့မြန်မာစံတော်ချိန် ၃နာရီခွဲတွင် ဗီွလိဂ်ကလပ် ဒါနန်းအသင်းနှင့် ဗီယက်နမ်နိုင်ငံတွင် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ရန်ကုန်တိုက်စစ်မှူး ဆီဇာ အင်ဒိုနီးရှားကလပ် ပါဆီဘိုအသင်းဘက်သို့ ခေါင်းတိုက်သွင်းရန် ကြိုးပမ်းနေစဉ်။

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

အမျိုးသားစီမံကိန်းဥပဒေကြမ်းအား ပြန်လည်ရေးဆွဲတင်ပြရန် အဆိုတင်သွင်းဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၂၆

ပထမအကြိမ်ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး(၁၄)ရက်မြောက်နေ့ကို ယနေ့တွင် အစီအစဉ်(၆)ခုဖြင့် ကျင်းပသည်။

အစည်းအဝေးတွင် **၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့် နောက်ဆက်တွဲ ၂(က)ဖြင့် တင်ပြထားသောစီမံကိန်း** အကြောင်းအရာများနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီက ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနနှင့် သတ္တုတွင်းဝန်ကြီးဌာနတို့က တင်ပြသော ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင်ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများနှင့် ရင်းနှီးမြှုပ်နှံမှုလျာထားချက်များ၊ လျှပ်စစ်ဝန်ကြီးဌာနမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း မပြီးပြတ်နိုင်သော စီမံကိန်း (၄)ခုအနက် ၆၆ ကေဗွီကျော-ဂန့်ဂေါ-ဟားခါး ဓာတ်အားလိုင်းစီမံကိန်း၊ ၆၆ကေဗွီ ပုသိမ်-ငွေဆောင် ဓာတ်အားလိုင်းစီမံကိန်းနှင့် ၆၆ ကေဗွီ ပေါက်-မင်းတပ် ဓာတ်အားလိုင်းစီမံကိန်းများတည်ဆောက်ရန်အတွက် ဘဏ္ဍာငွေများ ချထားပေးရန်ကိစ္စများကိုလည်းကောင်း၊ ပြည်သူ့လွှတ်တော်ပြုပြင်ပြောင်းလဲရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုစိစစ်ရေးကော်မတီက သမ္မတရုံးဝန်ကြီးဌာန၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းနောက်ဆက်တွဲ ၂(က) ပါ နိုင်ငံပိုင်အခန်းဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများနှင့်

စာမျက်နှာ ၇ ကော်လံ ၁ ❁